# ၂၀၀၇ ခုနှစ် တတိယလေးလပတ်
# ပြည်တွင်းတင်ပြချက်များ

**ရန်သူ၊ မိမိ အရှုံးအမြတ်နှင့် ထိတွေ့မှုဖြစ်စဥ်၊ အုပ်ချုပ်မှုဖြစ်စဥ်များ**

၁။ ၂၀၀၇ ခုနှစ် ဒုတိယလေးလပတ်နှင့် တတိယလေးလပတ်ကာလအတွင်း တပ်မတော်တစ်ရပ်လုံး ထိတွေ့မှုဖြစ်စဥ်၊ အုပ်ချုပ်မှုဖြစ်စဥ် အကျဥ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၀၀၇ (ဒု) | ၂၀၀၇(တ) |
|---|---|---|
| (က) ထိတွေ့မှုပေါင်း | ၂၅၇ | ၂၁၈ |
| (ခ) **ရန်သူ့အဆုံးအရှုံး** | | |
| (၁) ရန်သူ့အလောင်း | ၁၇၅ | ၁၆၁ |
| (၂) ဖမ်းမိ | ၃၇ | ၈ |
| (၃) လက်နက်မျိုးစုံ | ၂၀၂ | ၂၂၅ |
| (၄) **လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်မှု** | | |
| (កက) လူ | ၂၀ | ၂၄ |
| (ခခ) လက်နက်မျိုးစုံ | ၁၅ | ၅ |
| (ဂ) **မိမိအဆုံးအရှုံး** | | |
| (၁) ကျဆုံး (အရာရှိ) | ၃ | ၃ |
| (၂) ကျဆုံး (အခြားအဆင့်) | ၄၉ | ၅၈ |
| (၃) ဒဏ်ရာရ (အရာရှိ) | ၇ | ၂၀ |
| (၄) ဒဏ်ရာရ (အခြားအဆင့်) | ၇၈ | ၁၅၈ |
| (၅) လက်နက်မျိုးစုံ | ၄ | ၁၆ |
| (ဃ) **အုပ်ချုပ်မှုဖြစ်စဥ်များ** | | |
| (၁) **မိုင်းဖြစ်စဥ်များ** | | |
| (កက) မိမိမိုင်းနင်းပေါက်ကွဲမှု | ၃ | - |
| (ခခ) ရန်သူ့မိုင်းနင်းပေါက်ကွဲမှု | ၂၀၉ | ၁၇၉ |

| | | ၂၀၀၇ (ဒု) | ၂၀၀၇(တ) |
|---|---|---|---|
| | (ဂဂ) ကျဆုံး(အရာရှိ) | ၁ | ၁ |
| | (ဃဃ) ကျဆုံး (အခြားအဆင့်) | ၃၆ | ၁၅ |
| | (ငင) ဒဏ်ရာရ (အရာရှိ) | ၂၆ | ၉ |
| | (စစ) ဒဏ်ရာရ (အခြားအဆင့်) | ၂၁၃ | ၁၈၇ |
| (၂) | **မိမိကိုယ်မိမိ ပစ်ခတ်မှု၊ အချင်းချင်းပစ်ခတ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှု** | | |
| | (ကက) မိမိကိုယ်မိမိပစ်ခတ်မှု | ၇ | ၁၄ |
| | (ခခ) အချင်းချင်းပစ်ခတ်မှု | ၃ | ၆ |
| | (ဂဂ) သေဆုံး (အခြားအဆင့်) | ၇ | ၁၈ |
| | (ဃဃ) ဒဏ်ရာရ (အခြားအဆင့်) | ၃ | ၃ |
| (၃) | **ငှက်ဖျားဖြင့်သေဆုံးမှု** | ၁၆ | ၁၃ |
| (၄) | **ရေနစ်သေဆုံးမှု** | ၂၆ | ၉ |
| (၅) | **လက်နက်ဖြင့်ခွင့်မဲ့ပျက်ကွက်မှု** | | |
| | (ကက) ခွင့်မဲ့ပျက်ကွက်ဦးရေ | ၄၁ | ၃၀ |
| | (ခခ) လက်နက်မျိုးစုံ | ၅၅ | ၃၇ |
| (၆) | **အခြားဖြစ်စဉ်များ** | | |
| | (ကက) သေဆုံး (အရာရှိ/အခြားအဆင့်) | ၁၀၀ | ၁၂၇ |
| | (ခခ) ဒဏ်ရာရ (အရာရှိ/အခြားအဆင့်) | ၁၂၀ | ၁၁၇ |
| (၇) | **မတော်တဆကျည်ထွက်မှု** | | |
| | (ကက) အကြိမ်အရေအတွက် | ၁၅ | ၂၄ |
| | (ခခ) သေဆုံး (အရာရှိ/အခြားအဆင့်) | ၅ | ၆ |
| | (ဂဂ) ဒဏ်ရာရ (အရာရှိ/အခြားအဆင့်) | ၁၂ | ၁၇ |
| (၈) | **ယာဉ်တိမ်းမှောက်မှု** | | |
| | (ကက) အကြိမ်အရေအတွက် | ၁၂ | ၁၆ |
| | (ခခ) သေဆုံး (အရာရှိ/အခြားအဆင့်) | ၂ | ၆ |
| | (ဂဂ) ဒဏ်ရာရ (အရာရှိ/အခြားအဆင့်) | ၃၀ | ၁ |

၂။ ၂၀၀၇ ခုနှစ် ဒုတိယနှင့် တတိယလေးလပတ်ကာလအတွင်း စစ်ဆင်ရေးတာဝန် ထမ်းဆောင်သည့် တိုင်းစစ်ဌာနချုပ် ၅ ခု၏ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ရန်သူ၊ မိမိအရှုံးအမြတ်နှင့် သုံးသပ်ချက်များကို နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြအပ်ပါသည်။

၃။ ၂၀၀၇ ခုနှစ် ဒုတိယလေးလပတ်ကာလအ တွင်း တပ်မတော်တစ်ရပ်လုံးအနေဖြင့် တွေ့ဆုံပစ် ၂၅၇ ကြိမ်၊ မိုင်းဆွဲတိုက် ၂၅ ကြိမ်၊ ပစ်ခတ်ဖမ်းဆီး ၂၅ ကြိမ်၊ နှောက်ယှက်ပစ် ၄၁ ကြိမ်၊ ဖော်ထုတ်ရှင်းလင်း ၂၀၁ ကြိမ်နှင့် မိုင်းဖြစ်စဉ် အကြိမ်ပေါင်း ၂၁၂ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ထိတွေ့မှုဖြစ်စဉ်များကြောင့် မိမိ အဆုံးအရှုံးမှာ အရာရှိ ၃ ဦး၊ အခြားအဆင့် ၄၉ ဦး၊ စုစုပေါင်း ၅၂ ဦး ကျဆုံးခဲ့ပြီး အရာရှိ ၇ ဦး၊ အခြားအဆင့် ၇၈ ဦး၊ စုစုပေါင်း ၈၅ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုင်းဖြစ်စဉ်များကြောင့် အရာရှိ ၁ ဦးနှင့် အခြားအဆင့် ၃၆ ဦး ကျဆုံးခဲ့ပြီး၊ အရာရှိ ၂၆ ဦးနှင့် အခြားအဆင့် ၂၀၃ ဦး၊ စုစုပေါင်း ၂၃၉ ဦး ဒဏ်ရာရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

၄။ ၂၀၀၇ ခုနှစ် တတိယလေးလပတ်ကာလအတွင်း တပ်မတော်တစ်ရပ်လုံး အနေဖြင့် တွေ့ ဆုံတိုက် ၅ ကြိမ်၊ တွေ့ဆုံပစ် ၂၁၃ ကြိမ်၊ မိမိစခန်းတိုက် ၁ ကြိမ်၊ မိုင်းဆွဲတိုက် ၂၉ ကြိမ်၊ ဖော်ထုတ်ရှင်းလင်း ၇၃ ကြိမ်၊ ပစ်ခတ်ဖမ်းဆီး ၂၆ ကြိမ်၊ နှောင့်ယှက်ပစ် ၂၇ ကြိမ်နှင့် မိုင်းဖြစ်စဉ်အကြိမ်ပေါင်း ၁၇၉ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ထိတွေ့မှုဖြစ်စဉ်များကြောင့် မိမိအဆုံးအရှုံးမှာ အရာရှိ ၃ ဦးနှင့် အခြားအဆင့် ၅၈ ဦး၊ စုစုပေါင်း ၆၁ ဦး ကျဆုံးခဲ့ပြီး အရာရှိ ၂၀ ဦးနှင့် အခြားအဆင့် ၁၅၈ ဦး စုစုပေါင်း ၁၇၈ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုင်းဖြစ်စဉ်များကြောင့် အရာရှိ (၁)ဦးနှင့် အခြားအဆင့် (၁၅)ဦး၊ စုစုပေါင်း (၁၆)ဦး ကျဆုံးခဲ့ပြီး၊ အရာရှိ ၉ ဦးနှင့် အခြားအဆင့် ၁၈၇ ဦး၊ စုစုပေါင်း ၁၉၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ထိတွေ့မှုနှင့် မိုင်းဖြစ်စဉ် များသည် တော င်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ အများဆုံးဖြစ်ပွားခဲ့ပြီး ကျဆုံး၊ ဒဏ်ရာရရှိမှုမှာလည်း အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

၅။ ဖြစ်စဉ်များအား သုံးသပ်ရာတွင် ရန်သူဆောင်ရွက်လေ့ရှိသော စစ်နည်းဗျူဟာများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရန်သူသည် အင် အားအလုံးအရင်းနှင့် တိုက်ခိုက်ခြင်းမျိုး မတွေ့ရှိရဘဲ မိမိတပ်၊ စစ်ကြောင်း/တပ်ခွဲများ၏လှုပ်ရှားသွားလာမှုအား အင်အား(၃/၄)ဦးခန့်ဖြင့် အဖွဲ့ငယ်များခွဲ၍လည်းကောင်း၊ အမာခံရွာပုန်းသားများဖြင့် နောက်ယောင်ခံ လိုက်လံ ချောင်းမြောင်းခြင်း၊ ကင်းထောက်အဖွဲ့များထားပြီး စော င့်ကြည့်သတင်းရယူခြင်း၊ ကင်းထောက်အဖွဲ့နှင့် တိုက်ခိုက်ရေးအဖွဲ့တို့မှ အိုင် ကွန်ဖြင့် ဆက်သွယ်၍ မိမိစစ်ကြောင်းများ ဦးတည်ရာလမ်းကြောင်းတွင် မိုင်းထောင်ခြင်း၊ မိုင်းဆွဲ၍ တိုက်ခိုက်ခြင်းများ တွေ့ရှိရပါသည်။

(ခ) ရန်သူသည် မိမိတပ်အား ချောင်းမြောင်းတိုက်ခိုက်ခြင်း ၊ ဆွဲမိုင်းများဖြင့် တိုက်ခိုက်ခြင်းများ ပြုလုပ်ရာတွင် ၎င်းတို့ ဆုတ်လမ်းသာသည့်နေရာများ၊ အထူးသဖြင့် လျှိုရှိသည့်အခြမ်း၊ တံတားအကူး၊ ချောင်းအကူး၊ လမ်းအကွေ့များနှင့် လုပ်လေ့လုပ်ထ အောင်မြင်မှုရရှိခဲ့သည့်နေရာများတို့တွင် တိုက်ခိုက်လေ့ရှိပါသည်။

(ဂ) ရန်သူသည် ၎င်းတို့အတွင်းပိုင်းသို့ တပ်များ ဝင်ရောက်ရှင်းလင်းပါက အာရုံပြောင်းစေရန်အတွက် မိမိ အတွင်းပိုင်းနယ်မြေမှ တပ်/စခန်းနှင့် ကျေးရွာများသို့ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ရန်သူသည် အခိုင်အမာ ခံစစ်စ ခန်းတည်ဆောက်ထားခြင်းမရှိသော်လည်း မိမိ တပ်များ သွားလာမှုနည်းသည့် နေရာများတွင် ရွာပုန်းများထားရှိပြီး ရွာများအား ကာကွယ်ရန်အတွက် မိမိတပ်များ ဝင်ရောက်လာနိုင်သောလမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ကင်းထောက်အဖွဲ့များထားရှိပြီး သတင်းကြိုတင်ရရှိအောင်စီမံ၍ မိမိတပ် များအား ကျုံးသွင်းတိုက်ကွက်ဖော်ခြင်းများ တွေ့ရှိရပါသည်။ ရိက္ခာယာဉ်တန်း စုပုံနေချိန်များတွင် လမ်းလုံခြုံရေးဆောင်ရွက်သည့် မိမိတပ်အများစုမှာ စိုးမိုးကုန်းများတွင် လုံခြုံရေးဆောင်ရွက်ကြသဖြင့် လုံခြုံရေး အားနည်းသည့်နေရာများမှ ချောင်းမြောင်း ပစ်ခတ်ခြင်း၊ လုံခြုံရေးယူတတ်သည့် စိုးမိုးကုန်းများတွင် မိုင်းထောင်ခြင်းများနှင့် မိမိတပ်သွားလာရှင်းလင်းမှုနည်းသည့် လျှိုများအတွင်း ပုန်းအောင်းကာ အလစ်အငိုက်ယူ တိုက်ခိုက်ခြင်းများ တွေ့ရှိရပါသည်။

၆။ ရန်သူလုပ်ဆောင်လေ့ရှိသော စစ်နည်းဗျူဟာအရ မိမိတပ်များမှအောက်ပါအတိုင်းလုပ်ဆောင်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည် -

(က) မိမိအမာခံများ မွေးမြူ၍ ရန်သူ့သတင်းအား နည်းမျိုးစုံဖြင့် ဖော်ထုတ်ရယူသွားရန်နှင့် မိမိ သတင်းလုံခြုံမှုရှိ ရေးအတွက် သမားရိုး ကျ စစ်ကြောင်းအလိုက် ချီတက်နေမှု အစား အဖွဲ့ငယ်များဖွဲ့စည်း၍ ပျောက်ကျားနည်း၊ တန်ပြန်ပျောက်ကျားနည်း တို့ဖြင့် စစ်နည်းဗျူဟာမြောက် လှုပ်ရှားသွားရန်၊ ရန်သူ့အင်အားအပေါ် မူတည်၍ **"ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း"** သွားရန် လိုအပ်ပါသည်။

(ခ) မိုင်းထိဖြစ်စဉ်များ လျော့နည်းစေရေးအတွက် မိုင်းသင်ခန်းစာများ ပို့ချပေးခြင်းအားဖြင့် မိုင်းကျွမ်းကျင်မှုရှိလာပြီး စစ်သည် အ ဆင့်အတန်းအားလုံး မိုင်းအသိ၊ မိုင်းသတိရှိလာကာ သမားရိုးကျလမ်းကြောင်းများအတိုင်း အသုံးမပြုဘဲ ရန်သူမမျှော်လင့်သည့် လမ်းကြောင်းများမှ စစ်နည်းဗျူဟာမြောက် ချီတက်၍ ရန်သူ့မိုင်း ထောင်အဖွဲ့များအား လက်ဦးမှုရယူ ချေမှုန်းခြင်း၊ တန်ပြန် မိုင်းစစ်ဆင်ခြင်းများ ပြုလုပ်နိုင် ရေးတို့ အတွက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

( ဂ ) သောင်းကျန်းသူများသည် ပြည်သူလူထုအတွင်း ရောနှောနေထိုင်လျှက်ရှိတတ်သဖြင့် သောင်းကျန်းသူအမာခံများအား ပြည်သူလူထုနှင့် ကင်းကွာလာအောင် နယ်မြေလူထုအား စည်းရုံးသွားရန်နှင့် မိမိစစ်ဆင်ရေး နယ်မြေ အတွင်းသို့ အလင်းဝင်ရောက်လာသည့် သောင်းကျန်းသူများအား လိုအပ်သည့် ထောက်ပံ့မှုများ ကူညီဆောင်ရွက်ပေးပြီး ထိရောက်စွာဝါဒဖြန့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ဃ) စစ်သည်အဆင့်အတန်းအားလုံး စစ်ရေးအသိ၊ စစ်ရေးသတိထားရှိပြီး စစ်ဆင်ရေးနယ်မြေအတွင်း ရန်သူ့အမာခံများဖော်ထုတ်ခြင်း၊ မိမိအမာခံများမွေးမြူခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး(၅)ရပ်ကို ပီပီပြင်ပြင်ဆောင်ရွက်၍ နယ်မြေခံပြည်သူလူထုမှတပ်မတော်နှင့်နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှုရှိအောင် အလေးထားဆောင်ရွက်သွားရန်နှင့် ပြည်သူပါမှ စစ်နိုင်မည်ဖြစ်၍ **“တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်”** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားကာ ပြည်သူ့စစ်မဟာဗျူဟာပါ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကျင့်သုံးသွားရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကြက်ဆူပင်စိုက်ပျိုးခြင်း**

၇။ တင်ပြပါကာလအတွင်း တိုင်းစစ်ဌာနချုပ်များသည် ၂၀၀၇ ခုနှစ်အတွက် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန် ၉၃၄၂၁ ဧက လျာထားခဲ့ပြီး တတိယလေးလပတ်ကာလအထိ ၇၉၀၂၉ ဧက (၈၅%) စိုက်ပျိုးပြီးစီးခဲ့ပါသည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၃ နှစ်စီမံကိန်းအတွက် ၂၆၃၅၇၅ ဧကလျာထားခဲ့ပြီး ၁၇၀၅၆၃ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် လျာထားချက်၏ ၆၅ % စိုက်ပျိုးနိုင်ခဲ့ပါသည်။

၈။ တင်ပြပါ လေးလပတ်ကာလအတွင်း တိုင်းစစ်ဌာနချုပ်များ၏ စိုက်ပျိုးပြီးစီးမှု စာရင်းအရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် အများဆုံးစိုက်ပျိုးနိုင်ခဲ့ပါသည်။

၉။ တိုင်းနှင့်ပြည်နယ်များသည် ၂၀၀၇ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရန် ၂၈၅၁၅၇၀ ဧက လျာထားခဲ့ပြီး တတိယလေးလပတ်ကာလအထိ ၁၈၅၃၅၇၀ ဧက(၆၅ %) စိုက်ပျိုးပြီးစီးခဲ့ပါသည်။ တိုင်းနှင့်ပြည်နယ်များအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ(၃)နှစ်စီမံကိန်းအတွက် ၈၄၈၃၂၆၀ ဧက လျာထားခဲ့ပြီး ၃၄၀၀၇၁၂ ဧကစိုက်ပျိုးပြီးစီးခဲ့သဖြင့် လျာထားချက်၏ ၄၀ % စိုက်ပျိုးပြီးစီးခဲ့ပါသည်။

၁၀။ တင်ပြပါ လေးလပတ်ကာလအတွင်း တိုင်းနှင့်ပြည်နယ်များ၏ စိုက်ပျိုးပြီးစီးမှု စာရင်းအရ မကွေးတိုင်းသည် ၃ နှစ် လျာထားဧကအား ကျော်လွန်အောင် အများဆုံးစိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းများမှာ လျာထားဧကများ ပြည့်မီအောင် စို က်ပျိုးရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

၁၁။ တင်ပြပါလေးလပတ်ကာလအတွင်းတိုင်းစစ်ဌာနချုပ်များ၏စိုက်ပျိုးပြီးစီးမှုအားနောက်ဆက်တွဲ ( ခ )ဖြင့် လည်းကောင်း၊ တိုင်းနှင့် ပြည်နယ်များ၏ စိုက်ပျိုးပြီးစီးမှုအား နောက်ဆက်တွဲ ( ဂ ) ဖြင့် လည်းကောင်း ဖော်ပြအပ်ပါသည်။

## စစ်သုံးဂျာကင်ထုတ်ပေးမှု

၁၂။ ၂၀၀၇ ခုနှစ် တတိယလေးလပတ်ကာလအတွင်း အရာရှိသုံး ပစ္စည်းအရောင်းဆိုင် ၂၃ ဆိုင် မှ စစ်သုံးဂျာကင်(ပြောက်ကျား)(၁)အရာရှိ ၄၈၁၀ ထည် ရောင်းချပေးနိုင်ခဲ့ပြီး တပ်မတော်လက်ကျန် ၉၆၀၆ ထည် ဖြစ်ပါသည်။

၁၃။ စစ်သုံးဂျာကင်(ပြောက်ကျား) (၁)အခြားအဆင့်များအား သတ်မှတ်မူဝါဒနှင့်အညီ ချမ်းအေးဒေသရှိတပ်များ၊ ချမ်းအေးဒေသသို့ စစ်ဆင်ရေးဝင်ရောက်သည့် တပ်များနှင့် တပ်မတော်စစ်ကျောင်းကြီးများသို့ ၂၀၀၇ ခုနှစ် တတိယလေးလပတ်ကာလအတွင်း ၄၂၄၇ ထည် ထုတ်ပေးခဲ့ပြီး တပ်မတော်အထည်ချုပ်စက်ရုံမှ စစ်သုံးဂျာကင် (ပြောက်ကျား)(၁) အခြားအဆင့် ၃၂၅၀ ထည် ထုတ်လုပ်ခဲ့၍ ဒီဇင်ဘာလကုန်အထိ တပ်မတော်လက်ကျန် ၁၉၀၁၂ ထည်ဖြစ်ပါသည်။ စစ်သုံးဂျာကင် (ပြောက်ကျား)(၁) အခြားအဆင့်အား အောက်ပါအတိုင်း ပထမအကြိမ် ထုတ်ပေးခြင်းနှင့် အစားထိုးထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည် -

| စဉ် | တိုင်း | တပ်ရင်း/တပ်ဖွဲ့ | ပထမအကြိမ် | အစားထိုး |
|---|---|---|---|---|
| ၁။ | နပတ | ၂ | ၇၈ | - |
| ၂။ | မပခ | ၇ | ၁၀၀ | ၄၅၃ |
| ၃။ | ရမခ | ၉ | - | ၈၇၂ |
| ၄။ | တသခ | ၁၂ | ၆၉ | ၉၂၄ |
| ၅။ | ရပခ | ၇ | ၂၉ | ၂၆၇ |
| ၆။ | နပခ | ၂ | - | ၆၇ |
| ၇။ | နမခ | ၄ | - | ၁၉၇ |
| ၈။ | လပခ | ၂ (စတသ/တနတ) | ၄၈၄ | ၅၄၃ |
| ၉။ | တပခ | ၂ | - | ၁၆၄ |
| | | ၄၅ | ၇၆၀ | ၃၄၈၇ |

# ပြည်ပတင်ပြချက်များ
## နယ်နိမိတ်ဆိုင်ရာ တင်ပြချက်များ

၁။ **မြန်မာ-အိန္ဒိယနယ်နိမိတ်**။ ၂၀၀၇ ခုနှစ်၊ တတိယလေးလပတ်ကာလအတွင်း (၆)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးခြင်းဆိုင်ရာ နှစ်ဘက်မြေတိုင်းညွှန်ကြားရေးမှူးများ အစည်းအဝေးကို မြန်မာနိုင်ငံ၊ တမူးမြို့တွင် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ မြေတိုင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေ ဦးဆောင်သော မြေတိုင်းဦးစီးဌာန အဖွဲ့ဝင် ၃ ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်အဖြစ် ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ကလေး)မှ စစ်ဦးစီးမှူး (ပထမတန်း)(ဦး/ရေး/ထောက်)ဒုတိယဗိုလ်မှူးကြီး တင်ထွဋ် တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ၂၀၀၆-၂၀၀၇ ပြုပြင်ရန် ကျန်ရှိသည့် မှတ်တိုင် ၁၇၆၊ ၁၇၈၊ ၁၇၉ နှင့် ၁၈၃ စုစုပေါင်း ၄ တိုင်အား လာမည့် ကွင်းဆင်းရာသီ ဖြစ်သော ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ စတင်၍ ကွင်းဆင်းဆောင်ရွက်ရန် နှစ်ဘက် ညှိနှိုင်းခဲ့ပါသည်။

၂။ **မြန်မာ-တရုတ်နယ်နိမိတ်**။ ၂၀၀၇ ခုနှစ်၊ တတိယလေးလပတ်ကာလအတွင်း မြန်မာ -တရုတ် နယ်နိမိတ်ကိစ္စရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးပြုပြင်ရန်ကိစ္စ** ။ ၎င်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်သည့် အစည်းအဝေးတစ်ရပ်အား မြန်မာနိုင်ငံ (သို့မဟုတ်) တရုတ်နိုင်ငံတွင် ကျင်းပရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရုတ် သံရုံးသို့ ၁၄-၉-၂၀၀၇ ရက်နေ့တွင် ညှိနှိုင်း အကြောင်းကြား ဆောင်ရွက်လျှက်ရှိပြီး ပူးတွဲစစ်ဆေးရေးလုပ်ငန်းများအား ၂၀၀၈ ခုနှစ် အနီးကပ်ဆုံး ပွင့် လင်းရာသီတွင် ဆောင်ရွက်ရန် ၁၆-၁၁-၂၀၀၇ ရက်နေ့တွင် မြန်မာ သံရုံး ပေကျင်း မှတဆင့် တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။

( ခ ) **မြန်မာ-တရုတ်နယ်နိမိတ်အဖြစ်သတ်မှတ်ထားသောငေါ့ချောင်းခချောင်းရေလမ်းကြောင်း ပြောင်းလဲမှုကိစ္စ**။ မြန်မာ-တရုတ် (၁၆)ကြိမ်မြောက် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် တရုတ်ဘက်မှ နယ်နိမိတ်မှတ်တိုင် ၂၁ နှင့် ၂၂ အကြား နယ်နိမိတ် အဖြစ် သတ်မှတ်ထားသော ငေါ့ချောင်းခချောင်း ရေလမ်းကြောင်း ပြောင်းလဲနေသဖြင့် ၎င်းတို့ အထက်ဌာနသို့ တင်ပြထားကြောင်းနှင့် မြန်မာဘက်မှလည်း အထက်ဌာနသို့ တင်ပြ စစ် ဆေးစေလိုကြောင်း ဆွေးနွေးလာမှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြေတိုင်းဦးစီးဌာနသို့ ကွင်းဆင်း စစ်ဆေးပေးရေး မေတ္တာရပ်ခံခဲ့မှုအပေါ် မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး

ဦးကျော်ဆွေ ဦးစီးသော အဖွဲ့သည် ၂၃-၁၁-၂၀၀၇ ရက်နေ့မှ ၁-၁၂-၂၀၀၇ ရက်နေ့ အထိ ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ပါသည်။

(၁) ကွင်းဆင်းစစ်ဆေးမှုအရ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည် -

(ကက) စုစုပေါင်း မြေသားဆုံးရှုံးမှုမှာ တရုတ်နိုင်ငံဘက်မှ ၃.၅ ဧကခန့်နှင့် မြန်မာ နိုင်ငံဘက်မှ ၂.၆ ဧကခန့် ရှိကြောင်း။

( ခ ခ ) မြန်မာဘက်ကမ်း ခမ (ဇက်-၃၆၂၄၄၉)အနီး တရုတ်ဘက်ကမ်းနှင့် ကပ်လျက် ချောင်းအတွင်း ကျောက်စည်ရေကနအသွင်မျိုး ပြုလုပ်ထားပြီး တရုတ်နိုင်ငံဘက်ကမ်းရှိ စက်ရုံမှ ဘေးထွက်စွန့်ပစ်ပစ္စည်းများ စွန့်ပစ် နိုင်ကြောင်း။

(၂) စစ်ဆေးတွေ့ရှိချက်များအရ သုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကက) ချောင်းအတွင်းဖြစ်ပေါ်လာသည့် သောင်ခုံများပေါ်တွင် မည်သည့်ဒေသခံ ကျေးလက်ပြည်သူများမှ ထွန်ယက်စိုက်ပျိုးမှု မပြုလုပ်သင့်ကြောင်း။

( ခ ခ ) ရေလမ်းကြောင်းပြောင်းလဲမှု ဖြစ်ထွန်းစေနိုင်သော ကျောက်စီရေကာ အသွင်မျိုး ချောင်းအတွင်း တည်ဆောက်ခြင်း မပြုသင့်ကြောင်း။

( ဂ ဂ ) ချောင်းတစ်လျှောက် အထောက်အထား နယ်နိမိတ်မှတ်တိုင်များ ထပ်မံ ပူးတွဲစိုက်ထူသင့်ပြီး ငွေ့ချောင်းခချောင်းပြ နယ်နိမိတ်မြေပုံအား(၁း၅၀၀၀) စကေးနှင့် စကေးကြီးမြေပုံများ ပူးတွဲရေးဆွဲသင့်ကြောင်း။

၃။ **မြန်မာ-လာအိုနယ်နိမိတ်**။ ၂၀၀၇ ခုနှစ်၊ တတိ ယ လေးလပတ်ကာလအတွင်း မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အဌမအကြိမ်အစည်းအဝေးကို လာအိုနိုင်ငံ၊လွမ်ပရာဘန် မြို့တွင် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ မှ ၃၁ ရက်နေ့ထိ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဝန်ကြီး ဦးဉာဏ်ဝင်း ဦးစီး ၁၁ ဦး တက်ရောက်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စီမံရေးဌာနခွဲမှ ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းထွန်း အဖွဲ့ဝင်အဖြစ် လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင်

(က) နိုင်ငံရေးနှင့် လုံခြုံရေး။

( ခ ) စီးပွားရေးနှင့် ကုန်သွယ်ရေး။

( ဂ ) ပညာရေးနှင့် လူမှုရေး၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု။

(ဃ) အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် သွားရန် သဘောတူ ဆောင်ရွက်ခဲ့ပါသည်။

၄။ **မြန်မာ-ထိုင်းနယ်နိမိတ်**။ ၂၀၀၇ ခုနှစ်၊ တတိယလေးလပတ်ကာလအတွင်း မြန်မာ-ထိုင်းနယ်နိမိတ်ကိစ္စရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ) အကြီးစားပြင်ဆင်ရန်ကိစ္စ**။ ၎င်းကိစ္စနှင့်ပတ်သက်၍ ၁၅-၆-၂၀၀၇ ရက်နေ့တွင် ပြင်ဆင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ထိုင်းနိုင်ငံ၏ အဆိုပါဒေသအတွင်း ၁၅ ရက်ခန့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ သောကြောင့် ထိုင်းဖက်မှ တံတားပြင်ဆင်ရေးကိစ္စအား ၁၁-၁၁-၂၀၀၇ ရက်နေ့အထိ ထပ်မံတိုးမြှင့် ဆောင်ရွက်လိုကြောင်း ရန်ကုန်မြို့ရှိ ထိုင်း သံရုံးမှတစ်ဆင့် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပြီး ခွင့်ပြုပေးနိုင်ပါရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တင်ပြလာမှုအပေါ် ၃၁-၁၀-၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၃၅/၃-အရ (၄)/ဦး ၆ ဖြင့် ခွင့်ပြုကြောင်း အကြောင်းပြန်ခဲ့ပါသည်။

( ခ ) **မြန်မာ-ထိုင်းနယ်စပ် ဘီပီ-၁ စခန်းအနီး နယ်စပ်ဂိတ် ဝင်/ထွက်ပေါက် နှစ်နိုင်ငံ ခြံစည်းရိုးကာရံခြင်းကိစ္စ**။ မြန်မာ-ထိုင်းနယ်စပ် ဘီပီ-၁ စခန်းအနီးနှင့် မျက်နှာချင်းဆိုင် ထိုင်းနိုင်ငံဘက်တွင် သံဆူးကြိုးကာရံခြင်းအား ၃၀-၁၀-၂၀၀၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည့် ကိစ္စအား ကာကွယ်ရေဦးစီးချုပ်ရုံး (ကြည်း)စစ်ဆင်ရေးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လိုအ ပ်သည်များ ဆောင်ရွက်နိုင်ရန် အကြောင်းကြား ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီဌာနမှ နှစ်ဘက်ပူးတွဲ နယ်နိမိတ်ကော်မတီအစည်းအဝေးမှတ်တမ်းပါ “နယ်နိမိတ် မသတ်မှတ်ရသေးသည့် နေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မှ ရှောင်ကြဉ်ရန် ” သဘောတူညီချက်အား ဖော်ထုတ်၍ ထိုင်းဘက် သို့ ထိုင်းသံရုံးမှ တစ်ဆင့် အကြောင်းကြားခဲ့ပါသည်။

၅။ **မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်** ။ ၂၀၀၇ ခုနှစ်၊ တတိယလေးလပတ်ကာလအတွင်း မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်ကိစ္စရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ် ဖြည့်စွက်အခြေပြစာ ချုပ် (၂၀၀၇)မူကြမ်း ညှိနှိုင်း အစည်းအဝေးကိစ္စ**။

(၁) မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဖြည့်စွက်အခြေပြစာချု ပ် (Supplementary Protocol) (၂၀၀၇)မူကြမ်းအား ညှိနှိုင်းဆွေးနွေးသွားရန်အတွက် နှစ်ဘက်ကျွမ်းကျင်သူအဆင့် အစည်းအဝေးကို ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီး ဌာနရုံး(နောက်ချန်)တွင် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား ကာကွယ် ရေးဦးစီးချုပ်ရုံး(ရေ)မှ

မောရဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်ဦးလွင် နှင့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ ရှ်မြေပြင်အရာရှိချုပ် ဗိုလ်မှူးချုပ် Mohd Habbiur Rahman Khan , PSC တို့မှ ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတွင် -

(ကက) ဖြည့်စွက်အခြေပြစာချုပ်တွင်ဖော်ပြမည့် ကိုဩဒိနိတ်ကိန်းဂဏန်းများကို နှစ်ဘက် ပူးတွဲစစ်ဆေးအတည်ပြုခြင်း။

( ခ ခ ) ၁၉၈၀ ပြည့်နှစ် ဖြည့်စွက် အခြေပြစာချုပ်တွင် ပူး တွဲဖော်ပြသည့် နယ်နိမိတ် ရေပုံ ၃ ချပ်ကို အ ခြေခံ၍ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင် အသစ်များ၏တည်နေရာကို ထည့်သွင်းဖော်ပြရေး ၊ နှစ်ဘက်တိုင်းတာရေး။

( ဂ ဂ ) ခေါင်းဆောင်များက ၂၀၀၈ ခုနှစ် နှစ်ဆန်း ပိုင်းတွင် ဒါကာမြို့၌ အတည်ပြုလက်မှတ်ရေးထိုးရေးကိစ္စဆောင်ရွက်နိုင်ရန် နှစ်ဘက်ညှိနှိုင်းခြင်း။

(ဃဃ) ကုန်းပိုင်းနယ်နိမိတ်ရှိ ထပ်တိုးနယ်နိမိတ်မှတ်တိုင် ၁၃၉ တိုင် စိုက်ထူရေး ကိစ္စကို မြန်မာဘက်က သံတမန်လမ်းကြောင်းမှတစ်ဆင့် အသိပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

(၂) ညှိနှိုင်းဆွေးနွေးပွဲတွင် ရေရှည်အစီအစဉ်အနေဖြင့် နတ်မြစ်နယ်နိမိတ်ကြောင်း ပိုမိုပေါ်လွင်စေပြီး ဒေသနေပြည်သူများအနေဖြင့် နယ်နိမိတ်ကြောင်းသွယ်တန်းနေမှုကို လွယ်ကူစွာ နားလည်သဘောပေါက်စေရန်ရည်ရွယ်ချက်ဖြင့် လက်ရှိ နတ်မြစ်နယ်နိမိတ် ရေပုံများအပြင် နတ်မြစ် Boundary Strip Map များကို လိုအပ်ပါက ခွင့်ပြုချက်ရယူ၍ နှစ်ဘက်ပူးတွဲ ရေးဆွဲနိုင်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

( ခ ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် H.E.Md.Touhid Hossain က ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ၁၅၀၀ နာရီချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဉာဏ်လင်း အား ၎င်းတို့နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အတွင်း၌ တိုင်းတာရေးသင်္ဘောတစ်စီးသည် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့ရေပိုင်နက်အတွင်းမှ အမြန်ထွက်ခွာပေးရေး မေတ္တာရပ်ခံပေးရန် အကြောင်းကြားခဲ့ပြီး ၁၅၄၅ နာရီချိန်တွင် ဘင်္ဂလားဒေ့ ရှ်နိုင်ငံ၊

နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury က မြန်မာ သံအမတ်ကြီးအား စကားပြောကြေးနန်းဖြင့်ဆက်သွယ်၍ အဆိုပါ တိုင်းတာရေးသင်္ဘော ကို ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ်များမှ ဝိုင်းရံထားကြောင်း၊ နှစ်နိုင်ငံအကြား မလိုလားအပ် သည့် အခင်းပွားမှုများ မပေါ်ပေါက်စေရေးအတွက် သင်္ဘောအား အမြန်ဆုံး ဆုတ်ခွာ ပေးစေလိုကြောင်း ပြောကြားလာမှုအား တင်ပြလာခြင်းနှင့်ပတ်သက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ မှ "ကျူးလွန်ခြင်းမရှိက ရေနံ ကြောင့် နှစ်နိုင်ငံစကားပြောရာတွင် နောင် အခက်အခဲမရှိရေး ကြိုတင်ပြီး ပြောသင့် သည်များ ပြောထားရန်" မှတ်ချက်ပြုခဲ့သည်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲမှ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၇/၃၀၈/၃ (ခ)၂/ဦး ၁ ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပါသည်။

**နယ်နိမိတ်ကိစ္စများဆိုင်ရာအားနည်းချက်/အားသာချက်များ**

၆။ **နယ်နိမိတ်မှတ်တိုင်များအား ၃ လတစ်ကြိမ်စစ်ဆေးခြင်းကိစ္စ။** ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်တစ်လျှောက်တွင် စိုက်ထူထားသော နယ်နိမိတ်မှတ်တိုင်များအား ၃ လတစ်ကြိမ် စစ်ဆေးတွေ့ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပေးပို့ရန် အကြိမ်ကြိမ် အကြောင်းကြားထားပြီးဖြစ်သော်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့သာ ပေးပို့လာခဲ့ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပေးပို့လာခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၇။ နယ်နိမိတ်မှတ်တိုင်များသည် မြန်မာနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အလွန်အရေးပါသဖြင့် နယ်နိမိတ်မှတ်တိုင်များအား သေချာကြပ်မတ်၍ အလေးအနက်ထား စစ်ဆေးရန် လိုအပ်ပြီး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်းစစ်ဌာနချုပ်တို့မှ နယ်နိမိတ်မှတ်တိုင်များအား စနစ်တကျ ပုံမှန်စစ်ဆေးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် စစ်ဆေးသည့် အဖွဲ့ဝင်များအနေဖြင့် နယ်နိမိတ်မှတ်တိုင်များ၊ နယ်နိမိတ်စည်းမျဉ်း စည်းကမ်းများအား သေချာစွာ သိရှိနားလည်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## မြန်မာ-တရုတ် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ

၈။ ၂၀၀၇ခုနှစ်၊ တတိယ လေးလပတ်ကာလအတွင်း (၁၆) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသ ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံအတွင်း နှစ်ဘက်ကိုယ်စားလှယ်အဖွဲ့ ၆ ဖွဲ့ဖြင့် သတ်မှတ်နေရာများ၌ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

၉။ နှစ်နိုင်ငံဆွေးနွေးပွဲများတွင် ဦးဆောင်သူ၊ ကျင်းပသည့် ရက်စွဲ၊ နေရာများကို နောက်ဆက်တွဲ (ဃ)ဖြင့် ဖော်ပြထားပါသည်။

၁၀။ ဆွေးနွေးပွဲတွင်မြန်မာဘက်မှဆွေးနွေးခဲ့သည့်အချက်များမှ ထူးခြားသောဆွေးနွေးချက်များမှာ-

(က) တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အဖွဲ့ (၁)မိုင်းယန်းဒေသမှ ဆွေးနွေးချက်များမှာ (၁၅)ကြိမ်မြောက်အစည်းအဝေးတွင် တရုတ်ဘက်မှ ဆွေးနွေးသည့် မြန်မာနိုင်ငံ၊ မိုင်းလားမြို့နှင့် တရုတ်နိုင်ငံ၊ တာလော့မြို့ နယ်စပ်တွင် စိုက်ထူထားသည့် နယ် နိမိတ်ကျောက်တိုင် (၂၂၁) မြေမြုပ်နေမှုနှင့်ပတ်သက်၍ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် မြန်မာဘက်မှစစ်ဆေးရေးအဖွဲ့ဖြင့်သွားရောက်စစ်ဆေးတွေ့ရှိချက်အရနယ်နိမိတ်ကျောက်တိုင် (၂၂၁)မှာ မြေမြုပ်ခြင်း၊ ပျက်စီးခြင်းမရှိကြောင်း ။

( ခ ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အဖွဲ့ (၃) လောက်ကိုင်ဒေသမှ အောက်ပါအတိုင်း ဆွေးနွေးချက်များမှာ ကိန်းမခရိုင်၊ ပြင်ပဆက်ဆံရေး ဌာနမှ ၂၀၀၇ အောက်တိုဘာလမှ စတင်၍ မွမ်းမံပြင်ဆင်သွားရန် တရုတ်ကိုယ်စားလှယ်အဖွဲ့မှ ဆွေးနွေးခဲ့သည့် နယ်စပ်ကျောက်တိုင် ၈ တိုင်အား အထက်ဌာနသို့ တင်ပြထားရှိကြောင်း၊ မွမ်းမံမှုပြုရမည့် အခြေအနေအား မှတ်တမ်းအဖြစ်ထားရှိပြီး နောင်နှစ်နိုင်ငံ ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဖြင့် ပူးတွဲပြုပြင်မွမ်းမံ ဆောင်ရွက်ချိန်တွင် ထည့်သွင်းဆောင်ရွက်သွားခဲ့။

(ဃ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အဖွဲ့ (၄) မူဆယ်ဒေသမှ အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည် -

( ၁ ) တရုတ်ကိုယ်စားလှယ်အဖွဲ့မှ ဆွေးနွေးခဲ့သည့် နယ်စပ်ကျောက်တိုင်အမှတ် ၃၁/၁ အနီး မြန်မာဘက်မှ အမြင့် ၂ မီတာ၊ အလျား ၈၀ မီတာခန့်ရှိ ကျောက်တံတိုင်း ၁ ခု နယ်စပ်မျဉ်းမှ ၁၀ မီတာအတွင်း ကျရောက်နေ၍ ဖယ်ရှား ပေးစေလိုကြောင်း ဆွေးနွေးမှုအပေါ် စိစစ်ရာ KIO အဖွဲ့မှ ၎င်းတို့ပြုလုပ်ထားသည့် ဂေါက်ကွင်း ရေလွှမ်းမိုးမှု မဖြစ်စေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၂၈-၂-၂၀၀၇

ရက်နေ့တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်ခရိုင် ပြည်ပဆက်ဆံရေးဌာန မှ ကိုယ်စားလှယ်အဖွဲ့နှင့် KIO အဖွဲ့ မှုဗဟိုကော်မတီဝင် ဦးလမာဂွမ်းဖန်း ဦးဆောင်သည့်အဖွဲ့ ကျောက်တိုင်အမှတ် ၃၁/၁ သို့ ပူးတွဲသွားရောက်ကြည့်ရှုခဲ့ပြီး နှစ်ဦးသဘောတူညီချက်အရ စုစုပေါင်း ၅၃ မီတာ ဖြိုဖျက် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိအလျား ၂၇ မီတာမှာ နယ်နိမိတ် မျဉ်း ၁၀ မီတာအတွင်း ကျရောက်ခြင်း မရှိသည်ကို စိစစ်ပြန်ကြားခဲ့။

(၂) ရှမ်းသောင်းကျန်းသူ SSA(S)အဖွဲ့သည် ရင်း ၇၀၁ အမည်ဖြင့် မြန်မာနိုင်ငံ၊ မန်ဟီးရိုးမြို့နယ်ခွဲ၊ နှစ်နိုင်ငံနယ်စပ် မူဆယ်မြို့ နှင့် နမ့်ခမ်းမြို့နယ်ကြားရှိ ရွှေလီ ချိုင့်ဝှမ်းဒေသအား စိုးမိုးရန် လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းတို့ ပြုလုပ် လျှက်ရှိကြောင်း၊ တာဝန်ခံ ရှောက်ဟန် အပါအဝင် အဓိက ခေါင်း ဆောင် ၅ ဦး မှာ တရုတ်နိုင်ငံ ရွှေလီမြို့တွင် နေထိုင်လျှက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအား လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်နေသူများ ဖြစ်သည့်အတွက် ဖမ်းဆီးရမိရေး နှစ်နိုင်ငံ အောက်ခြေအဆင့် သတင်းဖလှယ် ညှိနှိုင်းဆောင်ရွက်သွားရန်။

(၃) ဗကပလက်ကျန်၊ ABSDF နှင့် NLDLA (မြောက်ပိုင်း) အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ ရွှေလီမြို့နှင့် ကျယ်ခေါင်မြို့များတွင် မြန်မာနိုင်ငံအား ဆန့်ကျင်သော ဝါဒဖြန့်စာရွက် စာတမ်းများဖြန့်ဝေခြင်း၊ အစည်းအဝေးများပြုလုပ်ခြင်း၊ အထိမ်း အမှတ်ပွဲများ ပြုလုပ်ခြင်းများလုပ်ဆောင်နေမှုအား တားဆီးအရေးယူပေးရန်။

(၄) တရုတ်ကိုယ်စားလှယ်အဖွဲ့မှ နယ်စပ်တစ်လျှောက် ရာဇဝတ်မှု ကျူးလွန်မှုများ ပပျောက်ရေးအတွက် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ အတွင်း နယ်စပ်ဒေသ၌ ရာဇဝတ်မှုနှိမ်နှင်းရေး လေ့ကျင့်မှုများဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးလာမှုအပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့ မှ နယ်စပ်အနီး စစ်ရေး / လုံခြုံရေးဆိုင်ရာ လေ့ကျင့်မှုပြုလုပ်ပါက မပြုလုပ်မီ တရုတ်နိုင်ငံဘက်တွင် လေ့ကျင့်ခန်း ပြုလုပ်မည့် နေရာ /အချိန်၊ တပ်အရွယ်အစား၊ တပ်အမှတ်တို့ကို စာဖြင့် ကြိုတင်ပေးပို့ ရန်နှင့် မိမိအထက်ဌာနသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း။

(င) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အဖွဲ့ (၅) မြစ်ကြီးနား(ဝိုင်းမော်)ဒေသမှ အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည် -

(၁) ကချင်အထူးဒေသ(၂)ကေအိုင်အိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့မှ ရှင်ချွမ်းသတ္တုတူးဖော်ရေးကုမ္ပဏီတို့ ညှိနှိုင်းပူးပေါင်း၍ ၁၀-၇-၂၀၀၇

ရက်နေ့မှစ၍ လိုင်ဇာအနီး ခန့်မှန်း (ဂျေ-၃၁၈၇၀၁)နေရာတွင် တရုတ်နိုင်ငံသား အလုပ်သမား ၈ ဦးဖြင့် သတ္တုတရားမဝင် စမ်းသပ်တူးဖော်လျှက်ရှိပြီး နမူနာ ကျောက်အား ခါတ်ခွဲစမ်းသပ်ရန် ကူမင်းမြို့သို့ ပို့ထားကြောင်း၊ တရားမဝင် တူးဖော်စမ်းသပ်ပြုလုပ်ခြင်းများဖြစ်၍ တရားဝင်ဆောင်ရွက်လို ပါက နိုင်ငံတော် အစိုးရမှတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ရှင်းလင်းအသိပေးပြောကြားပေးပါရန်။

( ၂ ) ဆဒုံးမြို့နယ်ခွဲအတွင်းရှိ ကန်ပိုက်တီးကျေးရွာတွင် NDAK အဖွဲ့မှ ၁-၇-၂၀၀၇ ရက်နေ့မှစ၍လောင်းကစားဝိုင်း ၁၉ ဝိုင်း ဖွင့်လှစ်လျှက်ရှိ ပြီး တရုတ်နိုင်ငံသား မစ္စတာ ရှမ်ဇယ်ခွမ်းမှ တာဝန်ယူဆောင်ရွက်လျှက်ရှိကြောင်း၊ နယ်စပ်ကျောက်တိုင် အမှတ် (၄)မှ တရုတ်နိုင်ငံသားအချို့ တရားမဝင် နေ့စဉ်ဝင်ရောက် လောင်းကစား ပြုလုပ်လျှက်ရှိကြောင်း၊ လောင်းကစားကို မိမိနိုင်ငံတွင် လောင်းကစားဥပဒေအရ အရေးယူ ဆောင်ရွက်လျှက် ရှိသဖြင့် တရားမဝင်ဝင်ရောက် လောင်းကစားခြင်း မပြုရေးကြပ်မတ် တားဆီးပေးရန်။

( စ ) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အဖွဲ့(၆) ပူတာအို(မချမ်းဘော)ဒေသမှ အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည် -

( ၁ ) ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်အုပ်စု၊ ယားဝါဟောရွာနေ မနားမာဟဲ့၊ ၂၀ နှစ် (ဘ) ဦးလီးလီးရဲ့နှင့် ယူနန်ပြည်နယ်၊ ဝူရှင်းမြို့၊ ကျိုးလူအုပ်စု၊ ဇာလီရွာနေ တရုတ် နိုင်ငံသား ငွါးပါဒီး၊ ၃၀ နှစ်(ဘ)ဦးအားလီး တို့နှစ်ဦးသည် ၁၈-၈-၂၀၀၇ ရက်နေ့ တွင် ခေါင်လန်ဖူးမြို့နယ်၊ ဇန်ယောအုပ်စု၊ ဖန်လတ် ကျေးရွာမှ မမာထား၊ ၁၇ နှစ် (ဘ)ဦးဒီရမ်နှင့် မထီးရမ် ၁၈ နှစ်(ဘ)ဦးခင်ကဲ တို့နှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းချရန် ခေါ်ယူသွားစဉ် နယ်မြေခံလခရအဖွဲ့မှ တွေ့ရှိသဖြင့် ပြန် လည်ခေါ်ဆောင်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံသား ငွါးပါဒီး ထွက်ပြေးလွတ်မြောက် ပြီး မနားမာဟဲ့အား ဖမ်းဆီးခဲ့ကြောင်း၊ ယခင် ၂၆-၁၁-၂၀၀၆ ရက်နေ့တွင် မနားမာဟဲ့ သည် ပူတာအိုမြို့၊ ဟိုခိုရပ်ကွက်မှ မအားဒူအား တရုတ်နိုင်ငံသား အာရှယ်ဒီ၊ ဆာဝူတာကျေးရွာ၊ စီချန်မြို့နေသူထံသို့ ယွမ် ၁၇၀၀၀ ဖြင့် ရောင်းချ ခဲ့ကြောင်းသိရှိရ၍ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပြီး အလားတူ နယ်စပ်ဖြတ်ကျော် လူမှောင်ခိုကူးမှုများ ပပျောက်စေရေးအ တွက် နှစ်နိုင်ငံ ဝိုင်းဝန်းစိစစ်ကြပ်မတ် ထိန်းသိမ်းတားဆီးပေးရန်။

( ၂ ) အဖွဲ့အမှတ်(၅)၏ ဆွေးနွေးချက်အပိုဒ်ခွဲ(၂)အတိုင်းဖြစ်။

၁၁။ ဆွေးနွေးပွဲတွင်တရုတ်ဘက်မှဆွေးနွေးခဲ့သည့်အချက်များမှထူးခြားသောဆွေးနွေးချက်များမှာ-

(က) **အဖွဲ့အမှတ်(၁)၊ စစ်ဆောင်ပန်န၊ မိုင်းယန်းဒေ သ။** နယ်နိမိတ် ပူးတွဲမှတ်တိုင်အမှတ် (၂၂၁) ၏ အနောက်တောင်ဘက် ၇၇ မီတာခန့်အကွာ၌ရှိသော မှတ်တိုင်မှာ နယ်နိမိတ် မှတ်တိုင် (၂၂၁) ဖြစ်ကြောင်းနှင့် မှတ်တိုင် (၂၂၁)ပျက်စီးနေကြောင်း။။။

(ခ) **အဖွဲ့အမှတ်(၃)(လင်ချန်း/လောက်ကိုင်ဒေသ)**။ နယ်နိမိတ်မှတ်တိုင်များ ပူးတွဲမွမ်းမံ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ခွင့်ပြုချက်ရရှိချိန်တွင် တရုတ်တပ်မတော် ကိုယ်စားလှယ် အဖွဲ့သို့ အကြောင်းကြား စေလိုကြောင်း။ ။

(ဂ) **အဖွဲ့အမှတ်(၄) (တဲဟုန်/မူဆယ်ဒေသ)**

(၁) အကြမ်းဖက် သောင်းကျန်းသူ SSA(S) အဖွဲ့နှင့် ၎င်းအဖွဲ့မှ အဓိက ခေါင်းဆောင် ၅ ဦး တရုတ်နိုင်ငံအတွင်း နေထိုင်လျှက်ရွှေလီချိုင့်ဝှမ်း စိုးမိုးရေး ဆောင်ရွက် နေမှုနှင့် ပတ်သက်၍ အထက်ဌာနများသို့ ဆက်လက် တင်ပြဖြေရှင်း ဆောင်ရွက် ပေးမည် ဖြစ်ကြောင်း။

(၂) နယ်စပ်တစ်လျှောက် ရာဇဝတ်မှုကျူးလွန်မှုများ ပပျောက်ရေးအတွက် ၂၀၀၇ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နယ်စပ် ဒေသ၌ ရာဇဝတ်မှု နှိမ်နင်းရေး လေ့ကျင့်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

(ဃ) **အဖွဲ့(၅)ပေါင်စန်း/မြစ်ကြီးနား(ဝိုင်းမော်)ဒေသ**

(၁) လောင်းကစားဝိုင်းများကို တရားမဝင်လုပ်ငန်းအဖြစ် သတ်မှတ်ပြီးပိတ်ပင်တားဆီး လျှက်ရှိပြီး နယ်နိမိတ်ဖြတ်ကျော် လောင်းကစားပြုလုပ်ခြင်း အား ဖမ်းဆီးအရေးယူ သွားမည်ဖြစ်ကြောင်း။

(၂) တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့မှ သတ္တုကုမ္ပဏီသည် ကေအိုင်အိုအဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သတ္တုတူးဖော်ခြင်းအား နှစ်ဦးနှစ်ဘက်ပူးပေါင်း၍ တိုးမြှင့် တားဆီး ပိတ်ပင်သွားရန် မျှော်လင် ့ကြောင်းနှင့် နယ်စပ်နေ ပြည်သူများအား ရှင်းလင်း အသိပေးထားမည် ဖြစ်ကြောင်း။

(င) **အဖွဲ့အမှတ်(၆) နုကျန်း/ပူတာအို(မချမ်းဘော)ဒေသ**

(၁) နယ်နိမိတ် မှတ်တိုင်အမှတ် (၂၁)နှင့် (၂၂)အကြား နယ်နိမိတ်အဖြစ် သတ်မှတ် ထားသည့် ငေါ်ချောင်းခချောင်းသည် ရေလမ်းကြောင်း ပြောင်းလဲနေသဖြင့် ၎င်းတို့၏ အထက်ဌာနသို့ တင်ပြထားကြောင်းနှင့် အဆွေတော်တို့ဘက်မှ အထက် ဌာနသို့ တင်ပြပြီး စစ်ဆေးဆောင်ရွက်စေလိုကြောင်း။

( ၂ ) နယ်စပ်ဒေသကိစ္စများ ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့က လစဉ် ၂၀ ရက်နေ့ မြန်မာစံတော်ချိန် ၁၄၃၀ နာရီတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အပြန်အလှန် ညှိနှိုင်း ဆောင်ရွက်လိုကြောင်းနှင့် လိုအပ်ပါက တွေ့ဆုံဆွေးနွေး ဖြေရှင်းလိုကြောင်း။

၁၂။ အဖွဲ့အမှတ်(၆) တရုတ်ဘက်မှ နယ်နိမိတ်မှတ်တိုင် (၂၁) နှင့် (၂၂) အကြား နယ်နိမိတ်အဖြစ် သတ်မှတ်ထားသော ငေါ့ချောင်းခချောင်း ရေလမ်းကြောင်း ပြောင်းလဲမှုအား ၎င်းတို့ အထက်ဌာနသို့ တင်ပြထားကြောင်းနှင့် မြန်မာဘက်မှလည်း အထက်ဌာနသို့ တင်ပြ စစ်ဆေးစေလိုကြောင်း ဆွေးနွေး လာမှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြေတိုင်းဦးစီး ဌာနသို့ကွင်းဆင်းစစ်ဆေးပေးရန် မေတ္တာရပ်ခံခဲ့မှုအပေါ် မြေတိုင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်ဆွေ ဦးစီးသော အဖွဲ့သည် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ကွင်းဆင်း စစ်ဆေး တိုင်းတာခဲ့ပါသည်။

၁၃။ ၂၀၀၇ခုနှစ်၊ တတိယ လေးလပတ်ကာလအတွင်း (၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ဒေသ ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို တရုတ်နိုင်ငံအ တွင်း နှစ်ဘက်ကိုယ်စားလှယ်အဖွဲ့ ၆ ဖွဲ့ဖြင့် သတ်မှတ်နေရာများ၌ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၉ ရက်နေ့အထိ အသီးသီး ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၁၄။ နှစ်နိုင်ငံ ဆွေးနွေးပွဲများတွင် ဦးဆောင်သူ၊ ကျင်းပသည့် ရက်စွဲ၊ နေရာများကို နောက်ဆက်တွဲ ( င )ဖြင့် ဖော်ပြထားပါသည်။

၁၅။ ဆွေးနွေးပွဲတွင်မြန်မာဘက်မှဆွေးနွေးခဲ့သည့်အချက်များမှ ထူးခြားသောဆွေးနွေးချက်များမှာ-

(က) **တြိဂံဒေသတိုင်းစစ်ဌာနချုပ် အဖွဲ့အမှတ်(၁)မိုင်းယန်းဒေသ**။ နယ်နိမိတ် မှတ်တိုင် (၂၂၁) ပျက်စီးမှုနှင့်ပတ်သက်၍ ဒေသအစီအစဉ်ဖြင့် ပြုပြင်ခြင်း မဆောင်ရွက်နိုင်ဘဲ မှတ်တမ်း အဖြစ်ထားရှိပြီး နှစ်နိုင်ငံ ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖြင့် ပူးတွဲပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ချိန်တွင် ထည့်သွင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

( ခ ) **အဖွဲ့အမှတ်(၄)၊ မူဆယ်ဒေသ**

( ၁ ) မြန်မာနိုင်ငံ မန်ဟီးရိုးမြို့နယ်ခွဲ နှစ်နိုင်ငံနယ်စပ်တွင် ရှမ်းသောင်းကျန်းသူ SSA(S)ရင်း(၇၀၁)အဖွဲ့ဝင်များ စုဖွဲ့ လှုပ်ရှားမှုအား အရေးယူနိုင်ရေး တရုတ် ဘက်မှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်။

( ၂ ) မြန်မာအစိုးရအား ဆန့်ကျင်သော ဗကပလက်ကျန်များ ABSDF အဖွဲ့ဝင်များ၊ NLD (LA) အဖွဲ့မြောက်ပိုင်းတို့သည် တရုတ်နိုင်ငံ ရွှေလီနှင့် ကျယ်ဂေါင်များတွင် မြန်မာနိုင်ငံအားဆန့်ကျင်သောလှုပ်ရှားမှုများလုပ်ဆောင်နေမှုအား တရုတ်ဘက်မှလည်း တားဆီးအရေးယူပေးရန်။

( ဂ ) **အဖွဲ့အမှတ်(၅)၊ မြစ်ကြီးနား(ဝိုင်းမော်)ဒေသ**။ ဗန်းမော်ခရိုင်၊ မန်စီ မြို့နယ်၊ စီအူကျေးရွာအနီး တရားမဝင်သစ်ခုတ်သော တရုတ်နိုင်ငံသားများနှင့် မြစ်ကြီး နားခရိုင်၊ ဝိုင်းမော် မြို့နယ်၊ ဆိုင်းမိုင်ကျေးရွာအနီး ကြေးသတ္တုတရားမဝင် တူးဖော်နေသော တရုတ်နိုင်ငံသား ၁၀ ဦးအား ရဲတပ်ဖွဲ့မှ ထိန်းသိမ်းခဲ့ပြီး ၎င်း ၁၀ ဦးသည် တရုတ်နိုင်ငံ၊ ရင်ကျန်းမြို့ရှိ ဟိုက်ရိကုမ္ပဏီမှ စေလွှတ်၍ တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ပြီး ကြပ်မတ်ထိန်းသိမ်းပေးရန်။

(ဃ) **အဖွဲ့အမှတ်(၆) ပူတာအို (မချမ်းဘော)ဒေသ**

( ၁ ) တရုတ်နိုင်ငံသား သစ်ကုန်သည်များနှင့် ကချင်အထူး ဒေသ (၁) NDAK အဖွဲ့ ညှိနှိုင်း၍ နယ်နိမိတ်မှတ်တိုင် (၂၂)မှတစ်ဆင့် သစ်နှင့် သတ္တုများတရားမဝင် သယ်ယူလျှက်ရှိပြီး ဖီမော်ကျေးရွာရှိ လောင်းကစားဝိုင်းများ သို့ တရုတ်နိုင်ငံသား ၂၀ ဦးခန့် နေ့စဉ် တရား မဝင် ဝင်ထွက်နေသဖြင့် လိုအပ်သလို ကြပ်မတ် တားဆီးပေးရန်။

( ၂ ) ယခင် ဆွေးနွေးပွဲပါ မှတ်တိုင် (၂၁)နှင့် (၂၂) အကြားရှိ ငေါ့ချောင်းခချောင်း ရေလမ်းကြောင်း ပြောင်းလဲနေမှုနှင့် ပတ်သက်၍ စစ်ဆေးပြီး အထက်ဌာနသို့ တင်ပြထားကြောင်း၊ ၎င်း ချောင်းကမ်းဘေး ခမ (Z-၃၆၂၄၉၉)အနီး တရုတ်နိုင်ငံဘက်ကမ်းတွင် သတ္တုသန့်စင် စက်ရုံတည် ဆောက်ထားပြီး ပစ္စည်းများ စွန့်ပစ်ရန် ချောင်းအတွင်း ကျောက်စီရေကန်သဖွယ် ပြုလုပ်ထားမှုသည် ရေလမ်းကြောင်းပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်သဖြင့် စက်ရုံ တည်ဆောက်ထားမှုအား လိုအပ်သလို စိစစ် ပြုပြင် ဆောင်ရွက်ပေးပါရန်။

၁၆။ ဆွေးနွေးပွဲတွင်တရုတ်ဘက်မှဆွေးနွေးခဲ့သည့်အချက်များမှထူးခြားသောဆွေးနွေးချက်များမှာ-

(က) **အဖွဲ့(၄)၊ တဲဟုန် / မူဆယ်ဒေသ** ။ နယ်နိမိတ်မှတ်တိုင်အမှတ်၊ ၁၀၅(၁)၏ ထိပ်ဖျားၟ ကျိုးပဲ့ပျက်စီးနေကြောင်းနှင့် န ယ်နိမိတ်မှတ်တိုင် ၅၀ အနီး တရုတ် နိုင်ငံမှပြုလုပ်ထားသည့် ဝါးခြံစည်းရိုးအား ဖျက်ဆီးထားသည့်နေရာ ၂ နေရာ တွေ့ရှိမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံဘက် ဒေသခံများအား ပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက် ဒေသခံများအားလည်း ပညာပေးဆောင်ရွက်စေလိုကြောင်း။

**( ခ ) အဖွဲ့(၅)၊ ပေါင်စန်း / မြစ်ကြီးနား (ဝိုင်းမော်) ဒေသ**

( ၁ ) ကူမင်းမြို့မှ ရှင်ချွမ်းသတ္တုကုမ္ပဏီသည် လိုင်ဇာအနီး တရားမဝင် သတ္တုတူးဖော်နေမှုနှင့်ပတ်သက်၍ ၎င်းတို့မသိရှိကြောင်း၊ ကေအိုင်အို နှင့် ပူး ပေါင်းလုပ်ကိုင်နေခြင်းသည် အကျိုးမရှိကြောင်း၊ ၎င်းတို့ဘက်မှ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ ကေအိုင်အိုနှင့် စာချုပ်ချုပ်ဆိုခြင်းကို စိစစ်တားမြစ် ပေးစေလိုကြောင်း၊ အင်န်ဒီအေကေ ဘက်တွင်လည်း ၎င်းကိစ္စမျိုးရှိနေသဖြင့် နှစ်ဦးနှစ်ဘက် ပိုမိုတင်းကြပ်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

( ၂ ) လောင်းကစားခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းတို့တွင်လည်း ၎င်း တို့ နိုင်ငံသားများအား တားမြစ်ထားကြောင်း၊ ကေအိုင်အိုမှ နယ်စပ် ဖြတ်ကျော်ခွင့်ပြုခြင်းကြောင့် ၎င်းတို့နိုင်ငံသားများ ဖမ်းဆီးခံရခြင်း ဖြစ်ကြောင်း၊ အထူးဒေသ (၁)နှင့် (၂)အား ပိုမိုကြပ်မတ် ထိန်းသိမ်း ပေးစေလိုကြောင်း။

**( ဂ ) အဖွဲ့(၆)၊ နုကျန်း/ပူတာအို (မချမ်းဘော)ဒေသ**

( ၁ ) နယ်နိမိတ်မှတ်တိုင် ၂၁ နှင့် ၂၂ အကြား နယ်နိမိတ်အဖြစ် သတ်မှတ် ထားသော ငေါ့ချောင်းခချောင်းရေလမ်းကြောင်းပြောင်းလဲခြင်းအား နှစ်ဘက်ပူးတွဲ၍ထပ်မံစစ်ဆေးသင့်ကြောင်း။

( ၂ ) နယ်နိမိတ် မှတ်တိုင်အမှတ် ၁၃၊ ၂၅ နှင့် ၂၇ တို့ ကျိုးပဲ့ ပျက်စီးနေ ကြောင်းနှင့် နှစ်ဘက်သက်ဆိုင်ရာဌာနချင်းဆက်သွယ်ဆွေးနွေးပြီးပျက်စီးနေသည့်နယ်နိမိတ်မှတ်တိုင်များအား ပြုပြင်စေလိုကြောင်း။

## မြန်မာ-တရုတ် နယ်စပ်ဒေသ ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဆောင်ရွက်စဉ် အားနည်းချက်/ အားသာချက်များ

၁၇။ (၁၆)ကြိမ်နှင့် (၁၇)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ တွေ့ရှိရသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆွေးနွေးပွဲကျင်းပပြုလုပ်ရန် တင်ပြသည့် ဆွေးနွေးမည့်အကြောင်းအရာများနှင့် စီမံချက်များအား အချိန်မီတင်ပြရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) မြန်မာ ကိုယ်စားလှယ်အဖွဲ့များနှင့် သက်ဆိုင်ရာ တိုင်းများ အနေဖြင့် မြန်မာ -တရုတ် နယ်စပ်ဒေသ ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲကျင်းပရေး၊ အစီအစဉ်များ ချမှတ်ရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် နယ်နိမိတ်မှတ်တိုင်များ၊ နယ်နိမိတ် စ ည်းမျဉ်း၊ စည်းကမ်းများအား သေချာစွာသိရှိနားလည်ရန် လိုအပ် ကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ် ရေမိုင်၂၀၀ ထက် ကျော်လွန်သတ်မှတ်ရေးကိစ္စ

၁၈။ မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် ၂၀၀ ထက် ကျော်လွန်သတ်မှတ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီအစည်းအဝေးအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မြင့်မှ ဦးဆောင်၍ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်ကျင်းပ ပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးဌာနခွဲမှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းထွန်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၉။ တိုင်းတာရေးရေယာဉ် ငှားရမ်းရေးအတွက် စွမ်းအင်ဝန်ကြီးဌာနသည် ၃၀-၁၀-၂၀၀၇ ရက်နေ့တွင် TLGH ကုမ္ပဏီနှင့် သင်္ဘောငှားရမ်းရေး Contract Agreement ကို လက်မှတ်ရေးထိုးခဲ့ပြီး တိုင်းတာရေးလုပ်ငန်းများအား ၂၀၀၇ ခုနှစ် နိုဝင်ဘာလလယ်မှ ဒီဇင်ဘာ လကုန်အထိ ၄၅ ရက်ကြာ ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

၂၀။ ငှားရမ်းမည့် တိုင်းတာရေးသင်္ဘော Teknik Perdana သည် စင်္ကာပူနိုင်ငံတွင် လွ န်းတင်ရန် ရှိပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် စင်္ကာပူနိုင်ငံမှ ထွက်ခွာနိုင်မည်ဖြစ်သဖြင့် တိုင်းတာရေးလုပ်ငန်းများအား မူလရည်မှန်းထားသည့် ၂၀၀၇ ခုနှစ်မကုန်မီ ဆောင်ရွက်ရန်အစား ၂၀၀၈ ခုနှစ် နှစ်ဆန်းမှ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တင်ပြခဲ့ပါသည်။

## ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ(၁၉၇၇) ပြင်ဆင်ရေးဆွဲရေး ကိစ္စ

၂၁။ မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ အသစ် ရေးဆွဲရေး လုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးအား ၂၀-၉-၂၀၀၇ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန တွင်လည်းကောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးအား ၂-၁၀-၂၀၀၇ ရက်နေ့တွင် ရန်ကုန်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန(နောက်ချန်)၌လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်မှ ဦးဆောင် ကာ ကျင်းပပြုလုပ်ခဲ့ပါသည်။

# ၂၀၀၇ ခုနှစ် တတိယလေးလပတ်ကာလအတွင်း အိမ်နီးချင်း ၅ နိုင်ငံ၏ စစ်ရေးဆိုင်ရာ ထူးခြားသတင်း တင်ပြချက်များနှင့် သုံးသပ်ချက်များ

## တရုတ်နိုင်ငံ

၁။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ အထွေထွေ ထောက်ပံ့ပို့ဆောင်ရေးဌာနသည် ကုန်စည်ဈေးနှုန်းများပြောင်းလဲနေသည့်ကာလအတွင်း စစ်သည်များအတွက် ပုံမှန် စားနပ်ရိက္ခာ ထောက်ပံ့ပေးမှုကို သေချာစွာ ဆောင်ရွက်၍ တိုင်းတာခြင်တွယ်မှုများကို အပြည့်အဝပေးရန် တပ်ရင်းတပ်ဖွဲ့အားလုံးသို့ ညွှန်ကြားထားပါသည်။ တပ်ရင်းတပ်ဖွဲ့ အားလုံးသည် ဈေးနှုန်းမြင့်မားမှုအကျိုးဆက်များကို ထေမိစေရန်နှင့် စစ်သည်များ၏ လူနေမှုဘဝအဆင့်အတန်း မနိမ့်ကျစေရေး သေချာခိုင်မာမှု ရှိစေရန်အတွက် ၎င်းတို့၏ လက်ရှိအ ခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်မည့် အခြင်အတွယ် အတိုင်းအတာများကို ရသင့်ကြကြောင်း အထွေထွေ ထောက်ပံ့ပို့ဆောင်ရေးဌာနမှ ဖော်ပြထားပါသည်။ တပ်ရင်းတပ်ဖွဲ့များအားလုံးသည် ဒေသရှိ လက်ရှိအခြေအနေများနှင့်အညီ စစ်သည်များ၏ အစားအစာအတွက် အပိုထောက်ပံ့ကြေးပေးအပ်ရန် ယခင်နှစ်မှ ကျန်ရှိသည့် ရန်ပုံငွေများကို အသုံးပြုနိုင်ကြောင်းနှင့် စစ်သည်များသည် တပ်မတော်၏ အာဟာရစံနှုန်းအရ စားသောက်မှုကို အလိုက်သင့်ပြုမူနေထိုင်နိုင်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် ၎င်း၏ စစ်သည်များအတွက် ရိက္ခာထောက်ပံ့ငွေကို တစ်ရက်လျှင် စစ်သည်တစ်ဦး ၁၀ ယွမ် ရရှိရာမှ ၁၁ ယွမ် (အမေရိကန်ဒေါ်လာ ၁.၄၅)ထိ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ဆုံးဖြတ်ထားပါသည်။ ၂၀၀၇ ခုနှစ်အတွက် တရုတ်၏ ကာကွယ်ရေးအသုံးစရိတ်သည် ယွမ် ၃၅၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ)ထိ တိုးမြှင့်ရန် မျှော်မှန်းထားရာ ယခင်နှစ်ကထက် ၁၇.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်မှုမှာ လုပ်ခလစာနှင့် အငြိမ်းစားဆုကြေး တိုးမြှင့် ပေးခြင်း၊ ယူနီဖောင်းအသစ်များ ပြောင်းလဲခြင်းနှင့် တရုတ်နိုင်ငံ၏ ၂.၃ သန်းရှိ စစ်မှုထမ်းများအား စစ်ဘက်ဆိုင်ရာ သင်တန်း များအတွက်လည်း သုံးစွဲရလိမ့်မည် ဖြစ်ကြောင်း PLA အထွေထွေထောက်ပံ့ပို့ဆောင်ရေးဌာန၊ ညွှန်ကြားရေးမှူး Liao က ပြောကြားခဲ့ပါသည်။

၂။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၏နှစ်စဉ် လူတစ်ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပျမ်းမျှကုန်ကျစရိတ်သည် ၁၈၀ ယွမ် (အမေရိကန်ဒေါ်လာ ၂၃.၇)ဖြစ်သဖြင့် PLA စစ်မှုထမ်းများအတွက် နှစ်ပတ်လည် ကျန်းမာရေးအသုံးစရိတ်ငွေအား တစ်ဦးလျှင် ၇၂ ယွမ် (အမေရိကန်ဒေါ်လာ ၉.၅) မှ ၁၈၀ ယွမ်(အမေရိကန်ဒေါ်လာ ၂၃.၇)သို့ တိုးမြှင့်သတ်မှတ်သဖြင့် ၁၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အငြိမ်းစား အရာရှိများနှင့် စစ်မှုထမ်းဆဲ အရာရှိများအတွက် တစ်ကုတင်လျှင် တစ်ဦးနှုန်းဖြင့် တစ်နှစ် ဆေးရုံတက်ရောက် ကုသမှုစရိတ်ကို ၃၅၀၀၀ ယွမ် (အမေရိကန်ဒေါ်လာ ၄၆၀၅)မှ

၅၄၀၀၀ ယွမ် (အမေရိကန်ဒေါ်လာ ၇၁၀၅)သို့ တိုးမြှင့်ခဲ့သဖြင့် ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ PLA စစ်မှုထမ်းများ ၏ မိသားစုဝင်များအား တစ်နှစ်အတွက် တစ်ဦးလျှင်ပျော်ရွှင်မှု အသုံးစရိတ် ကို ၁၀၀ ယွမ် (အမေရိကန် ဒေါ်လာ ၁၃.၁၆) မှ ၁၈၀ ယွမ် (အမေရိကန်ဒေါ်လာ ၂၃.၇)သို့ တိုးမြှင့်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ တိုးမြှင့် သတ်မှတ်ပေးမှုသည် စစ်သည်တော်စုနှင့် အငြိမ်းစားအရာရှိများ၏ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု အကြား မညီမျှမှုကြောင့် ဖြစ်ပေါ်လာသော အခက်အခဲကို သက်သာစေ ရန်နှင့် အခြေခံအားဖြင့် ဆေးဝါးဆိုင်ရာ လိုအပ်မှုများကိုရရန် ရည်ရွယ်ကြောင်း Li မှပြောကြားခဲ့ပါသည်။

၃။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ၎င်းတို့၏ ဆောင်းရာသီ လူသစ်စုဆောင်းရေး စည်းရုံးလှုံ့ဆော်မှုကို စတင်ခဲ့ပြီး ပထမဆုံးအနေဖြင့် နိုင်ငံတစ်ဝန်း စိတ်ဓာတ်ရေးရာ စမ်းသပ်မှုများကို စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၇ ရက်နေ့တွင် ဘေဂျင်းမြို့၌ ကျင်းပပြုလုပ်သည့် စစ်ဘက်ဆိုင်ရာ ညီလာခံတစ်ရပ်တွင်ဖော်ပြထားပါသည်။ ယခုနှစ်လူသစ်စုဆောင်းမှုသည်ကျေးလက်ဒေသရှိ အလယ်တန်းအဆင့် အောင်မြင်ပြီးသူ ကျောင်းသားများ၊ မြို့ပြဒေသရှိ အငယ်တန်းကောလိပ် အောင်မြင်ပြီးသူ ကျောင်းသားများနှင့် အသက်မွေးမှုဆိုင်ရာကျောင်းမှ အောင်မြင်ပြီးသူများကို အလေးထားစုဆောင်းသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့တပ်မတော်မှ စစ်ဦးစီးအဖွဲ့နှင့် ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း တစ်ရပ်တွင် အထက်တန်းအရာရှိကြီးတစ်ဦးက ပြောကြားခဲ့ပါသည်။ အရှိန်အဟုန်ရလာသည့် တရုတ်တပ်မတော် ပြုပြင်ပြောင်းလဲမှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် လူသ စစ်စုဆောင်းမှုများတွင် မြင့်မားသောအဆင့်သတ်မှတ်ချက်များကို ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ရုပ်ပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးမှုတွင် AIDS နှင့် မူးယစ်ဆေးဝါးစစ်ဆေးမှုများ ပါဝင်မည်ဖြစ်ပြီး စိတ်ဓာတ် ရေးရာ စမ်းသပ်စစ်ဆေးမှုကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ PLA ၏ လူသစ်စုဆောင်းရာတွင် အသက် ၁၈ နှစ်နှင့် ၂၀ အကြား ရှိ ငယ်ရွယ်သူ အမျိုးသားများနှင့် အသက် ၁၈ သို့မဟုတ် ၁၉ နှစ်ရှိ အမျိုးသမီးအထက်တန်း ကျောင်းသူများ ဖြစ်ရပါမည်။ အသက် ကန့်သတ်ချက်အား အဆင့်မြင့်ပညာ အောင်မြင်ပြီးသည့် ငယ်ရွယ်သော အမျိုးသားများအတွက် အသက် ၂၂ နှစ်ထိ တိုးပေးမည်ဖြစ်ကြောင်း အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်သားသစ်စုဆောင်းရေးရုံးမှ ပြောကြားခဲ့ပါသည်။

၄။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA)သည် စစ်မှုထမ်းများအတွင်း တံစိုးလက်ဆောင် ပေးအပ်သော နည်းလမ်းဖြင့် ဝင်ရောက်သော အရည်အချင်းမပြည့် မီသည့် တပ်သားသစ်များအား တားဆီးကာကွယ်ရန် လူသစ်စုဆောင်းမှုဆိုင်ရာ စစ်ဆေးချက်ပုံစံသစ်များကို ချမှတ်ခဲ့ပါသည်။ လူသစ်စုဆောင်းမှုများမှ တံစိုးလက်ဆောင်ယူ၍ လူသစ်စုဆောင်းခဲ့မည်ဆိုလျှင် လူသစ်စုဆောင်းသူများအား ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးအပ်မည်ဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်ထားပါသည်။ PLA ၏ အထွေထွေစစ်ဦးစီးဌာန၊ အထွေထွေနိုင်ငံရေးဌာနနှင့် စည်းကမ်းဆိုင်ရာ စစ်ဆေးရေးကော်မရှ င်

တို့သည် အဆိုပါ အကျင့်ပျက်လာဘ်စားမှုများအား တားဆီးကာကွယ်ရန်အတွက် လူသစ်စုဆောင်းသူများအား အချက် ၈ ချက်ပါ ကတိဝန်ခံချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြရန် အမိန့်ထုတ်ပြန်ထားပါသည်။ လူသစ်စုဆောင်းရေးဌာနများသည် ပြည်သူလူထုထံမှ မကျေနပ်သော တိုင်ကြားချက်များ ရရှိရန်အတွ က် လူသစ်စုဆောင်းသူများ၏ နေရပ်လိပ်စာများနှင့် တယ်လီဖုန်းနံပါတ် များကို ထုတ်ဝေကြ မည်ဖြစ်ပါသည်။ အရည်အချင်းမပြည့်မီသူများသည် ၎င်းတို့၏ ဇာတိမြို့များသို့ ပြည်လည်စေလွှတ်ခံရ လိမ့်မည်ဖြစ်ပြီး အရည်အချင်း မပြည့်မီသူများအား လက်ခံထားသူများသည် စုံစမ်းစစ်ဆေးခံရမှုနှင့် အပြစ်ဒဏ် ချမှတ်ခံရမှုများနှင့် ကြုံတွေ့ကြရလိမ့် ဖြစ်ပါသည်။

၅။ ယခု ၂၀၁၇ ခုနှစ်တွင် ဘေဂျင်းမြို့ ယေဘုယျအားဖြင့် ထင်ရှားမှုတစ်ရပ်မှာ တက္ကသိုလ်နှင့် ကောလိပ်ကျော□င်းသား အများအပြားသည် တပ်မတော်၏ စစ်တန်းလျားများသို့ ၎င်းတို့၏ စိတ်ဆန္ဒအရ တပ်မတော်သို့ဝင်ရောက်ကြရန်အတွက် စိတ်အားထက်သန်စွာ လက်မှတ်ရေးထိုး လျှက်ရှိပါသည်။ နှစ်စဉ်ဆောင်းရာသီလူသစ်စုဆောင်းမှုကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဘေဂျင်းမြို့၌ စတင်ကျင်းပပါသည်။ တပ်မတော်သို့ ဝင်ရောက်ရန်အတွက် လျှောက်ထားသည့် ကျောင်းသားအရေ အတွက်မှာ မိမိတို့မျှော်မှန်းထားသည်ထက် ကျော်လွန်ကြောင်းသတင်းထောက်များအား ပြောကြားခဲ့ပါသည်။ တပ်မတော်သို့ ဝင်ရောက်ရန် လက်မှတ်ရေးထိုးမှု မတိုင်မီ ပီကင်းတက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်ပြီး မဟာဗျူဟာ ဒုံးပျံတပ်ဖွဲ့မှ အမှုထမ်းတစ်ဦးဖြစ်သူ Gao Ming ၏ ထူးခြားထင်ရှားသော ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လတ်တလော ပျံ့နှံ့နေသော သတင်းသည် ဘေဂျင်းရှိ တက္ကသိုလ်ကောလိပ်များအပေါ် အကောင်းဘက်မှ ဂယက်ရိုက်မှုများရှိနေပါကြောင်း ဘေဂျင်းမြူနီစီပယ်အုပ်ချုပ်ရေးအောက်ရှိ Haidian ခရိုင်၏ ပြည်သူ့လက်နက်ကိုင်တပ်ဖွဲ့များဌာန၊ နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံ တစ်ဦးဖြစ်သူ Liu Jianchao က သတင်းထောက်များအား ပြော ကြားခဲ့ပါသည်။ "Gao Ming ဖြစ်စဥ်"သည် တပ်မတော်၏ သတင်းအချက်အလက်ဆိုင်ရာ လုပ်ဆောင်ချက်တွင် အဓိကအခန်းမှ ပါဝင်နေသည်ကို အပြည့်အဝ ပြသခဲ့ကြပြီး တပ်မတော်သည် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းသားများအား ၎င်းတို့၏ ပင်ကိုယ် စွမ်းရည် ပြည့်ဝစေရန်၊ တိုးတက်ရန်နှင့် ၎င်းတို့ ၏ တစ်ဦးချင်းစီတန်ဖိုးမျာ းသိရှိနားလည်ရန် မြင့်မားသော အဆင့်တစ်ခုအား ထောက်ပံ့ပေးနိုင်ပါသည်။ အရည်အသွေး ပိုမိုမြင့်မားသော အမှုထမ်းများကို စုဆောင်း ရန်အတွက် တပ်မတော်မှ စွမ်းဆောင်နိုင်ရန်အလို့ငှာ ဘေဂျင်းမြူနီစီပယ် အုပ်ချုပ်မှုအောက်ရှိ သက်ဆိုင် ရာ ဌာနများသည် တက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းသားများ တပ်မတော်သို့ ဝင်ရောက်ရေး တွန်းအားပေး ဆောင်ရွက်ရန် ပိုမိုဦးစားပေးသော မူဝါဒများကို စီစဥ် ဆောင်ရွက်လျှက်ရှိပါသည်။

၆။ တပ်မတော်အင်အားခိုင်မာ တောင့်တင်းရေးအတွက် သိပ္ပံနှင့် နည်းပညာအသုံးချခြင်းဆိုင်ရာ အစိုးရ၏မဟာဗျူဟာနှင့် တစ်ပြေးညီဆောင်ရွက်မှု အနေဖြင့် တရုတ်နိုင်ငံရှိ အရပ်ဘက်တက္ကသိုလ်ပေါင်း ၁၁၆ ခုသည် လွန်ခဲ့သည့် ၈ နှစ်တာကာလအတွင်းက ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) အတွက်

အရံစစ်ဘက်အရာရှိ ၆၅၀၀၀ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း အရပ်ဘက် တက္ကသိုလ်များ တွင် လေ့ကျင့်သင်ကြားပေးနေရသော အရံစစ်ဘက်အရာရှိများနှင့် ပတ်သက်သော ညီလာခံတစ်ရပ်၌ ထုတ်ဖော်ကြေငြာခဲ့ပြီး အဆိုပါ ညီလာခံအား ပညာရေးဝန်ကြီးဌာန (MOE)နှင့် PLA အထွေထွေနိုင်ငံရေး ဆိုင်ရာဌာနတို့မှ ပူးတွဲကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ တရုတ် ကောလိပ်ကျောင်းသား ၄၈၀၀၀ ဦးခန့်သည် အရပ်ဘက်ကျောင်းများ၌ အရံစစ်ဘက်အရာရှိများအဖြစ် လက်ရှိကာလတွင် လေ့ကျင်သင်ကြား လျက်ရှိကြောင်း၊ နှစ်စဥ်တပ်မတော်သို့ ဝင်ရောက်သူ ၁၀၀၀၀ ကျော်ရှိရာ ၈၀ ရာခိုင်နှုန်းမှာ လေတပ်၊ ရေတပ်၊ မဟာဗျူဟာဒုံးတပ်ဖွဲ့(သို့မဟုတ်) စစ်မဟာဗျူဟာဆိုင်ရာတပ်ဖွဲ့များနှင့် ဝေးလံ ပြီးကြမ်းတမ်းခက်ခဲသော ဒေသများသို့ ရောက်ရှိကြကြောင်း ညီလာခံတွင် ဖော်ပြခဲ့ပါသည်။ တပ်မတော်နှင့် အရပ်ဘက် တက္ကသိုလ် များအကြား လေ့ကျင့်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် အဆင့်မြင့် ကျောင်းသားအများစု ပါဝင်ရေးမှာ PLA တပ်မတော်အတွက် အဓိက လိုလားချက် ဖြစ်ပါသည်။ အရံစစ်ဘက်အရာရှိများအဖြစ် လေ့ကျင့်သင်ကြားနေသော ကျောင်းသား အများစုသည် ဘက်ပေါင်းစုံ တွင် အခြားသော ကျောင်းသားများကို သာလွန်ကြကြောင်း Zhang က ပြောကြားခဲ့ပါသည်။ ၂၀၀၃ ခုနှစ် PLA ၏ မဟာဗျူဟာဆိုင်ရာ အမှုထမ်းလေ့ကျင့်ရေး စီမံကိန်းအရ အရာရှိ ၆၀ ရာခိုင်နှုန်းကျော်အား ၂၀၁၀ ခုနှစ်ထိ အရပ်ဘက်ပညာရေးကဏ္ဍမှတစ်ဆင့် ပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်သင့်ကြောင်း သိရှိရပါသည်။ စစ်ဘက်အရာရှိများ ပြုစုပျိုးထောင်ခြင်း လုပ်ငန်း တာဝန် ခွဲဝေပေးခြင်းခံထားရသော တက္ကသိုလ်များသည် အရပ်ဘက်ပညာရေးနှင့် စစ်ဘက်ပညာရေးနှစ်ရပ်စလုံးကိုအလေးပေးသော ဘက်စုံ ပညာရေးအတွက် အထူးရန်ပုံငွေ ခွဲဝေသတ်မှတ်ပေးခြင်းခံထားရကြောင်း PLA အထွေထွေ နိုင်ငံရေးဌာန အောက်ရှိ အရာရှိလေ့ကျင့်ရေးဗျူရိုမှ ညွှန်ကြားရေးမှူး တစ်ဦးဖြစ်သူ Liu Bin က ပြောကြားခဲ့ပါသည်။

၇။ တရုတ်တပ်မတော်သည် ၂၀၀၈ ခုနှစ်အတွက် လေသူရဲသင်တန်းသားစာရင်းသွင်းခြင်းကို စတင်ဆောင်ရွက်လျှက်ရှိရာ ပထမဆုံးအကြိမ် ဆောင်ရွက်မှုအဖြစ် လေသူရဲစာမေးပွဲဖြေဆိုမှုတွင် နိုင်ငံခြားဘာသာစကားစစ်ဆေးမှုကို အောင်မြင်ရန်လိုအပ်သည်ဟုဆိုပါသည်။ နိုင်ငံခြားဘာသာစကား စစ်ဆေးမှုတွင် အင်္ဂလိပ်ဘာသာ (သို့မဟုတ်) ရုရှားဘာသာကို ဒုတိယအကြိမ်စစ်ဆေးမှုတွင် ဖြေဆိုရမည် ဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ် တပ်သားသစ်စာရင်းသွင်း လက်ခံရေး ဌာနမှပြောကြားခဲ့ပါသည်။ မူဝါဒသစ်အရ လေသူရဲ လျှောက်ထားသူ အားလုံးသည် ကောလိပ်နှင့် လေသူရဲ အကယ်ဒမီဝင်ခွင့် ရရှိရေးအတွက် ကျင်းပပြုလုပ်သော စာမေးပွဲများကို အောင်မြင်ရမည် ဖြစ်ပြီး ဒုတိယအဆင့်စာမေးပွဲတွင် သင်္ချာဘာသာနှင့် နိုင်ငံခြားဘာသာကို အဓိကထား ဖြေဆိုရမည်ဟု သင်တန်းသား စာရင်းသွင်း လက်ခံရေးဌာနမှ အကြီးအကဲ ဖြစ်သူ Sui Guosheng မှ ပြောဆိုပါသည်။ ၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်မျိုးလုံးဖြင့် အထက်တန်းအောင်မြင်ကြသူများနှင့် တက္ကသိုလ်

များမှ သိပ္ပံနှင့် နည်းပညာဘာသာရပ်များဖြင့် ဘွဲ့ရသူများအားလုံးကို လေသူရဲ စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ပြုထားပါသည်။ တရုတ် လေတပ်သည် အနာဂတ်လေကြောင်း (သို့မဟုတ်) အာကာသ တာဝန်များအတွက် ပင်ကိုယ်စွမ်းရည်ရှိသူ များကို စာရင်းသွင်းစုဆောင်းလျှက်ရှိပြီး အဆင့်အသီးသီးတွင် အနာဂတ်အတွက် ခေါင်းဆောင်များကို လည်း ရွေးချယ်လျက်ရှိပါသည်။ ထို့ကြောင့် လေသူရဲ သင်တန်းသားများသည် မြင့်မားသော ပညာအရည် အချင်းရှိရမည်ဖြစ်ပြီး လက်နက်ဆိုင်ရာ ကျွမ်းကျင်မှု ပညာရပ်များကို ဆည်းပူးလေ့လာသင်ယူနိုင်သည့် အကျိုးကျေးဇူး ရရှိမည်ဖြစ်ပါကြောင်း Sui မှ လိုအပ်ချက် အသစ်များကို ရှင်းလင်းပြောကြားပါသည်။ ယခုအခါ တရုတ်နိုင်ငံတွင် ကျန်းမာကြံ့ခိုင်သော အာကာသယာဉ်မှူး ၁၄ ဦးဖြင့် ဖွဲ့စည်းထားသည့် အာကာသယာဉ်မှူး အဖွဲ့တစ်ဖွဲ့ရှိပြီး ၎င်းအဖွဲ့တွင် ဂြိုလ်တုဖြင့်လိုက်ပါ၍ ကမ္ဘာကိုပတ်ခဲ့သည့် တရုတ် နိုင်ငံ၏ ပထမဆုံးလူသားဖြစ်သူ Yang Liwei လည်း ပါဝင်ပါသည်။

၈။ တရုတ်နိုင်ငံတော်ကောင်စီသည် ၎င်း၏ အမျိုးသားအားလပ်ရက်များ ပြန်လည်ညှိနှိုင်းရေးဆွဲ သည့် စီမံချက်မူကြမ်းတစ်ခုနှင့် အားလပ်ရက်ဆိုင်ရာ စည်းမျဉ်းစုတစ်ခုကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် ယေဘုယျအားဖြင့် သဘောတူညီခဲ့ပါသည်။ ဆက်လက်စိစစ် ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် အပြီးသတ် စီမံချက်နှင့် စည်းမျဉ်းများကို ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။ အမျိုးသားအားလပ်ရက် ပြင်ဆင် သတ်မှတ်သည့်စီမံချက်မူကြမ်းအရ နိုဝင်ဘာလ အစောပိုင်းတွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ခဲ့ပြီး ရိုးရာပွဲ ၃ခုအား အမျိုးသားအားလပ်ရက်တွင် ပေ ါင်းထည့်ခဲ့ကြောင်း၊ နှစ်သစ်ကူးနေ့အားလပ်ရက် တစ်ရက်နှင့် နွေဦးပွဲတော်အားလပ်ရက် ၃ ရက်တို့မှာ မူလအတိုင်းပင် သတ်မှတ်ကြောင်း၊ သို့သော်လည်း (လ) နှစ် အဖြစ်လူသိများသော နွေဦးပွဲတော် အကြိုရက်တစ်ရက်မှစ၍ အားလပ်ရက်သတ်မှတ်မည် ဖြစ်ကြောင်း၊ ရွှေရတုအမျိုးသားနေ့မှာ မူလအတို င်းပင် ဖြစ်ပြီး ရွှေရတုအလုပ်သမားနေ့ကို အခြား အားလပ်ရက် တစ်ခုဖြင့် အစားထိုးမည်ဖြစ်ကြောင်းသိရှိရပါသည်။ တရုတ်သင်္ချိုင်းကန်တော့ပွဲနေ့၊ နဂါးလှေပွဲတော်နှင့် ဆောင်းဦးရာသီလယ် ပွဲတော်များလည်း အားလပ်ရက်အဖြစ် တစ်ရက်စီ ပါဝင်လာမည် ဖြစ်ပါသည်။ အဆိုပါ စီမံချက်မူကြမ်းတွင် တရားဝင်အားလပ်ရက်အဖြစ် ရုံးပိတ်ရက် ၁၀ ရက်မှ ၁၁ ရက်ထိ တိုးလာမည် ဖြစ်ပါသည်။ အားလပ်ရက်သတ်မှတ်မှုတွင် အဓိကအားလပ်ရက် ၃ရက် ရှိပါက ရုံးတက်ရက် ၂ ရက်ကိုပါ တစ်ဆက်တည်း ပိတ်လိုက်ပါက ပြည်သူများအနေဖြင့် အားလပ်ရက် ၇ ရက်ကို တစ်ဆက်တည်း ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ နောင်တွင် နှစ်သစ်ကူးနေ့၊ တရုတ်သင်္ချိုင်းကန်တော့ပွဲနေ့၊ အလုပ်သမားနေ့၊ နဂါးလှေပွဲတော်နှင့် ဆောင်းဦးရာသီ အလယ်ပွဲတော်များကို အားလပ်ရက် ၃ ရက်စီ သတ်မှတ်မည် ဖြစ်ပါသည်။ အားလပ်ရက် သတ်မှတ်သည့်စည်းမျဉ်း ဥပဒေမူကြမ်းအရ ပြည်သူ့ဆန္ဒခံယူပွဲကို နိုဝင်ဘာလ အစောပိုင်းကပြုလုပ်ခဲ့ပြီး အစိုးရဌာနများမှ ဝန်ထမ်းများ၊ မြို့ပြအဖွဲ့ အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင် များနှင့် ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းများအားလုံးသည် ဝန်ထမ်းအဖြစ် ၁ နှစ် တာဝန် ထမ်းဆောင် ပြီးနောက် အားလပ်ရက်ကို အကျိုးခံစားခွင့်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရှိရပါသည်။

၉။ တရုတ်သမ္မတဟူကျင်တောင်သည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၏ နှစ် (၈၀) ပြည့် မြောက်သောအခမ်းအနားတွင် အချို့သော အငြိမ်းစားဆရာများနှင့် တာဝန်ထမ်းဆောင်ဆဲ ဝါရင့်ဆရာများ အပြင် ကျောင်းမှအကြီးအကဲများနှင့် တွေ့ဆုံခဲ့ပါသည်။ ဟူကျင်တောင်သည် ကျောင်း၏သမိုင်းအား ခင်းကျင်းပြသသည့်ပြပွဲခန်းမဆောင်သို့လည်း သွားရောက် လည်ပတ်ခဲ့ပါသည်။ စစ်ဘက်ပါရမီထူးရှိသော အဖွဲ့ကြီးတစ်ဖွဲ့ကို လေ့ကျင့်သင်ကြားပေးခြင်းသည် မိမိတို့၏ တပ်မတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေး နှင့် အင်အားခိုင်မာ တောင့်တင်းရေးတို့အတွက် ပဓာနကျပြီး အရေးကြီးပါကြောင်း ဟူကျင်တောင်က ပြောကြားခဲ့ပါသည်။ အဆင့်မြင့်ဆုံးသော စစ်ဘက် တက္ကသိုလ်တစ်ခုသည် (၁၇)ကြိမ်မြောက် CPC အမျိုးသားကွန်ကရက်၏ အနှစ်သာရကို လေ့လာကြရန်၊ သမိုင်းအစဉ်အလာများကို ပြ သကြရန်နှင့် စစ်ဘက် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခိုင်မာပြီး လျင်မြန်စွာတိုးတက်ခေတ်မီရေးကို တိုးမြှင့်လုပ်ဆောင်ကြရန် သမ္မတ ဟူကျင်တောင်က တိုက်တွန်း ပြောကြားခဲ့ပါသည်။ စစ်သည်များ၏ လေ့ကျင့်မှုဆိုင်ရာ အရည်အသွေးနှင့် သင်ကြားရေး တို့အား မြင့်မား စေရေးကဲ့သို့ တက္ကသိုလ်တစ်ခုအား ပြုပြင်ပြောင်းလဲပြီး ဆန်းသစ်တီထွင်မှုများ ပြုလုပ်ကြရန် လည်း ၎င်းက ပြောကြားခဲ့ပါသည်။ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်သည် အချိန်ကြာမြင့်စွာ ရပ်တည်နိုင်ရေး ထိန်းသိမ်းကြရန်နှင့် ကမ္ဘာ့ အဆင့်မီ စစ်ဘက်တက္ကသိုလ် တစ်ခုဖြစ်လာရေး ကြိုးစားကြရန်တို့ကို Guo က တိုက်တွန်း ပြောကြား ခဲ့ပါသည်။

၁၀။ တရုတ်နိုင်ငံသည် မွန်ဂိုလီးယားမြောက်ပိုင်းရှိ Zhurile လေ့ကျင့်ရေးအခြေစိုက်စခန်း၌ စက်တင်ဘာလ ၁၈ ရက်နေ့မှ စတင်ပြုလုပ်သည့် North Sword 0709 အမည်ရှိ ကျည်စစ် ကျည်မှန် များဖြင့် ပြုလုပ်သော နှစ်ပတ်လည် စစ်ရေးလေ့ကျင့်ခန်းတွင် ၎င်း၏ digital solider အဆိုနှင့် ပတ်သက် သော အယူအဆကို ထုတ်ဖော်ခဲ့ပါသည်။ ၎င်းစနစ်သည် မိမိတို့၏ တပ်များ တိုက်ပွဲဖြ စ်နေစဉ်တွင် ခဲယမ်းမီးကျောက်၊ ရေနှင့် ရိက္ခာ လက်ကျန် မည်မျှရှိသည်ကို တိတိကျကျ သိရှိစေနိုင်သဖြင့် ထောက်ပံ့ရေး ပစ္စည်းများကို ထောက်ပံ့သင့်သော အချိန်တွင် မိမိတို့ ထောက်ပံ့နိုင်သည် ဟု Zhurile လေ့ကျင့်ရေး အခြေစိုက်စခန်း ဒုတိယအကြီးအကဲဖြစ်သူ Zhang Jixiang မှပြောကြားကြောင်း ဆင်ဟွာသတင်းဌာနမှ ဖော်ပြထားပါသည်။ ဝါရှင်တန်အ ခြေစိုက် အပြည်ပြည်ဆိုင်ရာ အကဲဖြတ်ခြင်းနှင့် ့ မဟာဗျူဟာဌာန ဒုတိယအကြီးအကဲဖြစ်သူ Richard Fisher မှ ပြောကြားရာ၌ အဆိုပါစနစ်သည် digital soldier စနစ်တစ်ခုဖော်ဆောင်မှုတွင် တရုတ်နိုင်ငံ၏ ကြိုးပမ်းချက်ဖြစ်ပြီး စစ်သည်တစ်ဦးချင်းကို ဒီဂျစ်တယ် ဗွီဒီယို၊ ကွန်ပျူတာတို့ဖြင့် ချိတ်ဆက်ထားပါသည်။ ရည်ရွယ်ချက်အနေဖြင့် ့ စစ်သည်တစ်ဦးချင်း အတွက် ၎င်း၏ တိုက်ပွဲအခြေအနေကို ပြောကြားနိုင်ရန်နှင့် အခြေအနေပေါ်မူတည်၍ ယခင်ကထက် အဆ တစ်ထောင် ပိုမိုသတိရှိစေမည့် သတင်းရရှိစေသည်ဟု ဆိုပါသည်။ ၎ င်းအပြင် ကိုင် တွယ်ရန် ခက်ခဲပြီး ဖန်သားပြင် သေး ငယ်သော ဒီဂျစ်တယ်ကင်မရာတစ်လုံးကို စစ်သည်၏ သံခမောက်တွင် ချည်နှောင် ထားပါသည်။ အမေရိကန် -တရုတ် စီးပွားရေးနှင့် လုံခြုံရေး ပြန်လည်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်

Larry Wortzel မှ ဤစနစ်သည် Qu Dian စနစ်(သို့မဟုတ်) စီမံကိန်း ၉၉၅ ဒေသဆိုင်ရာ ဘက်စုံ ပေါင်းစည်းထားသော အီလက်ထရောနစ်စနစ် ၏ တစ်စိတ်တပိုင်း ဖြစ်သည်ဟု ဆိုပါသည်။ ဤကိစ္စသည် Qu Dian စနစ်၏ အပြည့်အစုံစမ်းသပ်မှု တစ်ခုဖြစ်နိုင်ပြီး အရေးကြီးကြောင်း၊ ဆိုလို သည်မှာ ယခုအခါ PLA သည် တရုတ်နိုင်ငံတစ်ဝန်းလုံး ၌ အဆင့် အသီးသီးတွင် အမိန့် ပေး ထိန်းချုပ်ရေး စနစ်ရှိပြီး သတင်းခေတ်၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်သည် မှာလည်း ထင်ရှားကြောင်း Larry မှ ပြောကြား ခဲ့ပါသည်။ PLA ၏ နည်းစနစ်အများစု သည် အမေရိကန်နှင့် အခြားတိုးတက်သော တပ်မတော် များ၏ နည်းပညာများနှင့် ဆင်တူကြောင်း၊ PLA သည် အမေရိကန်၏နောက် အနည်းငယ် ရောက်နေသော်လည်း ခေတ်မီ တိုက်ခိုက်ရေး တပ်မတော်တစ်ခုဖြစ်ကြောင်း ဖော်ပြ ထားပါသည်။ Qu Dian စနစ်သည် စစ်နယ်ဝန်းအဆင့် အမိန့်ပေးခြင်း၊ ထိန်းချုပ်ခြင်းဆက်သွယ်ရေး၊ ကွန်ပျူတာ၊ သတင်းထောက်လှမ်းရေး၊ စောင့်ကြည့်ခြင်း၊ ပဲ့ထိန်းစနစ်ဖြင့် ပစ်မှတ်ရှာဖွေပြီး မလွတ်တမ်း လိုက်ခြင်းနှင့် ကင်းထောက်ခြင်း (C4ISR) အဆင့်မြင့် ကွန်ယက်တစ်ခု ဖြစ်ပါသည်။ စစ်မြေပြင် တွင် အလိုအလျောက် စီမံ ခန့်ခွဲနိုင်သော စနစ်တစ်ခု ဖြစ်သဖြင့် ကြည်း /ရေ/လေ တပ်များ ဆက်သွယ်ရေး ကွန်ယက်ပေါင်းစပ်ကာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စနစ်၏ အချက်အချာသည် Feng Huo-1 စစ်ဘက် ဆက်သွယ်ရေး ဂြိုလ်တု ဖြစ်ပြီး ၂၀၀၀ ခုနှစ် အတွင်း လွှတ်တင်ခဲ့ပါသည်။ ၎င်းဂြိုလ်တုသည် တရုတ်နိုင်ငံ တပ်မတော် တပ်ရင်း / တပ်ဖွဲ့များအား C-bandနှင့် အလွန်မြင့်မားသော လှိုင်းနှုန်း (UHF) ဖြင့် ဆက်သွယ်ပေးခြင်းဖြင့် အထောက်အကူ ပြုပါသည်။

၁၁။ PLA ဒုတိယစစ်ဦးစီးချုပ် Chen Xiaogong သည် လာအိုနိုင်ငံ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး Phengchon Soukthavanh ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဘေဂျင်းမြို့၌ တွေ့ဆုံခဲ့ပါသည်။ မကြာသေးမီ နှစ်များအတွင်းကစ၍ တရုတ်-လာအိုဆက်ဆံရေးသည် ကျယ်ပြန့်ပြီး လေးနက် မှုရှိသော လမ်းကြောင်းမှ ဖွံ့ဖြိုးလျှက်ရှိပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးတွင် အရေးကြီးသော တစ်စိတ်တစ်ပိုင်းအဖြစ် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းနယ်ပယ်များနှင့် အဆင့်အတန်း ပုံမှန်ချဲ့ထွင်မှုများ တစ်လျှောက် တဖြည်းဖြည်းပုံ မှန်ခိုင်မာလာခြင်းဖြစ်ပါသည်။ တရုတ်တပ်မတော် သည် လာအိုတပ်မတော် နှင့်ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းခြင်းနှင့်၎င်းတို့၏သက်ဆိုင်ရာ တပ်မတော်များ အား တည်ထောင်မှုကို တိုးမြှင့်လုပ်ဆောင်ရာတွင် အတူတကွလုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း Chen မှ မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။

၁၂။ **သုံးသပ်ချက်**။ တရုတ်တပ်မတော်က ကုန်စည်ဈေးနှုန်းများ မြင့်မားလာချိန်တွင် စစ်သည်များ အတွက် ပုံမှန်စားနပ်ရိက္ခာထောက်ပံ့မှုများ အလေးထားလုပ်ဆောင်ရာ၌ စားနပ်ရိက္ခာ အခြင်အတွယ် များကို အပြည့်အဝဖြစ်စေရေး၊ အစားအစာအတွက် အပိုထောက်ပံ့ကြေးများ ပေးအပ်ရေးနှင့် ရိက္ခာ ထောက်ပံ့ငွေ တစ်ရက်လျှင် ၁၀ ယွမ်ရရှိရာမှ ၁၁ ယွမ် (အမေရိကန် ဒေါ်လာ ၁.၄၅)ထိ တိုးမြှင့်ပေးရေး

တို့ကို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထိုကဲ့သို့သော ဆောင်ရွက် ပေးမှုများသည် ကုန်ဈေးနှုန်း ပြောင်းလဲမှုကို ထေမိစေရန်၊ စစ်သည် များ အစားအစာပိုမိုရရှိစေရန်၊ စစ်သင်တန်းများ အတွက် စွမ်းအားပြည့်ဝနေစေရန်၊ တောင် ့ တင်းခိုင်မာသော ကိုယ်ခန္ဓာရရှိကြရန်တို့အတွက် ဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

၁၃။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်သည် တစ်နှစ်ကျန်းမာရေး အသုံးစရိတ်ငွေကို တစ်ဦးလျှင် ၇၂ ယွမ်(အမေရိကန်ဒေါ်လာ ၉.၅)မှ ၁၈၀ ယွမ်(အမေရိကန် ဒေါ်လာ ၂၃.၇)၊ အငြိမ်းစား အရာရှိများနှင့် စစ်မှုထမ်းဆောင်ဆဲ အရာရှိများ၏ တစ်နှစ်အတွက် ဆေးရုံတက်ရောက်ကုသမှုစရိတ်ကို ၃၅၀၀၀ ယွမ်(အမေရိကန် ဒေါ်လာ ၄၆၀၅)မှ ၅၄၀၀၀ ယွမ်(အမေရိကန်ဒေါ်လာ ၇၁၀၅)၊ စစ်မှုထမ်းများ ၏ မိသားစုဝင်များအား တစ်နှ စ်အတွက် တစ်ဦးလျှင် ပျော်ရွှင်မှုအသုံးစရိတ်ကို ၁၀၀ ယွမ် (အမေရိကန် ဒေါ်လာ ၂၃.၇)၊ စစ်သည်များ၏ အစားအသောက် ပိုမိုကောင်းမွန်စေရန်နှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ထေမိစေရန် စားသောက်စရိတ် ထောက်ပံ့ငွေကို တစ်ရက်အတွက် တစ်ဦးလျှင် ၁၀ ယွမ်မှ ၁၁ ယွမ် (အမေရိကန်ဒေါ်လာ ၁.၄၅)သို့ တိုးမြှင့်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၄။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်သည် ဆောင်းရာသီ လူသစ်စုဆောင်းရေး စည်းရုံး လှုံ့ဆော်မှုကို စတင်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို စတင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပညာအရည်အချင်းသတ်မှတ်ချက်အနေဖြင့် ကျေးလက် ဒေသတွင် အလယ်တန်းအဆင့် အောင်မြင်သူများ၊ မြို့ပြမှ အငယ်တန်းကောလိပ်နှင့် ့ အသက်မွေးမှုဆိုင်ရာကျောင်းများမှ အောင်မြင်ပြီးသူများနှင့် ့ အသက် ကန့်သတ်ချက်အနေဖြင့် အသက် ၁၈ နှစ် နှင့် ့ ၂၀ နှစ်အကြားရှိ အမျိုးသားများ၊ အသက် ၁၈ နှစ် သို့မဟုတ် ၁၉ နှစ်ရှိ အမျိုးသမီးများနှင့် အဆင့်မြင့်ပညာ အောင်မြင်ပြီးသည့် အမျိုးသားများအတွက် အသက် ၂၂ နှစ်ထိ တိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ဆောင်းရာသီကာလ၌ တစ်နှစ်လျှင် တစ်ကြိမ် လူသစ် စုဆောင်းခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ယခုလူသစ်စုဆောင်းမှုတွင် ခေတ်မီတပ်မတော်အတွက် အရည်အချင်းရှိစေရန် အသက်ငယ်ရွယ်သည့် ကျား /မများ၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်သူ များအား စည်းရုံးစုဆောင်းခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

၁၅။ PLA သည် စစ်မှုထမ်းများအတွင်း တံစိုးလက်ဆောင်ပေးအပ်သော နည်းလမ်းဖြင့် တပ်မတော် သို့ဝင်ရောက်လာသော အရည်အချင်းမပြည့်မီသ ည့် တပ်သားသစ်များအား တားဆီးကာကွယ်ရန် လူသစ် စုဆောင်းမှုဆိုင်ရာ စစ်ဆေးချက်ပုံစံသစ်များကို ချမှတ်ခဲ့ရာ အဆိုပါ ဥပဒေအား ချိုးဖောက်သည့် လူသစ် စုဆောင်းသူများအား ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်မည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၆။ ဘေဂျင်းမှ ကောလိပ်ကျောင်းသားများ တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းကြရန် ၎င်းတို့၏ စိတ်ဆန္ဒအရ စိတ်အား ထက်သန်စွာဖြင် ့ စာရင်းရေးသွင်း လက်မှတ်ရေးထိုး လျက်ရှိကြကြောင်းနှင့် ့

တရုတ်နိုင်ငံတွင် ဆောင်းရာသီ လူသစ်စုဆောင်းမှုကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဘေဂျင်းမြို့၌ ကျင်းပခဲ့ရာ စ စ်ဘက်မှ မျှော်မှန်း ထားသောအရေအတွ က်ထက် ကျော်လွန်ခဲ့ကြောင်း၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းသားများအား တပ်မတော်သို့ ဝင်ရောက်ရန် တွန်းအားပေး ဆောင်ရွက်ရန် ပိုမိုဦးစားပေးသော မူဝါဒများကို စီစဉ်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၇။ PLA တပ်မတော်တွင် လေယာဉ်မောင်း သင်တန်းများ၏ အသက် ကန့်သတ်ချက်ကိုလည်း ၁၇ နှစ်မှ ၂၀ နှစ်အကြားရှိရမည်မှ ၁၆ နှစ်မှ ၁၉ နှစ်သို့ လျှော့ချလိုက်သည့်အပြင် လေသူရဲ လျှောက်ထားသူများသည်ပထမအဆင့်အနေဖြင့်အမျိုးသားကောလိပ်ဝင်ခွင့်စာမေးပွဲအောင်မြင်ရမည်ဖြစ် ပြီး ရေး /ဖြေ စာမေးပွဲအား သင်္ချာ၊ အင်္ဂလိ ပ်စာ (သို့မဟုတ်) ရုရှားဘာသာ စကားများကို ဒုတိယအဆင့်အနေဖြင့် ဖြေဆို ကြရမည်ဖြစ်ကြောင်းနှင့် ပညာသင်နှစ် တစ်ပိုင်းတစ်ဆနှင့် ထွက်သွားမည်ဆိုလျှင် သင်တန်းသားများသည် လေ့ကျင့်ရေးကာလ ကုန်ကျစရိတ် အားလုံးကို ပြန်လည် ပေးချေရမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၁၈။ တရုတ်နိုင်ငံသည် အီလက်ထရောနစ် စစ်မြေပြင်နည်းစနစ်သစ်များ စမ်းသပ်ခြင်းနှင့် နိုင်ငံ အဆင့်ကာကွယ်ရေးဆိုင်ရာ လက်တွေ့စမ်းသပ်ခန်းများ တည်ထောင်သွားရန်ရှိကြောင်း လေ့လာသိရှိ ရပါသည်။ တရုတ်တပ်မတော်သည် ခေတ်မီသမားရိုးကျ စစ်ပွဲတစ်ရပ်ကို ဆင်နွှဲနိုင်ရေးအတွက် ဦးတည် လုပ်ဆောင်လျက်ရှိသော်လည်း နောင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ခေတ်သစ်စ ်ပွဲများအတွက် အီလက် ထရောနစ်ဆိုင်ရာ စစ်မြေပြင်နည်းစနစ်သစ်များကို စမ်းသပ်လုပ်ကိုင်နေခြင်း ဖြစ်နိုင်ကြောင်း လေ့လာ သုံးသပ်ရပါသည်။

## လာအိုနိုင်ငံ

၁။ လာအိုတပ်မတော်တပ်ရင်းများသည် ၂၀၀၆-၂၀၀၇ နှစ်ပတ်လည်ဘက်ပေါင်းစုံ အုပ်ချုပ် ထောက်ပံ့မှုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် သင်ခန်းစာရယူ၍ လာမည့်နှစ် ညွှန်ကြားချက်စီမံကိန်းများ ဆောင်ရွက်ရေး အစည်းအဝေးအား အောက်တိုဘာလအကုန်မှ နိုဝင်ဘာလ အစောပိုင်းထိ ကျင်းပခဲ့ပါ သည်။ ဗီယင်ကျန်းပြည်နယ် တပ်ရင်းများသည် လွန်ခဲ့သောနှစ်အတွင်း တပ်ရင်းတစ်ခုစီ၏ ခိုင်မာသော အလားအလာများနှင့်အညီ ရန်ပုံငွေရှာဖွေရေး ၄ မျိုး၊ ၄ ကောင်စိုက်ပျိုးမွေးမြူရေး ဆောင်ပုဒ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ခရိုင်များရှိ တပ်ရင်းများအကြား နီးကပ်စွာ ဦးဆောင်ကြီးကြပ် ခြင်းအားဖြင့် တပ်မတော်စားနပ်ရိက္ခာနှင့် စစ်သည်၏ နေထိုင်မှုအခြေအနေကို နိုင်နင်းစွာ ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ခဲ့ပါသည်။ မိုးရာသီကာလအတွင်း ဗီယင်ကျန်းပြည်နယ်အတွင်းရှိ ခရိုင်များသည် အခက်အခဲများကြောင့် ကန့်သတ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသော်လည်း အုပ်ချုပ်ထောက်ပံ့ကြီးကြပ်မှု လုပ်ငန်း ကောင်းမွန်မှုကြောင့် အလွန်ဝေးကွာသော ဒေသများရှိ တပ်ရင်းများအား ရိက္ခာထောက်ပံ့မှုတွင် ပုံမှန်တစ်နေ့ ထမင်း ၃ ကြိမ် ကျွေးနိုင်ရေး အာမခံပေးနိုင်ခဲ့ပါသည်။ အစည်းအဝေး၏ အရေးကြီးဆုံး

အချက်မှာ လစာငွေများကို တစ်နေ့ ၂၀၀၀ ကစ်မှ ၂၅၀၀ ကစ်အတွင်း ညှိနှိုင်းပေးရေး ကာကွယ်ရေး ဝန်ကြီး၏ ညွှန်ကြားချက်၊ ရိ က္ခာဝေစုဝင်ငွေခွန်၊ လူမှုရေးအာမခံနှင့် အခြားကိစ္စရပ်များအတွင်း ငွေကြေး ဆုံးဖြတ်ခြင်းတို့ ဖြစ်ပါသည်။ Savannakhet ပြည်နယ် C4 တပ်ရင်းပါတီကော်မတီ ဌာနချုပ်သည် စစ်သည်များ လူနေမှုအခြေအနေ ပိုမိုတိုးတက်ရေး ဖြေရှင်းရန် ကုန်ထုတ်လုပ်မှုနှင့် မွေးမြူ ရေးမြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိပြီး လွန်ခဲ့သော ကာလက စိုက်ပျိုးရေးနှင် ့ မွေးမြူရေးမှ ဝ ျ င်ငွေ ကစ် ၆၄၄၀၀၀၀ ရရှိနိုင်ခဲ့ပါသည်။

၂။ ဗီယင်ကျန်းပြည်နယ် စစ်ဌာနချုပ်သည် ၂၀၀၇ ခုနှစ်အပေါ် အပြီးသတ်သင်ခန်းစာ ရယူ၍ ၂၀၀၈ ခုနှစ် ရည်မှန်းချက်တာဝန်နှင့် နိုင်ငံရေးဘဝအကောင်အထည်ဖော်ဆောင်ရွက်ရေး အစည်းအဝေး အား ၂၀၀၇ ခုနှစ် နိုဝင်ဘာလ အစောပိုင်းတွင် ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးအား ပြည်နယ်ပါတီ အမြဲတမ်းကော်မတီ၊ စစ်ဌာနချုပ်၏ တပ်မတော်ရေးရာအကြီးအကဲ Col. Sidalo Chongteng Chiasa က သဘာပတိအဖြစ် ဆောင်ရွက်၍ ၅ ရက်ကြာကျင်းပခဲ့ပြီး တပ်ရင်းအကြီးအကဲများနှ င့် ဗီယင်ကျန်း ပြည်နယ်တစ်ဝန်းရှိ တပ်ရင်းများမှ တပ်မတော်သား ၁၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ဗီယင်ကျန်းပြည်နယ် စစ်ဌာနချုပ်သည် တစ်နှစ်တာလုံးအတွက် ကာကွယ်ရေးဝန်ကြီး ဌာနက ချမှတ်ထားသော အဓိက တာဝန် ကြီး ၃ ရပ်နှင့် လုပ်ငန်းစဉ် ၉ ရပ်အား ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက် ချမှတ် ခဲ့ပါသည်။ ကျေးလက်ဒေသ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ နိုင်ငံရေး အခြေခံများကိုလည်း တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

၃။ ကျေးလက်ဒေသဖွံ့ဖြိုးမှုနိုင်ငံရေးအခြေခံ တည်ဆောက်ရေးလုပ်ငန်းသင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းအခမ်းအနားကို Kaysone PHOMVIHANE နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ခန်းမ၌ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့က ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပါတီဗဟိုကော်မတီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Maj-Gen. Somphet THIPMALA ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ဌာနဆို င်ရာညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ဒေသန္တရနှင့် အမြဲတမ်း တပ်ဖွဲ့မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းဆင်း အခမ်းအနား၌ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး Maj-Gen. Chansamone CHANGNALAT က ပြောကြား ရာတွင် ပေါ်ပေါက်လာသော အခြေအနေ၊ ပါတီနှင့် အစိုးရဘာသာရေးဆိုင်ရာမူဝါဒကို အောင်မြင်အကျိုး ရှိစွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ ကျေးရွာနှင့် ကျေးရွာအုပ်စု လုံခြုံရေး တပ်ဖွဲ့ များ၏ လုပ်ငန်းတာဝန်အခန်းကဏ္ဍတို့အတွက် စီးပွားရေးကို စွဲမြဲနက်နဲစွာ ထိန်းသိမ်းလိုက်နာရေး၊ လွှမ်းခြုံ ပြည့်စုံသော လမ်းညွှန်ချက်၊ အောက်ခြေအဆင့် ပါတီ၏ စွမ်းရည်တိုး မြှင့်ရေးနှင့် လူထုအဖွဲ့အစည်း များ၏ လုပ်ငန်းကဏ္ဍ တိုးချဲ့ရေးစသည်တို့ကို ဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားခဲ့ပါသည်။ ကာကွယ်ရေး ဒုတိယဝန်ကြီးကပြောကြားရာတွင် သင်တန်းသားတိုင်းသည် သင်ခန်းစာများ၊ ပါတီ၏မူဝါဒ လမ်းညွှန်ချက်၊

အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုကိုလေ့လာ၊ ပံ့ပွား လက်ကိုင်ထား၍ အာရုံစိုက်ဆောင်ရွက်ကြရေး၊ လူတစ်ဦးချင်းစီ၏ နိုင်ငံရေးတာဝန်ရှိမှုကို မြှင် ့တင်ရေး၊ ဗဟိုကချုပ်ကိုင်သော ဒီမိုကရေစီရှိမှု နှင့်အတူ လုပ်နည်းလုပ်ဟန်များကို အလေးထားဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများကြွယ်ဝချမ်းသာရေးအတွက် တပ်တွင်းတပ်ပြင် စည်းလုံးညီညွတ်မှု တိုးတက် မြင် ့မားရေး စသည်တို့ကို ဆောင်ရွက်ကြရန်လိုကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

၄။ ကမ္ဘာ့ရေနံဈေးနှုန်းမြင့်မားလာမှုကြောင့် လာအိုနိုင်ငံတွင် မြို့တော် ဗီယင်ကျန်းအပါအဝင် အချို့သောဒေသများ၌ လောင်စာဆီထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မကြာသေးမီက မြင့် တက်လာခဲ့ကြောင်း လာအိုနိုင်ငံမှ ဗီယင်ကျန်းတိုင်းမ်တွင် ဒီဇင်ဘာလ ၃ ရက်နေ့၌ ဖော်ပြထားပါသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ ဗီယင်ကျန်းမြို့တွင် ရှားပါးလာသော လောင်စာဆီ ထုတ်ကုန်များ၏ တစ်လီတာဈေးနှုန်းမှာ ကစ် ၁၀၆၄၀ (အမေရိကန်ဒေါ်လာ ၁.၁ ဒေါ်လာခန့်)မှ ကစ် ၁၀၉၁၀ (အမေရိကန်ဒေါ်လာ ၁.၂ ဒေါ်လာ)နှင့် ပုံမှန်လောင်စာဆီထုတ်ကုန်များ၏ ဈေးနှုန်းများမှာ ကစ် ၉၈၄၀ (အမေရိကန်ဒေါ်လာ ၁ ဒေါ်လာကျော်)ရှိရာမှ ကစ် ၁၀၂၄၀(အမေရိကန်ဒေါ်လာ ၁.၁ ဒေါ်လာ နီးပါး )ထိနှင့် ဒီဇယ်ဈေးနှုန်းမှာ ၈၇၅၀ ကစ်(အမေရိကန်ဒေါ်လာ ၀.၉)မှ ၉၁၀၀ ကစ်(အမေရိကန်ဒေါ်လာ ၁ ဒေါ်လာနီးပါး)ထိ မြင့်တက်လာခဲ့ပါသည်။

၅။ ထိုင်းနိုင်ငံသည် လာအိုနိုင်ငံမှ ရေအားလျှပ်စစ်ဓါတ်အား နောက်ထပ် ၂၀၀၀ မဂ္ဂါဝပ်ဝယ်ယူရန် သဘောတူညီခဲ့ပြီး စွမ်းအင်ဝန်ကြီး Piyasvasti Amranand ၏ပြောကြားချက်အရ စုစုပေါင်း ရေအားလျှပ်စစ်ဓါတ်အား ၇၀၀၀ မဂ္ဂါဝပ်ဝယ်ယူရန်ရှိကြောင်း သိရှိရပါသည်။ ၎င်းနိုင်ငံ နှစ်ခုသည် ၂၀၀၅ခုနှစ်တွင်လျှပ်စစ်ဓါတ်အား၅၀၀၀မဂ္ဂါဝပ်ဝယ်ယူရန်အတွက်နားလည်မှုစာချွန်လွှာကိုကနဦးကလက်မှတ် ရေးထိုးခဲ့ကြောင်း စက်တင်ဘာလ ၇ ရက်နေ့က စဥ်ဆက်မပြတ် ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ကမ္ဘာ့ဘဏ်နှီးနှောဖလှယ်ပွဲတွင် Dr.Piyasvasti ကပြောကြားခဲ့ပါသည်။ နောက်ထပ် ဝယ်ယူမည့် လျှပ်စစ်ဓါတ်အားသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ လျှ ပ်စစ်ဖြန့်ဖြူး ပေးသော လျှပ်စစ်ကြိုးကွန်ယက်စနစ်သို့ ထည့်သွင်းရန် အသင့်ဖြစ်လိမ့်မည်ဟု Dr. Piyasvasti မှ မျှော်လင့်ပါသည်။ နောက်ထပ် ၂၀၀၀ မဂ္ဂါဝပ်အတွက် အရောင်းအဝယ်စာချုပ်ကို လက်မှတ်မရေးထိုးမီ ယခုလတွင် ၅၀၀၀ မဂ္ဂါဝပ်အတွက် ဓါတ်အားဝယ်ယူမှုသဘောတူစာချုပ်(PPA)ကိုလက်မှတ်ရေးထိုးရန်ထိုင်းနိုင်ငံလျှပ်စစ်ဓါတ်အားထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ (Egat)မှ မျှော်လင့်နေပါသည်။ လာအိုနိုင်ငံ သည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် တစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံအတွင်းရှိ မြစ်များသည် နိုင်ငံတော် စီးပွားရေး တိုးတက်မှုကို အဓိက အထောက်အကူပြုနိုင်သည့် လျှပ်စစ်စွမ်းအား ၂၀၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်စွမ်း ရှိနေပါသည်။ ထိုင်းနိုင်ငံ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (Egat) သည် လာအိုနိုင်ငံ၏

လျှပ်စစ်ဓါတ်အားကို အဓိကဝယ်ယူသူ ဖြစ်နေပါသည်။ လာအိုနိုင်ငံတွင် တည်ရှိဆဲ ထုတ်လုပ်နိုင်စွမ်းသည် ၇၀၀ မဂ္ဂါဝပ်မျှသာ ရှိပါသည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် Nam Theun 2 တမံတည်ဆောက်ပြီးစီးပါက ၁၈၀၀၀ မဂ္ဂါဝပ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်လိမ့်မည် ဖြစ်ပါသည်။ Egat သည် Nam Theun 2 ဓါတ်အားစက်ရုံမှ အဓိကဝယ်ယူသူလည်း ဖြစ်လာလိမ့်မည် ဖြစ်ပါသည်။ ဒေါ်လာ ၁.၁ ဘီလီယံ ကုန်ကျမည့် Nan Theun 2 စီမံကိန်းသည် လာအိုအစိုးရ၊ ပြင်သစ် EDF နှင့် ထိုင်း ကုမ္ပဏီ ၂ ခု တို့ ပါဝင်သည့် ယာယီပူးပေါင်းထားသော ကုမ္ပဏီ အဖွဲ့အစည်းများမှ ဆောက်လုပ်နေခြင်း ဖြစ်ပါသည်။

၆။ ၂၀၀၇ ခုနှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (Egat)သည် လာအိုနို င်ငံ စီမံကိန်း ၄ ခုမှရရှိမည့် လျှပ်စစ်ဓာတ်အား ၁၄၆၀ မဂ္ဂါဝပ်ဖြင့် စီးပွားရေး လုပ်ငန်းများကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်းတွင် စတင်လုပ်ဆောင်ရန် စီစဥ်ထားပါသည်။ လာအို အစိုးရပိုင် Theun Hinboun လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကုမ္ပဏီသည် ထိုင်း လျှပ် စစ်ဓာတ်အား ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ (Egat)နှင့် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် လျှပ်စစ် ဓာတ်အား ဝယ်ယူရေးစာချုပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား ပမာဏ ၂၂၀ မဂ္ဂါဝပ်ကို ၂၀၁၂ ခုနှစ်မှ စတင်ရရှိမည်ဖြစ်ပါသည်။ အခြား ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတစ် ခုဖြစ်သော Nam Ngum 3 ကို မဟာမဲခေါင်ဒေသ ကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ Marubeni ကော်ပိုရေးရှင်းတို့က ပူးပေါင်း လုပ်ဆောင်ကြပါသည်။ ၂၀၁၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ပမာဏ ၄၄၀ မဂ္ဂါဝပ်စတင် ထုတ်လုပ် နိုင်မည် ဖြစ်ပါသည်။ Nam Theum 1 ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကို မလေးရှားနိုင်ငံမှ Gamuda ကုမ္ပဏီနှင့် Egco Group အမ䝨ားပိုင် ကုမ္ပဏီတို့ ပူးပေါင်းတည်ထောင်ပြီး ၂၀၁၃ ခုနှစ်တွင် မဂ္ဂါဝပ် ၅၂၃ ပမာဏ စတင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Nam Ngiep ဓါတ်အား ထုတ်လုပ်ရေး စီမံကိန်းကို Egat အဖွဲ့နှင့် ဂျပန်နိုင်ငံမှ Kan Sai လျှပ်စစ် ကုမ္ပဏီတို့က ပူးပေါင်း ဆောင်ရွက်ကြပြီး ၂၀၁၄ ခုနှစ်တွင် ဓာတ်အားပမာဏ ၂၇၇ မဂ္ဂါဝပ် စတင်ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် လာအိုအစိုးရထံမှ လျှပ်စစ်ဓာတ်အား ပမာဏ ၅၀၀၀ မဂ္ဂဝပ် ဝယ်ယူရန် သဘောတူညီပြီး ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်ကပင် ထိုင်းနိုင်ငံသို့ ၂၁၀ မဂ္ဂါဝပ် ထုတ်နိုင်သည့် Theum Hlboun နှင့် ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် Houag Ho ရေအားလျှပ်စစ်ထုတ်စက်ရုံတို့က ဓာတ်အားများ ထောက်ပံ့ပေးခဲ့ ကြပါသည်။

၇။ တရုတ်နိုင်ငံအစိုးရနှင့် လာအိုနိုင်ငံတို့သည် လာအိုနိုင်ငံ မြောက်ပိုင်းရှိ Luang Prabang အပြည်ပြည်ဆိုင်ရာ လေ ဆိပ်အား အဆင့်မြင့်တင်မှု ပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၅၇.၈ သန်း သုံးစွဲရန်အတွက် သဘောတူညီမှု တစ်ရပ်အား အောက်တိုဘာလ ၂၂ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ပါ သည်။ လာအိုနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအရာရှိများ၊ လာအိုနိုင် ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်

အခြား အရာရှိကြီးများက သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ကုမ္ပဏီသ ည် လေဆိပ် ပြင်ဆင် ဆောက်လုပ်ခြင်းအား ၄၅ လအတွင်း အပြီးဆောင်ရွက်မည် ဖြစ်သည်။ ၎င်းလုပ်ငန်းတွင် အသစ် တည်ဆောက်ခြင်းများ အနေဖြင့် ၃၀၁၃၉ စတုရန်းပေ၊ ၂၈၀၀ မီတာရှိ လေယာဉ်ပြေးလမ်း၊ အငှားယာဉ် သွားလမ်း ၂ ခု၊ ၈၀၇၂၉ စတုရန်းပေ၊ ၇၅၀၀ စတုရန်းမီတာရှိ လေဆိပ်သို့ ဝင်လမ်း၊ ထွက်လမ်းနှင် ့ ကားရပ်နားရန်နေရာတို့ ပါဝင်သည်။ လေဆိပ်ရှိ လေယာဉ်ရုံကိုလည်း Boeign 737s (သို့မဟုတ်) ATR 320s လေယာဉ် လေးစီးဝင်ဆံ့သည်အထိ တိုးချဲ့ဆောင်ရွက်ခြင်း၊ ခေတ်မီဆန်းသစ်သော လျှပ်စစ်ပိုင်း ဆိုင်ရာ ပြုလုပ် ခြင်း နှင့် လေယာဉ်ထုတ်လုပ်မှု ရေဒီယိုစနစ်များကိုလည်း တပ်ဆင်သွားမည်ဖြစ်သည်။ တရုတ် CAMC ကုမ္ပဏီ အနေဖြင့် လေဆိပ်အတွက် နည်းပညာဆိုင်ရာ ဝန်ထမ်းများကိုလည်း လေ့ကျင် ့ သင်ကြားပေးသွားမည် ဖြစ်သည်။

၈။ မဲခေါင်မြစ်ကိုဖြတ်ကျော် တည်ဆောက်မည့် ထိုင်း -လာအို ချစ်ကြည်ရေး တံ တားအမှတ်(၃) တည်ဆောက်ရေး သဘောတူညီချက် မူကြမ်းတစ်ရပ်ကို ထိုင်းအစိုးရအဖွဲ့မှ ဒီဇင်ဘာလ ၄ ရက်နေ့က အတည်ပြုခဲ့ပါသည်။ နှစ်နိုင်ငံအကြား ပဋိညာဉ်စာချုပ်ကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် လက်မှတ် ရေးထိုးရန် မျှော်လင့်ထားပြီး ကုန်ကျစရိတ်ကို ထိုင်းအစိုးရမှ တာဝန်ယူမည်ဖြစ် ကြောင်း Thai News Agency အရ သိရှိရပါသည်။ အဆိုပါတံတားအသစ်သည် ထိုင်းနိုင်ငံ Nakhon Phanom ပြည်နယ် အရှေ့မြောက်ပိုင်းနယ်စပ်ဒေသနှင့် လာအိုနိုင်ငံ Khammoune ပြည်နယ်တို့ကို ဆက်သွယ်ပေးမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ မှတ်တမ်းတင်ထားမှုအရ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ လာအိုနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွင်းကုန်တန်ဘိုးမှာ ထိုင်းဘတ်ငွေ ၁.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၄. သန်း)နီးပါးရှိပြီး လာအိုနိုင်ငံသို့ ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဘိုးမှာ ထိုင်းဘတ်ငွေ ၃၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈၉၆ သန်း)ကျော်ရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံနှင့် ကုန်းတွင်း ပိတ် လာအိုနိုင်ငံအကြား ဆက်သွယ်သော အမှတ် (၂)ချစ်ကြည်ရေးတံတားကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ တွင် ဖွင့်လှစ်ခဲ့ပြီး ၎င်းတံတားသည် လာအိုနိုင်ငံ Savannakhet ပြည်နယ်နှင့် ထိုင်းနိုင်ငံ အရှေ့မြောက် ပိုင်း ဒေသရှိ Mukdahan ပြည်နယ်တို့ကို ဆက်သွယ်ပေးထားပါသည်။ ၎င်းချစ်ကြည်ရေးတံတားသည် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံအကြား သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြုပ 鈆谷နှံမှုနှင့် ခရီးသွား လုပ်ငန်း အဆင်ပြေချောမွေ့စေသည်သာမကဘဲ ထိုင်းနိုင်ငံနှင် ့ ဗီယက်နမ်အလယ်ပိုင်း ဒေသအကြား အဆိုပါ လုပ်ငန်းများကိုလည်း အဆင်ပြေချောမွေ့စေလိမ့်လည်ဟု မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်း တစ်ရပ်အရ သိရှိရပါသည်။

၉။ လာအို-ဗီယက်နမ်နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ပတ်သက်၍ မူလက ပြုလုပ်ခဲ့သော အချက် အလက်များအား ပြင်ဆင်ပြီး နယ်နိမိတ်ပြန်လည်သတ်မှတ်ခြင်း သဘောတူစာချုပ်အား နောက်ဆက်တွဲ

ဖြည့်စွက်ချက်များနှင့်အတူ နှစ်နိုင်ငံလုံးမှ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လက်မှတ် ရေးထိုးခြင်းအား Thua Thien-Hue ပြည်နယ် အလယ်ပိုင်း Hue မြို့တွင် နှစ်နိုင်ငံကိုယ်စားလှယ်များမှ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ ပြုလုပ်ခဲ့သော (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၏ နောက်ဆုံးနေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေသော တရားဝင် အထောက်အထားများအား အပြီးသတ်ချုပ်ဆိုခြင်း ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေး၌ နှစ်နိုင်ငံနယ်စပ်ဇရိယာအတွင်း တည်ငြိမ်ရေး၊ လူမှုဘဝလုံခြုံ ရေး၊ အမိန့်ညွှန်ကြားချက်များအား လိုက်နာမှုရှိရေး၊ နှစ်နိုင်ငံပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု မြှင့် တင်ကူညီရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီကြရေးတို့ကို နှစ်ဘက်စလုံးမှ သဘောတူညီခဲ့ကြပါသည်။ နယ်စပ်ရေးရာ ကိုင်တွယ်ဖြေ ရှင်းရမည့် ကိစ္စများနှင့် ဆက်စပ်သည့် မဖြေရှင်းရသေးသော အချို့ကိစ္စရပ်များအား ဖြေရှင်းရန် အသိအမှတ်ပြုခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကိုလည်း သဘောတူညီခဲ့ကြောင်း၊ ထို့အပြင်သတင်းအချက်အလက်ဖလှယ်ရေး၊ ပေါ်ပေါက်လာသော အရေးကိစ္စများတွင် ပူးတွဲစစ်ဆေးခြ င်း၊ ပူးတွဲကင်းလှည့်ခြင်းများ ဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။ နှစ်နိုင်ငံကိုယ်စားလှယ်များသည် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန် ဖလှယ်မှုပြုကြရေး၊ နယ်နိမိတ်လုံခြုံရေးထိန်းသိမ်းရာတွင် ညှိနှိုင်းဆောင်ရွက်ရန် တို့အား အလေးပေး ဆွေးနွေး ခဲ့ပါသည်။ ထို့ပြင် နယ်စပ်ဒေသ၌ တရားမဝင် အိမ်ထောင်ပြုခြင်း၊ အခြေမဲ့ပြောင်းရွှေ့နေထိုင်ခြင်းကိစ္စများနှင့် ၂၀၀၈ ခုနှစ် Landmark System အား အဆင့်မြှင့်တင်ရေးစီမံချက်ကို ပူးတွဲအကောင်အထည်ဖော်ရန် နှစ်ဘက်စလုံးမှ ဆွေးနွေးခဲ့ကြပါသည်။

၁၀။ လာအိုနိုင်ငံသည် ဘင်္ဂလားဒေ့ ရှ်နိုင်ငံမှ ဆေးဝါးများ၊ ဘိလပ်မြေ၊ ကြွေထည်မြေထည်ပစ္စည်း၊ အင်ဂျင်နီယာလုပ်ငန်း အပေါ့စားထုတ်ကုန်များ၊ သားရေထည်၊ စတီးနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းရန် စိတ်ဝင်စားလျှက်ရှိကြောင်း အောက်တိုဘာလ ၂၁ ရက်နေ့က အလည်အပတ်ရောက်ရှိနေသော လာအိုနိုင်ငံမှ နို င်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Phongsavath Boupha မှ ပြောကြားခဲ့ပါသည်။ ၎င်းမှ ဘင်္ဂလားဒေ့ရှ်စီးပွားရေး လုပ်ငန်းရှင်များအား လာအိုစီးပွားရေး လုပ်ငန်းရှင်များနှင့် ရေအားလျှပ်စစ်၊ ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းပိုင်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအတွက် လာရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သံတမန်ရေးရာ ဆက်သွယ်မှုများတည်ထောင်ပြီးနောက် လာအိုနိုင်ငံမှ ပထမဆုံးအဆင့်မြင့်အရာရှိကြီးများ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သည့် Boupha သည် ဘင်္ဂလားဒေ့ရှ် စီးပွား ရေးလုပ်ငန်းရှင် အသင်းနှင့် ဒါကာမြို့တွင်ဆွေးနွေးပွဲ၌ တွေ့ဆုံပြောကြားခဲ့ပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ် အတောအတွင်း ရရှိသောအချက်အလက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လာအိုနိုင်ငံသို့ ဒေါ်လာ ၀.၆၂ သန်းတန် ပစ္စည်းများတင်ပို့ရောင်းချခဲ့စဉ်တွင် လာအိုနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒေါ်လာ ၀.၇ သန်းတန် ကုန်ပစ္စည်းများ တင်သွင်းခဲ့ပါသည်။

၁၁။ ထိုင်းနိုင်ငံအတွင်း Phetchabun တွင် ထိန်းသိမ်းထားသော မှုံဒုက္ခသည် ၈၀၀၀ အား မိခင်လာအိုနိုင်ငံသို့ပြန်ပို့ခဲ့ပါက ထိုင်းနိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံး၏ အပြစ်တင် ဝေဖန်ပြောကြားချက်များနှင့် ရင်ဆိုင် ရနိုင်ကြောင်း၊ ထိုင်းနိုင်ငံမှ ၂၀၀၈ ခုနှစ် နောက်ဆုံးထား၍ လာအိုနိုင်ငံသို့ အပြီးပြန်ပို့သွားမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် လာအိုနိုင်ငံ နယ်စပ်ပူးတွဲကော်မတီမှ ၂၀၀၈ ခုနှစ်အတွင်း အဆိုပါ မှုံဒုက္ခသည်များအား မိခင်နိုင်ငံရင်းသို့ ပြန်ပို့ရန် လွန်ခဲ့သော ၃ နှစ်ခန့်မှစ၍ ဒုက္ခသည်များအား Phetchabun ရှိ Ban Huay Nam Kha တွင် စတင်စုစည်းခဲ့ကြပြီး ၎င်းတို့သည် လာအိုနိုင်ငံ နေရာအနှံ့အပြားမှ ရောက်ရှိလာကြသူများဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ မိခင်နိုင်ငံသို့ ပြန်ပို့ရေးကိစ္စများ အကူအညီပေးရန် စဦးစားလျက်ရှိပြီး ထို့အပြင် ထိုင်းအစိုးရ မှ ဗီယန်ကျန်းမြို့ မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာအဝေးရှိ Ban Kasi ဒေသ၌ ပြန်လည် နေရာချထားရေး စခန်းများတွင် အစိုးရမဟုတ်သော Ngo အဖွဲ့များ၊ ဆေးကုသရေးနှင့် ကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး Medicins Sans Frontieres ထံသို့ စခန်းများ ဖွင့်လှစ်ရန် တောင်းဆိုမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ တောင်းဆိုချက်များအား လာအိုအစိုးရမှ ယခုထိ သဘောမတူသေးကြောင်း၊ ယခုနှစ် မေလနှင့် ဇွန်လတို့တွင် ထိုင်းနိုင်ငံမှ လာအိုနိုင်ငံသို့ ပြန်လည်စေလွှတ်ခြင်းခံခဲ့ရသော မှုံဒုက္ခသည် ၁၉၁ ဦး အား အပြည်ပြည်ဆိုင်ရာ အခွင့် အရေးများ မပေးခဲ့ကြောင်း၊ ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အင်ဒိုချိုင်းနား စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့များနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရသည့် မှုံလူမျိုးများကို ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် လူသားမဆန်စွာ ပြုမူဆက်ဆံခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့နှင့် လွတ်ငြိမ်းချမ်းသာရေးအဖွဲ့တို့မှ ပြစ်တင်ဝေဖန် ပြောကြားမှုများရှိကြောင်း သိရှိရပါသည်။ Phetchabun မှ လူအမြောက်အများ ရောက်ရှိလာသောအခါ မြေခွဲဝေပေးရေးအား ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း Kasi ဒေသအကြီးအကဲ Surasak Asakittikun မှ ပြောကြားခဲ့ပါသည်။ ယခုထိ လာအိုအစိုးရမှ မိသားစုတစ်စုချင်းအား တစ်နှစ်စာလိုအပ်သော အိမ်သုံးပစ္စည်းအချို့နှင့် တစ်နေ့လျှင် လာအိုသုံး ငွေ ကစ် ၁၅၀၀ အား ထောက်ပံ့ခဲ့ကြောင်း ဖော်ပြထားပါသည်။ လာအိုနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ၏ ပြစ်တင်ဝေဖန် ရှုတ်ချခြင်း မခံရသော်လည်း အမြင်ရှင်းအောင် ပြဿနာ ဖြေရှင်းလိုပါက ပြန်လည်ရောက်ရှိလာသော မှုံဒုက္ခသည်များ အတွက် လယ်ယာမြေလုပ်ကိုင်ခွင့်၊ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အား ကတိအတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း သတင်း၌ဖော်ပြထားပါသည်။

၁၁။ **သုံးသပ်ချက်**။ တင်ပြပါကာလအတွင်း လာအိုနိုင်ငံတွင် တပ်ရင်း/တပ်ဖွဲ့၊ အမြဲတမ်းတပ်ဖွဲ့နှင့် ဒေသတပ်ရင်းများ၏ အုပ်ချုပ်ထောက်ပံ့ရေးလုပ်ငန်း ညှိနှိုင်းအစည်းဝေးကို ကျင်းပခဲ့ကြောင်း၊ ဗီယင်ကျန်း ပြည်နယ် တပ်ရင်းများသည် ရန်ပုံငွေရှာဖွေရေး ၄ မျိုး ၄ ကောင် စိုက်ပျိုးမွေးမြူရေးဆောင်ပုဒ်အား အလေးထား လိုက်နာဆောင်ရွက်ခဲ့ ကြောင်း၊ အလွန်ဝေးကွာသောဒေသရှိ တပ်ရင်းများအား ရိက္ခာ ထောက်ပံ့မှုတွင် ပုံမှန် တစ်နေ့ ထမင်း ၃ ကြိမ်ကျွေးနိုင်ရေး အာမခံပေးနိုင်ခဲ့ကြောင်း၊ အစည်းအဝေးတွင်

အားနည်းချက်များအား ဖော်ထုတ်ရန် သင်ခန်းစာရေးဆွဲခဲ့ကြကြောင်း၊ အစည်းအဝေး၏ အရေးကြီးဆုံး အချက်မှာ လစာငွေများအား တစ်နေ့ ၂၀၀၀ ကစ် မှ ၂၅၀၀ ကစ် အတွင်း ညှိနှိုင်းပေးခဲ့ကြောင်း၊ လွန်ခဲ့သော ကာလက စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ဝင်ငွေ ကစ် ၆၄၄၀၀၀၀ ရရှိခဲ့ကြောင်း သိရှိရပါသည်။

၁၂။ ဗီယင်ကျန်းပြည်နယ်စစ်ဌာနချုပ်၏ ၂၀၀၇ ခုနှစ် သင်ခန်းစာရေးဆွဲမှုနှင့် ညွှန်ကြားချက်ဆိုင်ရာအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ဗီယင်ကျန်းပြည်နယ် စစ်ဌာနချုပ်သည် ၂၀၀၇ ခုနှစ်အပေါ် အပြီးသတ် သင်ခန်းစာရယူ၍ ၂၀၀၈ ခုနှစ် ရည်မှန်းချက်တာဝန်နှင့် နိုင်ငံရေးဘဝ အကောင်အထည်ဖော်ဆောင်ရွက်ရေးအစည်းအဝေးကိုလည်း ပြုလုပ်ခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနက ချမှတ်ထားသော အဓိကတာဝန်ကြီး ၃ ရပ်နှင့် လုပ်ငန်းစဥ် ၉ ရပ်အား သိရှိရပါသည်။ အဆိုပါ အစည်းအဝေးတွင် လွန်ခဲ့သော တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အထူးသဖြင့် တည်ရှိဆဲ နိုင်ငံရေးဦးဆောင်မှုအင်အားတည်ဆောက်မှု တိုးတက်ကောင်းမွန်ရေး၊ တပ်ဖွဲ့ဝင် တည်ဆောက်မှု၊ တိုက်ပွဲဝင်ရန် အသင့်ဖြစ်ရေး၊ အောက်ခြေအဆင့် တည်ဆောက်မှုနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

၁၃။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု နိုင်ငံရေးအခြေခံ တည်ဆောက်ရေးလုပ်ငန်း သင်တန်းအမှတ်စဥ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ကာကွ ယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းဆင်းပွဲတွင် ကာကွယ်ရေးဒုတိယဝန်ကြီးက ပြောကြားရာတွင် သင်တန်းသားတိုင်းသည် သင်ခန်းစာများ၊ ပါတီ၏ မူဝါဒလမ်းညွှန်ချက်၊ အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးထိန်းသိမ်း စောင့်ရှောက်မှုကို လေ့လာပျံ့ပွား လက်ကိုင်ထား၍ အာရုံစိုက်ဆောင်ရွက်ကြရေး၊ လူတစ်ဦးစီ၏ နိုင်ငံရေးတာဝန်ရှိမှုကို မြှင့်တင်ရေး၊ ဗဟိုကချုပ်ကိုင်သော ဒီမိုကရေစီရှိမှုနှင့်အတူ လုပ်နည်းလုပ်ဟန်များကို အလေးထား ဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများ ကြွယ်ဝချမ်းသာရေး အတွက် တပ်တွင်းတပ်ပြင်စည်းလုံးညီညွတ်မှု တိုးတက်မြင့်မားရေး စသည်တို့ကို ဆောင်ရွက်ကြရန် အလေးထား မှာကြားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၄။ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်မားလာမှုကြောင့် လာအိုနိုင်ငံတွင် မြို့တော် ဗီယင်ကျန်း အပါအဝင် အချို့သော ဒေသများ၌ လောင်စာဆီထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မကြာသေးမီက မြင့်တက်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ လောင်စာဆီထုတ်ကုန်များ၏ တစ်လီတာဈေးနှုန်းမှာ ကစ် ၁၀၆၄၀ မှ ကစ် ၁၀၉၁၀ နှင့် ဒီဇယ်ဆီ ဈေးနှုန်းမှာ ကစ် ၈၇၅၀ မှ ကစ် ၉၁၀၀ ထိ မြင့်တက်ခဲ့ကြောင်းနှင့် ၂၀၀၇ ခုနှစ်အတွင်းလောင်စာဆီဈေးနှုန်းများမှာ (၉)ကြိမ်တိုင် မြင့်တက်ခဲ့ရာ၌ (၂)ကြိမ်သာ ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အရှေ့အလယ်ပိုင်းဒေသ နို င်ငံတစ်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးအဆင်မပြေမှုများအပြင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနို င်ငံများ၏ လောင်စာဆီ

စွမ်းအင်အား တစ်ဟုန်ထိုး သုံးစွဲနေမှုတို့ကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်နိုင်ကြောင်းနှင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းရေးမှာ လတ်တလောဖြစ်လာနိုင်ဖွယ်မရှိကြောင်း လေ့လာသုံးသပ်ရပါသည်။

၁၅။ လာအို ပြည်တွင်းလေကြောင်းပို့ဆော င်ရေးအကြီးအကဲနှင့် တရုတ်နိုင်ငံမှ CAME ကုမ္ပဏီအကြီးအကဲတို့သည် လာအိုနိုင်ငံမြောက်ပိုင်းရှိ Luang Prabang အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင့်မြှင့်တင်မွမ်းမံမှုအတွက် အမေရိကန်ဒေါ် လာ ၅၇.၈ သန်း ကုန်ကျခံသုံးစွဲမည့် စီမံကိန်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း လေ့လာသိ ရှိရပါသည်။ အဆိုပါလေဆိပ် အဆင့်မြှင့်တင် ပြုပြင်မွမ်းမံမှုမှာ အချိန်ကာလအားဖြင့် ၄၅ လ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် Boeing လေယာဉ်ကြီးများ ဆင်းသက်နိုင်မည် ဖြစ်သည့်အပြင် ခေတ်မီဆန်းသစ်သော လျှပ်စစ်ပိုင်းဆိုင်ရာစနစ်များ လေဆိပ်အတွင်း တပ်ဆင်ထားမည် ဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။ သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်မှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်တာများတွင် တစ်ခန်းတစ်ကဏ္ဍမှ အရေးပါကြောင်း၊ လာအိုအစိုးရသည် လေဆိပ်အား အဆင့်မြှင့်တင် မွမ်းမံမှုကို အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်နေခြင်းဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် သဘောတူညီထားပြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်ထံမှ ဆေးဝါးနှင့် ဘိလပ်မြေများ တင်သွင်းရန် စိတ်အားထက်သန်လျက်ရှိပါသည်။ ၁၉၈၈ ခုနှစ်မှစ၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသော လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်မှ လာအိုနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၀.၇ သန်း တန်ဖိုးရှိ ကုန်ပစ္စည်း များ တင်သွင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ထိုင်းနိုင်ငံ

၁။ စင်္ကာပူ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့သည် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စင်္ကာပူနိုင်ငံ Paya Lebar လေတပ်အခြေစိုက်စခန်း၌ ၎င်းတို့၏နှစ်စဉ်ပုံမှန်ပြုလုပ်နေကြဖြစ်သော လေတပ်လေ့ကျင့်မှုတစ်ခုဖြစ်သည့် Exercise Cope Tiger ဖွင့်ပွဲအခမ်းအနားတစ်ရပ်ကို ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အဆင့် ၂ ဆင့်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စင်္ကာပူကာကွယ်ရေးဝန်ကြီးဌာန၏ ကြေငြာချက်တွင် ဖော်ပြထားပါသည်။ ၃ ရက်ကြာမြင့်သည့် ပထမအဆင့်ကို Command Post Exercise ဟု ခေါ်တွင်ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်က Paya Lebar လေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ပါသည်။ စစ်ရေးလေ့ကျင့်မှုတွင် ရည်မှန်းချက်များအား စီမံချက်ရေး ဆွဲခြင်း လေ့ကျင့်ခန်းနှင့် တပ်မှူးများ၏ ရည်မှန်းချက်များ လေ့ကျင့်ခန်းတို့ ပါဝင်ကြောင်း၊ ဒုတိယအဆင့်မှာ Flying Training

Exercise ဖြစ်ပြီး လေယာဉ် ၉၆ စီးနှင့်စစ်သည် ၁၀၀၀ ကျော်ပါဝင်ကြမည်ဖြစ်ကာ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ထိ ထိုင်းနိုင်ငံ ခိုရတ်၌ ပြုလုပ် သွားမည်ဖြစ်ကြောင်း အဆိုပါကြေငြာချက်တွင် ဖော်ပြထားပါသည်။ လေတပ်ဖွဲ့ ၃ ခုမှ အမှုထမ်းများသည် အရပ်ဖက် လူမှုရေးလုပ် ငန်းများတွင် ပါဝင်ကူညီမှုအဖြစ် ခိုရတ်ရှိ ရပ်ကွက်တစ်ခုတွင် ဆေးဝါးနှင့် သွား ကုသမှုဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးကြရေး ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ကြေငြာချက် တွင် ထပ်လောင်းဖော်ပြထားပါသည်။ Exercise Cope Tiger သည် ၁၉၉၄ ခုနှစ် ကတည်းက နှစ်စဉ် ပုံမှန် ပြုလုပ်နေကြ လေ့ကျင့်မှု တစ်ရပ်ဖြစ်ပါသည်။ အဆိုပါလေ့ကျင့်ခန်းသည် ပါဝင်လေ့ကျင့်သော လေတပ်ဖွဲ့များအတွင်း လုပ်ငန်း ဆိုင်ရာများကို မြှင့်မားစေသည့်အပြင် အဆိုပါ လေတပ်ဖွဲ့များအကြား ရင်းနှီးသောလုပ်ငန်းဆိုင်ရာ နားလည်မှုနှင့် အမြင်ချင်းဖလှယ်မှုများကို တိုးတက်စေကြောင်း ကြေငြာချက် တွင် ဖော်ပြထားပါသည်။

၂။ အိန္ဒိယနှင့် ထိုင်းတပ်မတော်တို့သည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းပြည်နယ် Jharkhand တွင် ပူးတွဲလေ့ကျင့်မှုဆိုင်ရာ မူဘောင်များအတွင်းမှ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးဆိုင်ရာ နည်းဗျူဟာများကို ဆောင်ရွက်ခဲ့ကြပါသည်။ ၁၇ ရက်ကြာ လေ့ကျင့်မှုသို့ ထိုင်းနှင့် အိန္ဒိယတို့မှ တပ်ဖွဲ့ ဝင် ၅၀ စီ စေလွှတ်ခဲ့ကြပြီး စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ကြောင်း IANS သတင်းဌာနမှ သတင်း ထုတ်ပြန်ခဲ့ပါသည်။ အိန္ဒိယနှင့် ထိုင်းနှစ်နိုင်ငံအကြား "ချစ်ကြည်ရေး"ဟု အဓိပ္ပါယ်ရသော Maitree ဟု အမည်ဝှက်ပေးထားသည့် ပူးတွဲလေ့ကျင့်မှုသည် ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် တပ်မတော် နှစ်ရပ်အကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်သွားရန် ရည်ရွယ်ပါသည်။ အဆိုပါပူးတွဲ လေ့ကျင့်မှုသည် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု အောက် တွင် တပ်မတော်နှစ်ရပ်အကြား ပထမဆုံးအကြိမ်ပြုလုပ်သည့် လေ့ကျင့်မှုဖြစ်ပါသည်။ ယခု လေ့ကျင့်မှုသည် မိမိတို့ နိုင်ငံအတွင်း သောင်းကျန်းသူများ နှိမ်နင်းရေးဆိုင်ရာ စစ်ဆင်မှုများ လုပ်ဆောင်မှုတွင် အထောက် အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့သည် ပူးတွဲလေ့ကျင့်မှုအတွင်း သော င်းကျန်းသူများနှင့် သက်ဆိုင်သော အိန္ဒိယတပ်မတော်၏ အတွေ့အကြုံများကို မျှ ဝေရရှိမည် ဖြစ်ကြောင်း တော်ဝင် ထိုင်းတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး Vinai Pimai က TANS သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ ၎င်းလေ့ကျင့်ရေး၏ အရေးပါသောအပိုင်းမှာ မြို့တွင်းသောင်းကျန်းမှု တန်ပြန် စစ်ဆင်ရေးများအား စစ်သည်များ လေ့ကျင့်ကြခြင်းဖြစ်ပါသည်။ တပ်ဖွဲ့ဝင်များသည် အောင်မြင်သော သောင်းကျန်းမှု တန်ပြန် စစ်ဆင်မှုများအတွက် မရှိမဖြစ်လိုအပ်သော နည်းဗျူဟာမြောက် အဖွဲ့ငယ်များဖြင့် အခြေခံကျသော လေ့ကျင့်မှုများကိုလည်း လေ့ကျင့်ကြမည်ဖြစ်ပါသည်။ မြို့တွင်း၌ ဖြစ် စဉ်များတွင် အောင်မြင်စွာ စစ်ဆင်နိုင်ရန် လျင်မြန်သော နည်းစနစ်တစ်ခုအဖြစ် ရဟတ်ယာဉ်များမှ ဒုံးပစ်ခတ် ချေမှုန်းခြင်း၊ ကြိုးဖြင့် တက်ဆင်းပြုလုပ်ခြင်း၊ လျှပ်တပြက်ချေမှုန်း တိုက်ခိုက်ခြင်းတို့ကို ပူးတွဲလေ့ကျင့်ခဲ့ကြကြောင်း သတင်းဌာန တစ်ခုက ထုတ်ပြန် ကြေညာခဲ့ပါသည်။ ယ ခုကဲ့သို့သော စစ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုသည် အိန္ဒိယ နိုင်ငံက လျင်မြန်စွာ တိုးတက်လာသော အရှေ့ဘက် အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာအောင်

ကြိုးပမ်းမှုသည် အိန္ဒိယ၏ "အရှေ့မျှော်ဝါဒ"အတွက် အရေးပါသော တစ်စိတ်တစ်ပိုင်းကို ဖြစ်ပေါ် စေကြောင်း စစ်ဘက်ဆိုင်ရာလေ့လာသူများက ပြောကြားကြပါသည်။ အိန္ဒိယနိုင်ငံသည် အာဆီယံအဖွဲ့ဝင် မလေးရှား၊ မြန်မာ၊ စင်္ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံများနှင့် ရေကြောင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကို ထူထောင်ထားရှိပါသည်။

၃။ ထိုင်းနိုင်ငံသည် တပ်ဖွဲ့ဝင် ၈၀၀ ကို ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့နှင့် အာဖရိကပြည်ထောင်စုတွင် တစ်နှစ်တာ တာဝန်ထမ်းဆောင်ရန် စေလွှတ်မည် ဖြစ်ပါသည်။ ထိုင်းတပ်ဖွဲ့များသည် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထွက်ခွာ မည်ဖြစ်ပါသည်။ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်သည် အာဖရိကပြည်ထောင်စု (AU)၏ ကြီးကြပ်မှုအောက်တွင် လက်ရှိအချိန်၌ မိုးခေါင်ရပ်ဝန်းတစ်ခုဖြစ်သည့် ဒါဖာတွင် စောင့်ကြပ်လျက်ရှိပါ သည်။ သို့သော် ထိုင်းတပ်ဖွဲ့များသည် အင်အား ၂၆၀၀၀ ရှိ အာဖရိကပြည်ထောင်စု -ကုလသမဂ္ဂပူးပေါင်း တပ်ဖွဲ့ဝင် ၂၆၀၀၀ ခန့်တွင် ယခု နှစ်ကုန်ပိုင်း၌ အစားထိုးလဲလှယ်ရလိမ့်မည် ဖြစ်ပါသည်။ ထိုင်းတပ်ဖွဲ့ဝင် များသည် ဒါဖာတွင် အာဖရိက -ကုလသမဂ္ဂပူးပေါင်းစစ်ဆင်ရေး(UNAMID)နှင့် ပူးပေါင်းလိမ့်မည် ဖြစ်ကြောင်း အောက်တိုဘာလ ၉ ရက်နေ့က ကြေညာချက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖော်ပြထား ပါသည်။ ထိုင်းနိုင်ငံသည် ကုလသမဂ္ဂ၏နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းမှု အခန်းကဏ္ဍ တွင် အထောက်အပံ့ဖြစ်ရန် အလို့ငှာ (UNAMID)နှင့် ပူးပေါင်းရန် ကိရိယာတန်ဆာများနှင့် လူအင်အား နှစ်ရပ်စလုံးကို စွမ်းဆောင်နိုင်စွမ်း ရှိကြောင်း၊ ယခုတာဝန်သည် ထိုင်းစစ်သည်များ၏ စွမ်းရည်မြင့်မားရေး ကိုလည်း ကူညီထောက်ပံ့လိမ့် မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ တပ်များ ဖြန့်ခွဲချထားမှုသည် ပထမ ၆ လအတွက် ထိုင်းနိုင်ငံသည် ဘတ်ငွေ သန်း ၃၅၀ ကုန်ကျ လိမ့်မည် ဖြစ်ပါသည်။ ကုန်ကျစရိတ်များကို ကုလသမဂ္ဂမှ ကျခံလိမ့်မည် ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

၄။ တပ်မတော်နှင့် ကာကွယ်ရေးဝန်ကြီးဌာနအတွက် စစ်လက်နက် ပစ္စည်းများ ရရှိရေးအတွက် ဘတ်ငွေ၇.၇ ဘီလီယံတန်ဖိုးဝယ်ယူရန်ကာကွယ်ရေးဝန်ကြီးဌာန၏ တင်ပြတောင်းဆိုမှုကိုစက်တင်ဘာလ ၂၅ ရက်နေ့တွင် ကက်ဘိနက်မှ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ အတည်ပြုချက်သည် နောင်လာမည့် ၄ နှစ်အတွက် အစိုးရ၏ ခွင့်ပြုငွေများထဲမှ ဖြစ်ပါသည်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Boonrawd Somtas သည် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးစီမံကိန်းများကို ပွင့်ပွင့်လင်းလင်း ကြိုတင်ပြင်ဆင် ထားကြောင်း၊ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးလုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်မှုနှင့် တစ်စုံ တစ်ရာဖုံးကွယ်သည့် အစီအစဉ်များမရှိကြောင်းတို့ကို ကက်ဘိနက်အစည်းအဝေးတွင်ပြောကြားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ထိုင်းတပ်မတော်သည် အစ္စရေးထံမှ Negev အမျိုးအစား အပေါ့စား စက် သေနတ် ၉၉၂ လက် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဝယ်ယူမှုသည် ဘတ်ငွေ ၂၅၈ သန်း တန်ဖိုး ရှိကြောင်း၊ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်ကာလအတွင်း အသုံးစရိတ်မှ ပေးချေ ရမည်ဖြစ်ကြောင်း

နှင့် အဆိုပါ လက်နက်များသည် မြို့ပြဒေသတွင် အသုံးပြုရန် သင့်တော်သဖြင့် အစ္စရေး လုပ် အပေါ့စား စက်သေနတ်များကို ရွေးချယ်ရခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြထားပါသည်။ ထိုင်းတပ်မတော်သည် ယူကရိန်းထံမှ ဘတ်ငွေ ၃.၉ ဘီလီယံကုန်ကျမည့် BTR-3 ET Type သံချပ်ကာလူသယ်ယာဉ် ၉၆စီးကို ဝယ်ယူသွားမည် ဖြစ်ပါသည်။ ငွေပေးချေမှုကို ၄ နှစ်အတွင်းပေးချေသွားရမည် ဖြစ်ပါသည်။ ထိုင်း ကာကွယ်ရေးဝန်ကြီးဌာနသည် အစ္စရေးထံမှ ဘတ်ငွေသန်း ၉၆၀ ကုန်ကျမည့် ၅.၅၆ မီလီမီတာ Tavor TAR-21 အမျိုးအစား ချေမှုန်းရေးရိုင်ဖယ် ၁၅၀၀၀ လက်ကို ဝယ်ယူမည်ဖြစ်ပြီး ငွေပေးချေမှုကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် အကြား အသုံးစရိတ်များမှ ပေးချေသွားမည်ဖြစ်ပါသည်။ ထိုင်းရေတပ်မတော်သည် China Precision Machinery Import - Export Co ထံမှ ဘတ်ငွေ ၁.၆ သန်းတန်ဖိုးရှိ ရေပြင်မှ ရေပြင်ပစ် C-80ZA အမျိုးအစား ပဲ့ထိန်းဒုံးများ ဝယ်ယူသွားမည်ဖြစ်ပါသည်။ အဆိုပါ ဒုံးစနစ်များ ဝယ်ယူမှုကို ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ် အတွင်း အရစ်ကျပုံမှန်ပေးချေသွားမည်ဖြစ်ပြီး ၎င်းဒုံးစနစ်များကို ဖျက်သင်္ဘော ၄ စီးတွင် တပ်ဆင်ထားသော C-801 ဒုံးစနစ်များနေရာတွင် အစားထိုးသွားမည် ဖြစ်ပါသည်။ ထိုင်းလေတပ်မတော်သည် ၎င်းတို့၏ C-130H သယ်ယူပို့ဆောင်ရေးလေယာဉ် ၆ စီး၏ အီလက်ထရွန်နစ် နည်းပညာများအား အဆင့်မြှင့်တင်ရေးအတွက် ဘတ်ငွေ ၁ ဘီလီယံခန့် အသုံးပြုသွားမည် ဖြစ်ပါသည်။ ထိုင်းလေကြောင်း စက်မှုလုပ်ငန်းကုမ္ပဏီသည် ထောက်ပံ့ဖြည့်ဆည်းပေးသော ကုမ္ပဏီတစ်ခုဖြစ်ပြီး အဆင့်မြှင့်တင် မွမ်းမံမှု များအတွက် ကုန်ကျစရိတ်ကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နိုင်ငံတော် ကုန်ကျစရိတ်မှ သုံးစွဲသွားမည် ဖြစ်ပါသည်။ 12C-130H သယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်တစ်ခုလုံး အဆင့်မြှင့်တင် မွမ်းမံမှုလုပ်ငန်း မှာ ပြီးစီးလုနီးပါး ဖြစ်ပါသည်။ ကနဦးကာလက 12 C-130 H လေယာဉ် ၆ စီးအား အဆင့်မြှင့်တင်မွမ်းမံ မှုပြုလုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အသုံးစရိတ်မှ ဘတ်ငွေ သန်း ၉၀၀ ကုန်ကျခဲ့ပါသည်။ အဆိုပါ လေယာဉ်များ၏ အီလက်ထရွန်နစ်စနစ်များမှာ ခေတ်နောက်ကျနေပြီ ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားပါသည်။

၅။ တော်ဝင်ထိုင်းလေတပ်မတော်သည် ၂၀၁၂ ခုနှစ်မတိုင်မီ ၂၀၀၈ ခုနှစ်အတွက် နှစ်စဉ် ပုံမှန် အသုံးစရိတ်မှ (အမေရိကန်ဒေါ်လာ သန်း ၅၀၀)ဘတ်ငွေ ၁၉ ဘီလီယံတန်ဖိုးရှိ ဆွီဒင်နိုင်ငံလုပ် Gripen အမျိုးအစား တိုက်လေယာဉ် ၆ စင်းပါ လေယာဉ်အုပ် တစ်အုပ်ကို ဝယ်ယူရန် ဆုံးဖြတ်ထားပါကြောင်း နိုဝင်ဘာလ ၁၇ ရက်နေ့တွင် TNA သတင်းတစ်ရပ်၌ ဖော်ပြထားပါသည်။ Gripen - JAS - 39 C/D တိုက်လေယာဉ်သည် ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်ကြောင်း၊ အဆိုပါလေယာဉ်များကို ၂၀၁၁ ခုနှစ် တွင် သက်တမ်းကုန်ဆုံးမည့် အမေရိကန်လုပ် F-5E တိုက်လေယာဉ်များနေရာတွင် အစားထိုးလဲလှယ်ရန် စီမံထားကြောင်း လေတပ်ဦးစီးချုပ် Chahit Phukbasuk ၏ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားပါ သည်။ အမေရိကန်လုပ် F-16 Fighting Falcon နှင့် ရုရှားနိုင်ငံလုပ် SU-30 တိုက်လေယာဉ်များ ထက် လေတပ်ဖွဲ့တွင်စွမ်းဆောင်နိုင်သော ဆွီဒင်လုပ်တိုက်လေယာဉ်များတွင် အဆင့်မြင့်လေကြောင်း လမ်းညွှန်

စနစ်များနှင့် ဒုံးစနစ်များ တပ်ဆင်ထားပါသည်။ နှစ်ပေါင်း ၂၀ ကာလအတွက် တိုက်ခိုက်ရေး စွမ်းရည် အသင့်ဖြစ်မှု အခြေအနေ အဆင့်အတန်းအတွက် စီစဉ် ချမှတ်ထားသော ဘက်စုံသုံး Gripen တိုက်လေယာဉ်များသည် လေတပ်မတော်၏ လေကြောင်းကာကွယ်ရေး စွမ်းရည်ကို မြှင့်တင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်းနှင့် အခြားသော နည်းဗျူဟာမြောက် ကာကွယ်ရေး တပ်ဖွဲ့များနှင့်အတူ စစ်ဆင်ရေးတာဝန်များကို ဆက်စပ်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း Chalit က ပြောကြားခဲ့ပါသည်။

၆။ ထိုင်းနိုင်ငံ၏ ရေတပ်ခေတ်မီဖွံ့ဖြိုးရေး အစီအစဉ်အရ ထိုင်းဘတ်ငွေသန်း ဘီလီယံများစွာ သုံးစွဲကုန်ကျမှုတစ်စိတ်တစ်ပိုင်းအဖြစ် ရေငုပ်သင်္ဘောဝယ်ယူရန် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကြိုးစားတောင်းခံလျှက်ရှိကြောင်း ထိုင်းနိုင်ငံ၏ ပင်လယ်ပြင်နှင့် သဘာဝသယံဇာတများ ကာကွယ်တားဆီးရန် ထိုင်းနိုင်ငံတွင် ရေငုပ်သင်္ဘောမရှိသေးကြောင်း၊ ငွေကြေးကုန်ကျမှုများစွာ အကုန်ကျခံဝယ်ယူမည့် ရေငုပ်သင်္ဘောအတွက် ထောက်ခံမှုမရှိပါက ကျူးကျော်ထိပါးလာခြင်းအား တွန်းလှန်ရန် (သို့မဟုတ်) ရေပိုင်နက်နယ်အား ချိုးဖောက်ဝင်ရောက်မှုအား တားဆီးရန် ပျက်ကွက်ခဲ့ခြင်းအတွက် မိမိတို့ လက်နက်ကိုင်တပ်ဖွဲ့ အပေါ် အပြစ်မတင်သင့်ကြောင်း၊ ထိုင်းရေတပ်မှ လွန်ခဲ့သော ၁၀ နှစ်ကျော်မှ ရေငုပ်သင်္ဘောဝယ် ယူရန် အကြိမ်များစွာ ကြိုးစားခဲ့သော်လည်း ဈေးနှုန်းမြင့်မားမှုကြောင့် အောင်မြင်မှု မရရှိခဲ့ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Boonrawd Somtas မှ ထိုင်းတပ်မတော်၏ မဟာဗျူဟာကွန်ဖရင့်၏ ၂ ရက်ကြာဆွေးနွေးပွဲ ပထမနေ့တွင် ၎င်းမှ အသိပေးပြောကြားခဲ့ပါသည်။

၇။ ထိုင်းနိုင်ငံသည် စွမ်းအင်လိုအပ်ချက်များကြုံတွေ့နေရမှုကိုဖြေရှင်းနိုင်ရန်ကြိုးပမ်းအားထုတ်မှု၌ နောင်လာမည့် ဆယ်စုနှစ်တစ်ခုတွင် ၎င်းတို့၏ ပထမဆုံးသော နျူကလီးယားစွမ်းအင် စက်ရုံတည်ဆောက်ရန် ရည်ရွယ်ထားသဖြင့်၊ နျူကလီးယားဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၂၀၀ ဦးခန့်ကိုရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးချုပ်က စက်တင်ဘာလ ၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ အကြီးမားဆုံး စွမ်းအင်ဆိုင်ရာ လုပ်ငန်းသည် ၂၀၂၀ ခုနှစ်တွင် လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသည့် စက်ရုံ တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီမံထားပါသည်။ ထိုင်းနိုင်ငံမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ EGAT သည် နျူကလီးယား အထောက်အကူပစ္စည်း အစီအမံများဖြင့် မဂ္ဂါဝပ် ၄၀၀၀ ရှိ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မည်ဟု ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံသည် လက်ရှိကာလ၏ လျှပ်စစ်ဓါတ်အားသည် ၇၀ ရာခိုင်နှုန်းကို သဘာဝဓါတ် ငွေ့နှင့် ကျန် ၃၀ ရာခိုင်နှုန်းကို ရေနံ၊ ကျောက်မီးသွေး၊ ရေအားလျှပ်စစ်တို့ပေါ်တွင် မှီခိုနေရပါသည်။ ထိုင်းနိုင်ငံအတွင်း သဘာဝဓါတ်ငွေ့အသုံးပြုမှု၏ ၃ ပုံ ၁ ပုံကို ပြည်ပမှ တင်သွင်းနေရပြီး အဓိကအားဖြင့် အိမ်နီးချင်းမြန်မာနိုင်ငံမှ ဖြစ်ပါသည်။ EGAT သည် သဘာဝဓါတ်ငွေ့နှင့် ရေနံဈေးနှုန်းများ အနာဂတ်ကာလတွင် မြင့်မားလာနိုင်မည့်အပေါ် စိုးရိမ်ပူပန်မှုကြောင့် တည်ငြိမ်မှုရှိသည့် စွမ်းအင်အရင်းအမြစ် တစ်ခုဖြစ်သော

နျူကလီးယား စွမ်းအင်ကို မျက်စိကျလာပါသည်။ ထိုင်းနိုင်ငံသည် လွန်ခဲ့သော နှစ် ၃၀ ကျော်ကတည်းက နျူကလီးယား စွမ်းအင်ကို ပထမဆုံး စိတ်ဝင်စားခဲ့ဘူးသော်လည်း ထိုင်းပင်လယ်ကွေ့အတွင်း သဘာဝဓါတ်ငွေ့သိုက်များ တွေ့ရှိပြီးနောက်တွင် အဆိုပါအတွေးအခေါ်များ ပျောက်ကွယ်ခဲ့ရပါသည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်မည့် နောက်ဆုံး ၁၅ နှစ် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ်နှင့် ယခုအခါတွင် သဘာဝဓါတ်ငွေ့များ တဖြည်းဖြည်း လျော့နည်းလာမှုအတွက် နျူကလီးယားစွမ်းအင်ကို စဥ်းစားရခြင်းဖြစ်ကြောင်း စွမ်းအင်ဆိုင်ရာ သတင်းဌာနတစ်ခုမှ ဖော်ပြခဲ့ပါသည်။

၈။ သောင်းကျန်းမှုများ အဆက်မပြတ်ဖြစ်ပွားနေမှုကို နှိမ်နင်းရန် တောင်ပိုင်းစွန်းဒေသသို့ တပ်ဖွဲ့များ တပ်ဖြန့်ချထားရေး စစ်တိုင်း ၄ တိုင်းလုံးမှာ အမိန့်ပေးခြင်းခံ ရပါသည်။ မိမိတို့သည် တောင်ပိုင်းဒေသ အခြေအနေတစ်ခုလုံးအား ကိုင်တွယ်ရေး အမှတ် (၄) စစ်တိုင်းအား ခွင့်ပြုနိုင်မည် မဟုတ်ကြောင်း၊ တပ်မတော်တစ်ရပ်လုံးက ကူညီ ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး အနုပေါင်၏ ပြောကြားချက်ကို ကိုးကား၍သတင်းအရင်းအမြစ်တစ်ခုက ဖော်ပြပါသည်။ အဆိုပါ အစီအစဥ်သစ်အောက်တွင် အမှတ်(၁)စစ်တိုင်းသည် တောင်ပိုင်းစွန်းပြည်နယ် တစ်ခုအား အပြည့်အဝထိန်းချုပ်လိမ့်မည် ဖြစ်သည်။ ဗိုလ်ချုပ်ကြီး အနုပေါင်သည် စစ်တိုင်းများမှ ဒုတိယ စစ်တိုင်းမှူးများအား ဗိုလ်ချုပ်အဆင့် ရှိသူများဖြစ်စေလိုပြီး တပ်ရင်းတပ်ဖွဲ့များအား တိုက်ရိုက်ကိုင်တွယ် ထိန်းသိမ်းနိုင်သူများဖြစ်စေလိုကြောင်း သတင်းတစ်ရပ်က ဆိုပါသည်။ နောက်ထပ်ရောက်ရှိလာမည့် အရာရှိများနှင့် စစ်သည်များသည် တောင်ပိုင်းစွန်းဒေသတွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များအား မည်သို့ လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ချက်ချ လုပ်ဆောင်နိုင်ကြောင်း သတင်းတစ်ရပ်က ဆိုပါသည်။ တစ်ချိန်က အောင်မြင်မှု ရရှိသော တပ်ရင်းတပ်ဖွဲ့များအား အဆင့်ရာထူးတိုးမြှင့်ပေးခြင်းနှင့် အောင်မြင်မှု မရရှိသူများအားရာထူးနေရာ ရွှေ့ပြောင်းခြင်းတို့ ရှိကြောင်း ဗိုလ်ချုပ်ကြီးအနုပေါင်၏ ပြောကြားချက်ကိုကိုးကား၍ သတင်းဌာနတစ်ခုကဖော်ပြခဲ့ပါသည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် အဆိုပါ မဟာဗျူဟာ ထုတ်ဖော်ကြေညာမှု မတိုင်မီ ၂ ရက်အလို၌ ဗိုလ်ချုပ်ကြီး အနုပေါင်သည် တောင်ပိုင်းစွန်း ဒေသအတွင်း ပြင်ဆင်ဆောင်ရွက်နေမှုများအား စစ်ဆေးရန် သွားရောက်ခဲ့ပါသည်။ ယခုအချိန်၌ မငြိမ်မသ က်မှုဖြစ်နေ သောပြည်နယ် ၄ ခုတွင် စစ်သည်နှင့် ရိန်းဂျား များ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် အရေအတွက် ၂၆၀၀၀ ချထားပါသည်။ စစ်သည်များအားတပ်ရင်း ၁၈ ရင်းဖြင့် ခွဲခြားအုပ်ချုပ်ပြီး တပ်ရင်းတစ်ရင်းစီတွင် စစ်သည် ၈၂၆ ဦး ရှိပါသည်။ ဗိုလ်ချုပ်ကြီး အနုပေါင်သည် လက်ရှိတပ်ရင်း အရေအတွက်ကို တပ်ရင်း ၃၃ ရင်းအထိ တိုးချဲ့ချထားရန်လည်း စီစဥ်ထားကာ ပြည်နယ်များမှ ခရိုင်များနှင့် အချိုးညီမျှရေး "တပ်ရင်း တစ်ရင်း ခရိုင်တစ်ခု" စနစ်ဖြစ်စေရန် စီစဥ်ထားပါသည်။ စစ်သည်များအား နိုင်ငံရေးတွင်ပါဝင်ရေး ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် တောင်ပိုင်းစွန်း ဆူပူအုံကြွမှုများ အဆုံးသတ်ရေး ကြိုးပမ်းသွားမည်ဟု သန္နိဌာန်ချထားကြောင်း ဗိုလ်ချုပ်ကြီး အနုပေါင်က ကတိပြုထားပါသည်။ ကြည်းတပ်ဦးစီးချုပ် ရာထူးတာ ဝန်ယူပြီး ရက်သတ္တပတ်အကြာတွင် ၎င်းသည် တောင်ပိုင်းဒေသ

ရှိ စစ်တိုင်းများမှ အကြီးအကဲများ အားလုံးကို ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ ဒုတိ ယဝန်ကြီးချုပ် ဆွန်သီသည် လုံခြုံရေးတာဝန်ယူရပြီး ယခု အချိန် အထိ စစ်သွေးကြွဟု သံသယရှိသူ ၆၀၀ ဦးအား ဖမ်းဆီးထားပါသည်။

၉။ ထိုင်းတပ်မတော်မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပါလီမန်အဖွဲ့သည် အငြင်းပွားဖွယ် ဖြစ်နေသော ပြည်တွင်းလုံခြုံရေး ဥပဒေတစ်ရပ်အား သဘောတူညီခဲ့ပြီး အဆိုပါ ဥပဒေသည် ယခု သီတင်းပတ် ကုန်ပိုင်းတွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲပြီးသည့်တိုင် နိုင်ငံတော်အာဏာအား ထိုင်းတပ်မတော်မှ ဆက်လက်ထိန်းသိမ်းချုပ်ကိုင်လိမ့်မည် ဖြစ်ကြောင်း ဝေဖန်ရေးသမားများမှ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သတိပေးပြောကြားခဲ့ပါသည်။ နိုင်ငံတော်လုံခြုံရေးအား ထိခိုက်နစ်နာစေသော အခြေအနေမျိုး၌ ပြည်တွင်းလုံခြုံရေး စစ်ဆင်မှုဌာနချုပ် Internal Security Operations Command (ISOC) မှ ထုတ်ပြန်ရန်ရှိသော ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်များ၊ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုအား ကန့်သတ်ခြင်း အမိန့်များ၊ အစိုးရအရာရှိများ၏ လု ပ်ပိုင်ခွင့် ဩဇာအာဏာအား ထိန်းချုပ်ဟန့်တားခြင်းစသော အမိန့်များကို အဆိုပါဥပဒေအသစ်မှ လက်ခံခွင့် ပြုလိမ့်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ISOC သည် စစ်အေးကာလအချိန်အတွင်း နိုင်ငံအတွင်း ကွန်မြူနစ် နှိပ်ကွပ်ရေး စစ်ဆင်မှုဌာနချုပ် (Communist Suppression Operations Command-CSOC)အဖြစ် လူသိများခဲ့ကြောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များ၌ နိုင်ငံအတွင်းကွန်မြူနစ်များပြိုကွဲခဲ့ပြီးနောက် မကြာသေးမီ နှစ်များအတွင်း ၎င်း၏ လုပ်ငန်းတာဝန်များ လျော့ချခဲ့ကြောင်း သတင်း၌ ဖော်ပြထားပါသည်။

၁၀။ အထူးအုပ်ချုပ်ရေးဒေသတစ်ခုအဖြစ် Tak ခရိုင်ရှိ Mae Sot မြို့အား အဆင့်မြှင့်တင်မွမ်းမံရေး လေ့လာမှုတစ်ရပ်အား လုပ်ဆောင်လျက်ရှိကြောင်း Tak ပြည်နယ်အုပ်ချုပ်ရေးမှူး Chumporn Polarak က ပြောကြားခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်များက Mae Sot သည် စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်းနှင့် Mae Sot သည် အထူး ဒေသအုပ်ချုပ်ရေးနယ်မြေ Mae Sot City ဖြစ်ထွန်းလာသင့်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ပြောကြားခဲ့ပါသည်။ Mae Sot City နှင့် ပတ်သက်၍ မူကြမ်း တစ်ရပ်အား ပြင်ဆင်ကြရန် အဖွဲ့တစ်ဖွဲ့သည် ဘန်ကောက်၊ ဆူဘာနတ်ဟူမီနှင့် ပတ္တရာစသော အထူးအုပ်ချုပ်ရေးဒေသ(၃)ခုကို ပထမဆုံး လေ့ လာသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ Shenzhen ကဲ့သို့သော အခြားနိုင်ငံများမှမြို့များနှင့် နှိုင်းယှဉ်၍ ရေးဆွဲဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ Mae Sot ခရိုင်သည် အရှေ့-အနောက် စီးပွားရေးဆိုင်ရာ လမ်းမကြီး၏ ညာဘက်ခြမ်းတွင် တည်ရှိနေပါသည်။ အထူးဒေသအု ပ်ချုပ်ရေးနယ်မြေကို Mae Sot စည်ပင်သာယာရေးအဖွဲ့၊ tambon Tha Sailuad စည်ပင်သာယာရေးအဖွဲ့နှင့် tambon Mae Pa အုပ်ချုပ်ရေးအဖွဲ့အစည်းများ စုစည်းထားခြင်း ဖြစ်သည်။ tambon Tha Sailuad စည်ပင်သာယာရေးအဖွဲ့သည် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် မြန်မာ-ထိုင်းနယ်စပ်တွင် အဓိကကျသော ဗဟိုဌာနတစ်ခု ဖြစ်ပြီး Mae Sot စည်ပင်သာယာရေးအဖွဲ့သည် စီးပွားရေးဗဟိုဌာနတစ်ခုဖြစ်ပါသည်။ Tambon Mae Pa

အုပ်ချုပ်ရေးအဖွဲ့သည် အဓိကကျသော စိုက်ပျိုးရေးဒေသတစ်ခု ဖြစ် ပြီး အိမ်တွင်းမှုစက်မှုလုပ်ငန်း များ ရှိပါသည်။

၁၁။ **သုံးသပ်ချက်**။ တင်ပြပါကာလအတွင်း စင်္ကာပူ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့သည် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စင်္ကာပူနိုင်ငံ Paya Lebar လေတပ်အခြေစိုက်စခန်းတွင် ၎င်းတို့၏ နှစ်စဉ် ပုံမှန်ပြုလုပ်နေကြဖြစ်သော လေတပ်လေ့ကျင့်မှုတစ်ခုဖြစ်သည့် Exercise Cope Tiger ဖွင့်ပွဲအခမ်းအနားတစ်ရပ်ကို ပြုလုပ်ခဲ့ကြကြောင်း၊ လေ့ကျင့်မှုကို အဆင့် ၂ ဆင့် ခွဲခြားထားရာ ပထမအဆင့်ကို Command Post Exercise ဟု ခေါ်တွင်ပြီး စင်္ကာပူတွင် ပြုလုပ်ကြောင်း၊ ဒုတိယအဆင့်မှာ Flying Training Exercise ဖြစ်ပြီး ထိုင်းနိုင်ငံ ခိုရတ်၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း လေ့ လာသိရှိရပါသည်။ ထိုင်းနိုင်ငံတွင် ၂၀၀၆ ခုနှစ် စစ်ဘက်မှ အာဏာသိမ်းစဉ်က အမေရိကန်အစိုးရမှ စစ်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများအား ရပ်သိမ်းမည် ဖြစ်ကြောင်း ကြေငြာခဲ့သော်ငြားလည်း ၎င်း၏ အရှေ့တောင်အာရှဒေသ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် Cobra Gold စစ်ရေးလေ့ကျင့်မှုအပါအဝင် အခြားသော စစ်ရေး လေ့ကျင့်မှုများကို ပုံမှန် လုပ်ဆောင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၂။ ထိုင်းနှင့် အိန္ဒိယနိုင်ငံ၏ ပထမဆုံးအကြိမ် အကြမ်းဖက်မှု တိုက်ဖျက်ရေး လေ့ကျင့်မှုတစ်ရပ်ကို အိန္ဒိယနိုင်ငံတွင် ၁၇ ရက်ကြာ ပြုလုပ်ခဲ့ကြပြီး “ချစ်ကြည်ရေး”ဟု အဓိပ္ပါယ်ရသော Maitree ဟု အမည်ဝှက်ပေးထားသော ပူးတွဲလေ့ကျင့်မှုသည် ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်တွင် တပ်မတော်နှစ်ရပ် အကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့် သွားရန် ရည်ရွယ်ပါကြောင်း၊ အဆိုပါလေ့ကျင့် မှုတွင် မြို့တွင်းသော င်းကျန်းမှု တန်ပြန်တိုက်ခိုက် ရေး လေ့ကျင့်မှုများကို အလေးထားဆောင်ရွက်ခဲ့ကြ ကြောင်း လေ့လာသိရှိရပါသည်။ ထိုင်းနိုင်ငံက အိန္ဒိယနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲလေ့ကျင့်မှု သည် နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများကို နှိမ်နင်းရာ၌ ၎င်းတို့ ၏ စစ်သည်များ အတွေ့အကြုံပိုမိုရရှိစေရန် ဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်။

၁၃။ ထိုင်းနိုင်ငံသည် တပ်ဖွဲ့ဝင် ၈၀၀ ဦးကို ဆူဒန်နိုင်ငံ အနောက်ပိုင်း ဒါဖာတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့နှင့် အာဖရိက ပြည်ထောင်စုတွင် တစ်နှစ်တာ တာဝန်ထမ်းဆောင်ရန် စေလွှတ်မည် ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်သည် အာဖရိကပြည်ထောင်စု (AU)၏ ကြီးကြပ်မှုအောက်တွင် လက်ရှိအချိန်၌ မိုးခေါင်ရပ်ဝန်းတစ်ခုဖြစ်သည့် ဒါဖာတွင် စောင့်ကြပ်လျက်ရှိကြောင်း၊ ထိုင်းတပ်ဖွဲ့ဝင်များသည် ဒါဖာတွင် အာဖရိက -ကုလသမဂ္ဂပူးပေါင်းစစ်ဆင်ရေး (UNAMID) နှင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် အာဖရိက ပြည်ထောင်စုတို့သည် အာဖရိက ၁၆ နိုင်ငံမှ တပ်ဖွဲ့ဝင်များအပြင် ထိုင်းနိုင်ငံကဲ့သို့ ဘင်္ဂလားဒေ့ရှ်၊ ဂျော်ဒန်၊ နီပေါ၊ နယ်သာလန်နှင့် စကန်ဒီနေဗီးယန်း နိုင်ငံများမှ တပ်ဖွဲ့ဝင်များကို လက်ခံရန် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထိုင်းနိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ရေးလေ့ကျင့် မှုများ ပုံမှန်လုပ်ဆောင်လျက်

ရှိသည့်အပြင် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကိုလည်း ပြည်ပသို့ စေလွှတ်တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

၁၄။ ဘတ်ငွေ ၇.၇ ဘီလီယံတန်ဘိုးရှိ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးနှင့် ပတ်သက်၍ ကတ်ဘိနက်မှခွင့်ပြုလိုက်ကြောင်း၊ အဆိုပါ ဝယ်ယူမှုအစီအမံများတွင် အစ္စရေးထံမှ Negev အမျိုးအစား စက်သေနတ် ၉၉၂ လက်၊ ယူကရိန်းထံမှ BTR-3 El Type သံချပ်ကာလူသယ်ယာဉ် ၉၆ စီးနှင့် Tavor TAR-21 အမျိုးအစား ရိုင်ဖယ် ၁၅၀၀၀ လက်၊ တရုတ်နိုင်ငံမှ ရေပြင်မှ ရေပြင်ပစ် C-80ZA ပဲ့ထိန်းဒုံးများ ပါဝင်သည့်အပြင် သယ်ယူပို့ဆောင်ရေးလေယာဉ်များမှ အီလက်ထရွန်နစ်နည်းစနစ်များ အဆင့်မြှင့်တင် မွမ်းမံမှုတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထိုင်းနိုင်ငံသည် စစ်တပ် မှ အာဏာသိမ်းထားစဥ် ကာလအတွင်း တပ်မတော်ခေတ်မီတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်းနှင့် တောင်ပိုင်းဒေသတွင် မွတ်ဆလင်သောင်းကျန်းမှုများကြောင့် ဆက်လက်ဆူပူသောင်းကျန်းမှုများပေါ်နေဦးမည်ဟု လေ့လာသုံးသပ်ရပါသည်။

၁၅။ ထိုင်းနိုင်ငံက ဆွီဒင်နိုင်ငံလုပ် Gripen တိုက်လေယာဥ်များနှင့် ယူကရိန်းထံမှ သံချပ်ကာလူသယ်ယာဥ်များ ဝယ်ယူရန်ရှိကြောင်း လေ့လာသိရှိရပါသည်။ Gripen တိုက်လေယာဥ်များအား ၂၀၁၁ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် အမေရိကန်လုပ် F-5E တိုက်လေယာဥ်များ၏ နေရာတွင် အစားထိုးသွားမည်ဖြစ်ကြောင်းနှင့် သံချပ်ကာလူသယ်ယာဥ်များ မှာ အထူးသဖြင့် တောင်ပိုင်းဒေသတွင် တာဝန်ထမ်းဆောင်နေသော စစ်သည်များအတွက် ရည်ရွယ်ကြောင်း လေ့လာသိရှိရပါသည်။

၁၆။ ထိုင်းနိုင်ငံ ရေတပ်မတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အစီအစဥ်အရ ထိုင်းဘတ်ငွေ ဘီလီယံ ပေါင်းများစွာ ကုန်ကျမည့် ရေငုပ်သင်္ဘောဝယ်ယူရေး ထိုင်းရေတပ်ဦးစီးချုပ်မှ ကြိုးပမ်းတောင်းခံလျက်ရှိကြောင်း ထိုင်းရေတပ်မတော်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းက ရေငုပ်သင်္ဘောဝယ်ယူရရှိရေး အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့သော်လည်း ဈေးနှုန်းမြင့်မားမှုကြောင့် အောင်မြင်မှုမရရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ၁၉၉၇ ခုနှစ် နောက်ပိုင်းတွင် ဘဏ္ဍာရေးအကြပ်အတည်းကြောင့် ဝယ်ယူရရှိရေး နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုများကြောင့် စီးပွားရေး ပျက်စီးဆုံးရှုံးမှုများ သက်သာစေရန် ဒေါ်လာ တစ် ဘီလီယံကျော် အကုန်အကျခံမည့် ပထမဆုံး နျူကလီးယားဓါတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဥ်လျက်ရှိကြောင်း အရာရှိတစ်ဦးမှ စက်တင်ဘာလ ၂၄ ရက်နေ့က ပြောကြားခဲ့ပါသည်။ အစိုးရသည် Pabnaခရိုင်မြောက်ပိုင်းတွင် ဓါတ်အားပေးစက်ရုံတည်ဆောက်ရန် မူအားဖြင့် သဘောတူညီခဲ့ပြီး ဖြစ်ကြောင်း ဘင်္ဂလားဒေ့ ရှ် အဏုမြူစွမ်းအင် ကော်မရှင်အကြီးအကဲ Shafiqul Lslam Bhuiyan ကပြောကြားခဲ့ပါသည်။ စီမံချက်အား လာမည့်လတွင် အပြည်ပြည်ဆိုင်ရာ

အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)သို့ တင်သွင်းသွားမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ထုတ်လုပ်နိုင်လိမ့်မည်ဟုမျှော်လင့်ထားပါသည်။ ချွတ်ခြုံကျ ဆင်းရဲနေသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် နျူကလီးယားလက်နက် စမ်းသပ်မှု တားမြစ်ရေးစာချုပ်နှင့် နျူကလီးယား မပြန့်ပွားရေး စာချုပ်တို့တွင် သဘောတူညီချက် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံတစ်ခုဖြစ်ပါသည်။ လက်ရှိဓါတ်အားပေးစက်ရုံများသည် ဓါတ်ငွေ့သိုက်များအပေါ် မှီခိုအား ထားနေရပါသည်။ အရန်ဓါတ်ငွေ့သိုက် များသည် ၂၀၁၅ ခုနှစ်တွင် ကုန်ခမ်းသွားမည့် စိုးရိမ်မှုကို ရှောင်လွှဲရန် အခြားစွမ်းအင် အရင်းအမြစ်များ ရှာဖွေရန် သောက ဖိစီးလျက်ရှိနေပါသည်။ လျှပ်စစ်ဓါတ်အား အလွန်အမင်း ပြတ်တောက်မှုများနှင့်လည်း ရင်ဆိုင်နေရပြီး တစ်ဟုန်ထိုးတိုးတက်လာသော အထည်စက်ရုံများကို ထိခိုက်စေပါသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် အမြင့်ဆုံးထုတ်လုပ်နိုင်မှုမှာ ၃၀၀၀ မဂ္ဂါဝပ် ဖြစ်ပြီး အမှန်တကယ် သုံးစွဲမှု၏ ၂၀၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေပါသည်။ အရေးပေါ် အခြေအနေ ကြေငြာပြီးနောက် စစ်ဘက် ကျောထောက် နောက်ခံပြုထားသော အစိုးရသည် ဇန်နဝါရီလက တိုင်းပြည်၏အာဏာကို လွှဲပြောင်းရယူခဲ့ပါသည်။ နိုင်ငံ၏ အကျင့်ပျက် ခြစားမှုများ ပပျောက်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီးနောက် လာမည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပရန် အစိုးရမှ ကတိပြုထားပါသည်။

၂။ နိုဝင်ဘာလ ၁၅ ရက်နေ့က ဘင်္ဂလားဒေ့ ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ လူ အနည်းဆုံး ၁၁၀၀ ကျော် သေဆုံးပြီး လူထောင်ပေါင်းများစွာ အိုးမဲ့ အိမ်မဲ့ ဖြစ်ပွားစေခဲ့သော SIDR အမည်ရှိ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရပြီးနောက် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဟာဝိုင်အီရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းမှ ကမ်းတက်တိုက်ရေယာဉ် နှစ်စင်းဖြစ်သည့် USS Essex နှင့် USS Kearsarge တို့သည် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စတင် ထွက်ခွာလာခဲ့ပါသည်။ ၎င်း တိုက်ရေယာဉ်နှစ်စင်း အနက် USS Kearsarge စစ်သင်္ဘောသည် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရောက်ရှိလာပြီး စစ်တကောင်းမြို့မှ ၅၀ ကီလိုမီတာ(မိုင် ၃၀)ခန့်အကွာ ဘင်္ဂလားပင်လယ်အော်ထဲတွင် ကျောက်ချရပ်နားထားကြောင်း၊ USS Essex သည်လည်း ရက်ပိုင်းအတွင်း ရောက်ရှိလာမည် ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ စစ်သင်္ဘောတစ်စင်းစီတွင် ရဟတ်ယာဉ်အစင်း ၂၀ စီး၊ ရေပေါ်ရှပ်ပြေးယာဉ်များ၊ စားနပ်ရိက္ခာများ၊ ဆေးဝါးများနှင့် ရေသန့်စင်စက်များ သယ်ဆောင်လာပြီး ခွဲစိတ်ကုသခန်း တစ်ခန်းနှင့် ဆေးရုံသုံးပစ္စည်းများ တပ်ဆင်ထားပါသည်။ စစ်သင်္ဘော နှစ်စင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှု၏ အစိတ်အပိုင်းအဖြစ် လာရောက်ခြင်း ဖြစ်ကြောင်း၊ သို့သော် ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့ ပြီး နောက်ပိုင်း လောလောဆယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ယင်းသင်္ဘောများကို ထိထိရောက်ရောက်အသုံးချသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ Geeta Pasi က ၎င်း၏ရုံးခန်းတွင် နိုင်ငံခြားရေးတာဝန်ခံအကြံပေးပုဂ္ဂိုလ် Dr.Iftekhar Ahmed နှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းထောက်များအား ပြောကြားခဲ့ပါသည်။ လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန်

နားလည်မှုစာချွန်လွှာ (MoU) တစ်ခုကို 养က်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း၊ အမေရိကန် စစ်သင်္ဘော များအား အနောက်တောင်ပိုင်း ကမ်းခြေသို့ ဝင်ရောက် ခြင်းကို ကြိုဆိုလက်ခံရန် မူအားဖြင့် သဘောတူညီခဲ့ကြောင်း၊ သို့သော် မူဝါဒအရ နှစ်ပတ်သာ နေထိုင်ခွင် ့ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရမှ အလိုရှိပါက ကယ်ဆယ်ရေးလုပ်ငန်း များ ပြီးဆုံးသည်အထိ နေထိုင်သွားမည်ဖြစ်ကြောင်း၊ တောင်ပိုင်းနှင့် နောက်တောင်ပိုင်းခရိုင် ၁၅ ခုတွင် SIDR ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ အစိုးရသည် ပြည်သူ ၂.၅ သန်းအား အနည်းဆုံး နောက် ၄ လအထိ ကျွေးမွေးစောင့်ရှောက်ထားရန် ကတိပြုထားကြောင်း၊ တစ်ဦး ချင်းစီကို ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်ပြီး တစ်လလျှင် ဆန် ၃၃ ပေါင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်လည်း အမေရိကန်ရေတပ်စစ်သင်္ဘောမှ ရဟတ်ယာဉ် ၁၈ စင်းအနက် နှစ်စင်းသည် ဒါကာမြို့မှ Barisal မြို့သို့ ကယ်ဆယ်ရေးပစ္စည်းများ စတင်သယ်ဆောင်လျက်ရှိကြကြောင်း၊ အမေရိကန် ရဟတ်ယာဉ်များသည် ဒါကာနှင့် စစ်တကောင်းတို့မှ စားနပ်ရိက္ခာများအား သယ်ဆောင်ပြီး Barisal တွင် ချကာ ထိုမှတစ်ဆင့် မုန်တိုင်းသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း၊ အစိုးရ/အစိုးရမဟုတ်သောအဖွဲ့များနှင့် အခြားလူမှုရေးအဖွဲ့အစည်း များအကြား ကယ်ဆယ်ရေးလုပ်ငန်း များကို ညှိနှိုင်းဆောင်ရွက်ရန် Barisal တွင် ပူးပေါင်းတပ်ဖွဲ့များ ဌာနချုပ်ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး Moyeen Ullah Chocodhury က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန် ရေတပ်သည် ၁၉၉၁ ခုနှစ်ကလည်းပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရားဝင် ခန့်မှန်းခြေစာရင်းများအရ လူ ပေါင်း ၁၄၃၀၀၀ လောက် သေဆုံးစေခဲ့သော ကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာတွင် “Sea Angel” အမည်ဖြင့် ကြီးမားသော ကယ်ဆယ်ရေးလုပ်ငန်းများတွင်ပါဝင်ခဲ့ပြီး တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်းနှင့် ဥရောပသမဂ္ဂကလည်း ကယ်ဆယ်ရေးအကူအညီတွင် ရန်ပုံငွေယူရို ၁.၅ သန်း(အမေရိကန်ဒေါ်လာ ၂.၂ သန်း)ကူညီရန်ချပေးခဲ့ကြောင်းသိရှိရပါသည်။

၃။ နိုဝင်ဘာလ ၁၅ ရက်နေ့ ဆိုင်ကလုန်းမုန်တိုင်းကြောင့် အနည်းဆုံး လူ ၃၄၀၀ သေဆုံးပြီး ၁၇၀၀ ခန့် ပျောက်ဆုံးကာ လူဦးရေ ၃ သိန်း ၆သောင်း ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် ထောက်ပံ့ရေးပစ္စည်းများ လိုအပ်နေမှုမှာ စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။ ကုလသမဂ္ဂ ညှိနှိုင်းကွပ်ကဲရေးမှူးမှ Bangladesh Renata Lok Dessallien တွင် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုမှာ အလွန်ပင် မြန်ဆန်ကြောင်း၊ ယခုအချိန်တွင် ဒုက္ခသည်အများစုသည် အကူအညီ ပေးပို့သောပစ္စည်းများအား အနည်းဆုံးတစ်ကြိမ်လက်ခံရရှိပြီးဖြစ်ကြောင်း ပြောဆိုပါသည်။ အမေရိကန်ကမ်းတပ် တပ်သားများသည် ကုန်း၊ ရေ နှစ်သွယ်သွားလာနိုင်သော USS Kearsarge ယာဉ်မှ ရဟတ်ယာဉ် ၂၀ စင်းခန့်ဖြင့် ပျံသန်း၍ အကူအညီပေးခဲ့ကြပါသည်။ ရက်နှင့်ချီ၍ သောက်ရေနှင့် အစားအစာပြတ်လပ်နေသော ဒုက္ခသည်များထံ သို့ ရေသန့်စက်များဖြင့် သန့်စင်ထုတ်လုပ်သော သောက်ရေ လီတာသန်းပေါင်းနှင့်ချီ၍ လေကြောင်းဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

၄။ ဘင်္ဂလားဒေ့ရှ် ပြည်သူလူထုဘဝ လုံခြုံချောမွေ့ရေးအား အလေးပေးဆောင်ရွက်ရေးအပြင် လူ့အခွင့်အရေး အကျိုးခံစားခွင့်၊ သတင်းလွတ်လပ်ခွင့် လျော်ကန်သင့်မြတ်စွာ အရေးယူဆောင်ရွက်ရေး၊ ကြားဖြတ်အစိုးရ အုပ်ချုပ်စဉ်အတွင်း အကျင့်ပျက်ဝန်ထမ်းများ သန့်စင်ဖယ်ရှားရေးဆိုင်ရာ ကိစ္စရပ်များ အတွက် ကြားဖြတ်အစိုးရ၏ တပ်မတော်နှင့် တရားဥပဒေပြဋ္ဌာန်းသတ်မှတ်သော အဖွဲ့အစည်းများအား ဗြိတိသျှနိုင်ငံခြားရေးနှင့် ဓနသဟာယအဖွဲ့ရုံး၊ အာရှရေးရာညွှန်ကြားရေးမှူး John.Dennis မှ တိုက်တွန်း ပြောကြားခဲ့ကြောင်း UNB သတင်းဌာနမှ ဖော်ပြခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကတိကဝတ်ပြုပြီးသော လမ်းပြမြေပုံအတိုင်း ဒီမိုကရေစီစနစ်အား ပြန်လည်အကောင်အထည်ဖော်ရေး၊ ရွေးကောက်ပွဲကျင်းပရေး တို့အတွက် လွဲချော်တိမ်းစောင်းမှု မှန်သမျှအား လက်မခံနိုင်ကြောင်း British High Commission အိမ်တော်၌ John.Dennis မပြန်မီ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ပါသည်။ John သည် ရွေးကောက်ပွဲကော်မရှင် ထိပ်တန်းအကြံပေးပုဂ္ဂိုလ်၊ ACC အဖွဲ့ဥက္ကဋ္ဌနှင့် တပ်မတော်အကြီးအကဲ နှင့်လည်းကောင်း၊ ၎င်း၏ ခရီးစဉ်အတွင်း ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ် ခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲအတွက် ဗြိတိသျှ၏ ဝိုင်းဝန်းကူညီထောက်ခံ အားပေးမှု တို့အား ၎င်းမှ ထပ်လောင်းပြောကြားခဲ့ပါသည်။ Mr. Dinnis နှင့် တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး Moeen U Ahmed တို့တွေ့ဆုံဆွေးနွေးစဉ် ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရအနေဖြင့် ၎င်းတို့၏ ကတိ ကဝတ်အတိုင်း အာဏာလွှဲအပ်ပေးမည့် အစီအစဉ်များအား အစွမ်းကုန်ကူညီဆောင်ရွက်ပေးနေသည့် ပြတ်သားသော သဘောထား ရပ်တည်ချက်ကို Mr. Dennis မှရရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ် မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်းနှင့် ပတ်သက် ၍ Mr. Dennis ၏ အားပေးကူညီမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ရွေးကောက်ပွဲအား လာမည့်နှစ် ဒီဇင်ဘာလထက် ပိုမို စောလျင်စွာ အကောင်အထည် ဖော်ရေး အတွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ကြေညာချက်အား ဗြိတိန်နိုင်ငံမှ ကြိုဆိုထောက်ခံကြောင်း Mr. Dennis မှ ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒီမိုကရေစီစနစ်အတွက် ခိုင်ခိုင်မြဲမြဲကြိုးပမ်း အကောင်အထည်ဖော်နေ ကြောင်း၊ ဗြိတိသျှနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မိတ်ဖွဲ့သဟာယ နိုင်ငံ ဖြစ်ကြောင်း၊ ဒီမိုကရေစီ စနစ်အား ရေရှည်တည်တံ့ခိုင်မြဲရေး မှာ မရှိမဖြစ်လို အပ်ကြောင်း Mr. Dennis မှ မှတ်ချက်ပြု ပြောကြား ခဲ့ပါသည်။

၅။ ဘင်္ဂလားဒေ့ရှ်အစိုးရမှ နိုင်ငံအားနည်းလမ်းနှစ်သွယ်ဖြင့် အုပ်ချုပ်နေကြောင်း၊ ဘင်္ဂလားဒေ့ရှ် တပ်မတော်အနေဖြင့် အဂတိလိုက်စားမှု ထိန်းချုပ်ဟန့်တား ရေးတွင် အစိုးရအား အကူအညီပေးခြင်း၊ တရားဥပဒေစိုးမိုးရေးအားထိန်းသိမ်းကာကွယ်ပေးခြင်းမျှသာဖြစ်ပြီး မည်သည့်နိုင်ငံရေးအခန်းကဏ္ဍကိုမျှ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ဝေဖန်ပြောကြားချက်များနှင့် ပတ်သက်၍ ကြားဖြတ်အစိုးရ အကြီးအကဲ Fakhurddim Ahmed မှ တုန့်ပြန် ချေပခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ အရပ်ဘက် အစိုးရအပေါ် ကူညီပေးခြင်း အဂ တိလိုက်စားမှု ထိန်းချုပ်ဟန့်တားရေးတွင် အရေးပါသော ကဏ္ဍများ၌

ပါဝင်ဆောင်ရွက်ပေးခြင်း၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ မျှဝေခြင်း တို့သည် နည်းလမ်းနှစ်သွယ်ဖြင့် အုပ်ချုပ်နေပါသည်ဟု မယူဆကြောင်း၊ အဆိုပါလှုပ်ရှားမှုများမှ တစ်ဆင့် ၎င်းတို့၏ နိုင်ငံရေး အခန်းကဏ္ဍအား ရောင်ပြန်ဟပ်စေသည်ဟု မိမိမထင်မြင်ကြောင်း နိုင်ငံ၏ ထိပ်တန်း အကြံပေးပုဂ္ဂိုလ်နှင့် BBC Bangladesh Service တို့၏ တွေ့ဆုံမေးမြန်းခန်း တစ်ရပ်တွင် ဖော်ပြခဲ့ ပါသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် တပ်မတော်မှ ကျောထောက်နောက်ခံ ပြုထားသောအမျိုးသား အစိုးရတစ်ရပ် ဖြစ်ကြောင်း ထိပ်တန်းအကြံပေးပုဂ္ဂိုလ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးလုပ်ငန်း ဆောင်တာ ကိစ္စရပ်များအား ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရေးပေါ်အခြေအနေ ထုတ်ပြန် ကြေညာခဲ့ရခြင်း၏ အခြေအနေများကိုပြောကြားခဲ့ကြောင်း၊ အရေးပေါ်အခြေအနေ ထုတ်ပြန် ကြေညာခြင်းသည် နေရာဒေသ အားလုံး၌ ရုပ်သိမ်းမည်မဟုတ်သော်လည်း သင့်တင့်လျောက်ပတ်သော အချိန်ကာလအတွင်း အဆိုပါ အရေးပေါ် အ ခြေအနေအား ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း United News of Bangladesh (UNB) သတင်းဌာနမှ ကြေညာခဲ့ပါသည်။ အဓိကကျသော နိုင်ငံရေးပါတီများ ၏ ခေါင်းဆောင်မှု အပြောင်းအလဲ နှင့် လက်ရှိ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှ တစ်ဆင့် ပါတီများ အကွဲအပြဲ တို့ကို ဖြစ်စေသည်ဟု အစိုးရနှင့် ဝန်ကြီးဌာနများအပေါ် စွပ်စွဲချက်များကို Ahmed မှ ငြင်းပယ် ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ် အဓိက ပါတီကြီးနှစ်ခုဖြစ်သော Awami League ပါတီနှင့် Bangladesh Nationalist Party အကြီးအကဲများဖြစ်သည့် ရှိတ်ဟာဆီနာနှင့် ခါလီဒါဇီယာတို့ နှစ်ဦးသည် အဂတိလိုက်စားမှု စွပ်စွဲချက်ဖြင့် အကျဉ်းချခံနေ ရကြောင်း၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထိပ်တန်းအကြံပေးပုဂ္ဂိုလ်မှ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲဝင်နိုင်ရေးအတွက် ရွေးကောက်ပွဲ စည်းမျဉ်း စည်းကမ်းများ ပြုပြင် ပြောင်းလဲရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ဆွေးနွေးရန် အခြေအနေတစ်ခု စီစဉ်ခဲ့ကြောင်း၊ နိုင်ငံရေး တားမြစ်ချက်များ ရုပ်သိမ်းရေး ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။ ရှိတ်ဟာဆီနာနှင့် ခါလီဒါဇီယာ တို့နှစ်ဦးအား ၎င်းတို့ပါတီမှ ဖယ်ရှားရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အမြန်ဆောင်ရွက်ရန် ခါလီဒါဇီယာအား ဖမ်းပြီးနောက်မှသာ နိုင်ငံရေးတားမြစ်ချက်များအား ရုပ်သိမ်းခဲ့ သည်ဟူသော စွပ်စွဲချက် များအား ဘင်္ဂလားဒေ့ရှ်ထိပ်တန်း အကြံပေးပုဂ္ဂိုလ်မှ ငြင်းပယ်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ပြုပြင်ပြောင်းလဲရာ၌ ရွေးကောက်ပွဲ ကော်မရှင်နှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန်၊ ၎င်းတို့ပါတီ ပြုပြင်ပြောင်းလဲမှုများ ဆွေးနွေးရန် အရေးပေါ်ပါတီများကို ခွင့်ပြုခဲ့ကြောင်း၊ တားမြစ်ချက်များရုပ်သိမ်းရေး ဘင်္ဂလားဒေ့ ရှ်အစိုးရ မှ အလေးအနက် စဉ်းစားလျက်ရှိကြောင်း အကြံပေး ပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။

၆။ ကမ္ဘာ့ဘဏ်၏ အသေးစား ငွေချေးခြင်းအစီအစဉ် International Development Association (IDA) မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း ရေသယံဇာတဖွံ့ဖြိုးတိုးတက်အောင် ကြိုး ပမ်းဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၀၂.၂၆ သန်းအား ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးလိမ့်

မည်ဖြစ်ကြောင်း၊ အကြွေးပေးချေရန် ဆိုင်းငံ့ခွင့် ့နှင့် ပတ်သက်၍ သဘောတူညီချက် တစ်ရပ်အား အောက်တိုဘာလ ၈ ရက်နေ့တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် အစိုးရနှင့် (IDA) တို့အကြား လက်မှတ်ရေးထိုးခဲ့ကြောင်း ပုဂ္ဂလိကသတင်းဌာနဖြစ်သော UNB မှ ဖော်ပြခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ အကြွေးပေးချေရန် ဆိုင်းငံ့ခွင့်အား လျှော့ပေါ့ခွင့်ပြုသောအဖွဲ့မှ သတ်မှတ်ချိန်ရွှေ့ဆိုင်းပေးခြင်း ကာလ ၁၀ နှစ်နှင့်အတူ နှစ်ပေါင်း ၄၀ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ဝန်ဆောင်မှု အဖိုးအခ အဖြစ် ၀.၇၅ ရာခိုင်နှုန်းကို ပေးဆောင်စေလိုကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် IDA ဘဏ္ဍာငွေကြေးနှင့် နယ်သာလန်နိုင်ငံအစိုးရ၏ ထောက်ပံ့ကြေးအဖြစ် အမေရိကန်ဒေါ်လာ သန်း ၂၀ သည် IDA ၌ ပေါင်းစပ်ပါဝင် ငွေကြေးဖြစ်ကြောင်း အဆိုပါ ထောက်ပံ့ကြေးအား ကမ္ဘာ့ဘဏ်မှ ပေးအပ်ခဲ့ကြော င်း ဖော်ပြထားပါသည်။ ၁၉၇၅ ခုနှစ်စ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေသယံဇာတကိစ္စအား နယ်သာလန်နိုင်ငံမှ အထူးစိတ်ဝင်စားလျက်ရှိကြောင်း၊ "ရေသယံဇာတဖွံ့ဖြိုးတိုးတက်အောင် စီမံကွပ်ကဲမှုအစီအစဉ် "အား ၇ နှစ်ကြာ ဆောင်ရွက်ခဲ့ခြင်းမှ ဒေသ တွင်း အဖွဲ့အစည်းများ၏ အစီအစဉ်များ၊ ရည် ရွယ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲရေး ဆောင်ရွက်ချက်များတွင် ပါဝင်ပြီး ရေသယံဇာတ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကြောင်း၊ အဆိုပါ အစီအစဉ်မှ ခန့်မှန်း အိမ်ထောင်စုဝင်ဦးရေ ၂ သန်းခန့်အား ထောက်ပံ့ကြေးများ ရရှိခံစားစေခဲ့ကြောင်း သိရှိရပါသည်။ မုတ်သုံရာသီဥတု အကြိုကာလနှင့် မုတ်သုံရာသီအတွင်း စိုက်ပျိုးသီးနှံဆုံးရှုံးမှုများကို လျှော့ပါးစေ နိုင်ပြီး ရေနုတ်မြောင်းစနစ် တိုးတက်ကောင်းမွန်ရေး၊ ရေလွှမ်းမိုးမှု ထိန်းချုပ်နိုင်ရေး၊ ဆည်မြောင်းရေ ပိုမိုရရှိရေးတို့သည် လယ်ယာစိုက်ပျိုးမှု မြှင့် ့တင်ထုတ်လုပ်နိုင်ရန်အတွက် အလား အလာကောင်းများ ဖြစ်ကြောင်း သဘောတူညီချက်၌ ဖော်ပြချက်များအား ကိုးကားဖော်ပြခဲ့ပါသည်။ လက်ရှိဖြစ်ပေါ်နေသော ရေလွှမ်းမိုးမှု ထိန်းချုပ်ရေး၊ ရေနုတ်မြောင်းစနစ်၊ ဆည်မြောင်းစနစ်အစီအမံများ၊ စီမံကိန်းများ ၁၀၂ ခု အား ပြန်လည်ထူထောင် မြှင့် ့တင်ပေးနိုင်သည့်အပြင် နောက်ထပ် ဆောင်ရွက်မည့် အစီအမံ ၉၈ ခုအတွက် ဆောင်ရွက်မည့် အစီအစဉ်ကိုလည်း အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

၇။ **သုံးသပ်ချက်**။ တင်ပြပါကာလအတွင်း လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုများကြောင့် စီးပွားရေးပျက်စီးဆုံးရှုံးမှုများ သက်သာစေရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ကုန်ကျမည့် နိုင် ငံ၏ ပထမဆုံးသော နျူကလီးယားဓါတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်လျှက်ရှိကြောင်း၊ စက်ရုံတည်ဆောက်မည့်စီမံချက်အား အောက်တိုဘာလတွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)သို့ တင်သွင်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်ဓါတ်အား စတင်ထုတ်လုပ်အသုံးပြုနိုင်လိမ့်မည်ဟု မျှော် မှန်းထားကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နျူကလီးယားလက်နက် စမ်းသပ်မှုတားမြစ်ရေးစာချုပ်နှင့် နျူကလီးယားမပြန့်ပွားရေးစာချုပ်တို့တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်ပြီး လက်ရှိ ဓါတ်အားပေးစက်ရုံများသည် သဘာဝဓါတ်ငွေ့သိုက်များအပေါ် မှီခိုအားထားနေရကြောင်း လေ့လာ သိရှိရပါသည်။ မျက်မှောက်ခေတ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ နျူကလီးယားဓါတ်အားပေးစက်ရုံများ ရယူပိုင်ဆိုင်ရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းလျှက်ရှိရာတွင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင်

ထိုင်းနိုင်ငံကလည်း နျူကလီးယားခါတ်အား ပေးစက်ရုံ တည်ဆောက်ရန် စီစဉ် လုပ်ဆောင်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

၈။ ဆိုင်ကလုံးမုန်တိုင်းကျရောက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကူအညီပေးရန်ဟု ဆိုကာ ဟာဝိုင်အီ ရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းမှ ကမ်းတက်တိုက်ရေယာဉ် USS Essex နှင့် USS Kearsarge တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တာဝန်ရှိပုဂ္ဂိုလ်များထံမှ လိုအပ်ချက်များ သိရှိပါက သင်္ဘောများ ထပ်မံစေလွှတ်ရန်ရှိကြောင်း၊ အမေရိကန် ပစိဖိတ်ဒေသ စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီး Tinothy J Keating လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိလာကြောင်း၊ အမေရိကန်စစ်သင်္ဘောများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်လာခြင်းကို ဘင်္ဂလားဒေ့ရှ်တာဝန်ရှိပုဂ္ဂိုလ်များက မူအားဖြင့် ရက်သတ္တပတ် ၂ ပတ်သာ နေထိုင်ခွင့်ရှိပြီး ဘင်္ဂလားဒေ့ရှ်ဘက်မှ အလိုရှိပါက ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးသည်ထိ နေထိုင်သွား မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အမေရိကန်အစိုးရတို့၏ ဆက်ဆံရေးအခြေအနေနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသည် တောင်အာရှဒေသတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၎င်း၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြောင်းနှင့် ၎င်းနှင့် ပနာတင့်သည့်နိုင်ငံများအပေါ် အထောက်အပံ့များ ပေးအပ်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကတိကဝတ်ပြုပြီးသော လမ်းပြမြေပုံအတိုင်း ဒီမိုကရေစီစနစ်အား ပြန်လည်အကောင်အထည်ဖော်ရေး၊ ရွေးကောက်ပွဲကျင်းပရေးတို့အတွက် လွဲချော်တိမ်းစောင်းမှု မှန်သ မျှ အား လက်မခံနိုင်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးနှင့် ဓနသဟာယအဖွဲ့ရုံး၊ အာရှရေးရာညွှန်ကြားရေးမှူးက စစ်ဘက်အကြီးအကဲအား တိုက်တွန်းပြောကြားလိုက်ကြောင်း လေ့လာသိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ဗြိတိန်နိုင်ငံတို့သည် မိတ်ဖွဲ့သဟာယနိ ုင်ငံများဖြစ်ကြကြောင်း လေ့လာတွေ့ရှိ ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် အမေရိကန်နိုင်ငံအပြင် ဗြိတိန်နိုင်ငံလည်း ပါဝင်စွက်ဖက်နေကြောင်း လေ့လာ သုံးသပ်ရပါသည်။

၁၀။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တပ်မတော်သည် နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်ပတ်သက်မှု မရှိကြောင်း ကြားဖြတ်အစိုးရ အကြီးအကဲကပြောကြားခဲ့ကြောင်း၊ ကြားဖြတ်အစိုးရသည် နိုင်ငံအား နည်းလမ်းနှစ်သွယ်ဖြင့် အုပ်ချုပ်နေကြောင်း၊ ဘင်္ဂလားဒေ့ရှ် တပ်မတော်အနေဖြင့် အဂတိလိုက်စားမှု ထိန်းချုပ် ဟန့်တားရေးတွင် အစိုးရအား အကူအညီပေးခြင်းနှင့် တရားဥပဒေ စိုးမိုးရေးအား ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျှက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်တွင် ကြားဖြတ်အစိုးရအား တပ်မတော်မှ ကျောထောက် နောက်ခံ ပြုထားပေးလျှက်ရှိခြင်းကြောင့် အခြား

နိုင်ငံရေးပါတီများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုများ ရှိနေခြင်းကြောင့် တပ်မတော်မှ ယခုကဲ့သို့ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မည်မဟုတ်ဟု ပြောကြားခြင်းဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

၁၁။ ကမ္ဘာ့ဘဏ်၏ အသေးစား ငွေချေးခြင်းအစီအစဥ် International Development Association (IDA)မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ရေသယံဇာတ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၂.၂၆ သန်း အား ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးအပ်ရန်ရှိကြောင်း၊ အကြွေးပေးချေရန် ဆိုင်းငံ့ခွင့်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ်အား ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့အကြား လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ထို့အပြင် IDA ဘဏ္ဍာငွေကြေးနှင့် နယ်သာလန်နိုင်ငံအစိုးရ၏ ထောက်ပံ့ကြေးအဖြစ် အမေရိကန်ဒေါ်လာ သန်း ၂၀ အား ကမ္ဘာ့ဘဏ်မှ ပေးအပ်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေသယံဇာတကိစ္စအား နယ်သာလန်နိုင်ငံမှ အထူး စိတ်ဝင်စားလျှက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာ့ဘဏ်မှ ပေးအပ်သည့် ချေးငွေ များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် ရေနုတ်မြောင်းများတူးဖော်ရေးတို့တွင် အထောက်အကူ ဖြစ်စေမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## **အိန္ဒိယနိုင်ငံ**

၁။ ၁၉၆၂ ခုနှစ်တွင် စစ်မက်ဖြစ်ပွားခဲ့သော အိန္ဒိယနှင့် တရုတ် အိမ်နီးချင်းအာရှနှစ်နိုင်ငံ အကြား ပူးတွဲလေ့ကျင့်မှုအစီအစဥ်များမှ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းတို့၏ ပထမဆုံးသော စစ်ရေး လေ့ကျင့်မှုကို ပြုလုပ်ကြမည်ဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ အဆိုပါ ကြေညာချက်သည် ဘေဂျင်းမြို့၌ ပြုလုပ်နိုင်ဖွယ်ရှိသော နှစ်နို င်ငံ ခေါင်းဆောင်ပိုင်း အစည်းအဝေးတွင် ဆွေးနွေးကြရေးအတွက် စင်္ကာပူနိုင်ငံ၌ ကျင်း ပြုလုပ်သော ASEAN ထိပ်သီးအစည်းအဝေး၏ ဘေးပန်းတွေ့ဆုံဆွေးနွေးမှုတွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းမှ တရုတ်ဝန်ကြီးချုပ်နှင် ့ တွေ့ဆုံပြီးနောက် ချက်ချင်းထွက်ပေါ်လာခြ င်းဖြစ်သည်။ အင်အား ၂၂ သန်းကျော်ရှိသည့် နှစ်နိုင်ငံ တပ်မတော်များသည် လေ့ကျင့်မှုများအတွက် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၁၀၀ ဦးခန့်အား စေလွှတ်ကြမည် ဖြစ်ကြောင်းနှင့် လေ့ကျင့်မှုအား တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ ဒီဇင်ဘာလ တတိယပတ်အတွင်း ကျင်းပပြုလုပ်ရန်ရှိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Sitanshu Kar က AFP သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ လေ့ကျင့်မှုများအတွက် ပြုလုပ်မည့်ရက်၊ လေ့ကျင ့်မှုဆိုင်ရာ အခန်း ကဏ္ဍများနှင ့် ကိရိယာတန်ဆာပလာများအား လာမည့်ရက်သတ္တပတ်တွင် ကာလကတ္တား၌ နှစ်နိုင်ငံ အကြားပြုလုပ်မည့် အစည်းအဝေးတွင် ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း Kar ကပြောကြားခဲ့ပါသည်။ စစ်ရေး လေ့ကျင့်မှုများကို ဆက်တိုက်ပြုလုပ်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ အိန္ဒိယတပ်မတော်နှင ့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့မှ ဒုတိယအကြိမ် စစ်ရေး လေ့ကျင့်မှု ပြုလုပ်ရန် စီစဥ်ထား ကြောင်း၊ ယခု

စစ်ရေးလေ့ကျင့်မှုသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးအပေါ် အလေးထား ဆောင်ရွက်ခြင်း ဖြစ်ကြောင်း နှင့် မိမိတို့သည် လာမည့် ၂၀၀၈ ခုနှစ်တွင် အိန္ဒိယ၌ ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် မြောက် စစ်ရေး လေ့ကျင့်မှုအတွက် ပြင်ဆင်ဆောင်ရွက်နေကြကြောင်း၊ စစ်ရေးလေ့ကျင့်မှု သည် ကမ္ဘာ့ လူဦးရေအများဆုံး နှစ်နိုင်ငံအကြား နွေးထွေးသော ဆက်ဆံမှုများကို ထုတ်ဖော်ပြသခြင်း ဖြစ်ကြောင်း Kar က ပြောကြား ခဲ့ပါသည်။ နယူးဒေလီနှင့် ဘေဂျင်းသည် "ငြိမ်းချမ်းချိန်ကာလ ရေကြောင်းဆိုင်ရာ တိုက်ပွဲစဥ်များ " "Peace time naval engagement" ကိုလည်း စဥ်းစား ထားပြီးဖြစ်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနမှ ဝါရင့်အရာရှိကြီးများက ပြောကြားကြပါသည်။ မိမိတို့သည် အဆိုပါ အခြေအနေအား တစ်ဆင့်ပြီးတစ်ဆင့် လေ့လာလျက်ရှိပြီး ပူးတွဲစစ်ရေး လေ့ကျင့်မှုကြီးများအား တိုးမြှင့် ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံ သည် စက်တင်ဘာလ အတွင်းက အိန္ဒိယသမုဒ္ဒရာ၌ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နှင့် စင်္ကာပူနိုင်ငံတို့ မှ စစ်သင်္ဘော ၂၉ စင်း နှင့် တိုက်လေယာဥ် ၁၆၀ စင်းတို့ ပါဝင်လေ့ကျင့် ခဲ့ကြသော အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် ရေတပ်လေ့ကျင့်မှုများတွင် ဘေဂျင်း မပါဝင်ခဲ့သည့် အတွက် စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။ သို့သော် ၁၉၉၀ ပြည့်လွန်နှစ်များ ကတည်းက တရုတ်-အိန္ဒိယ ဆက်ဆံရေး အေးစက် (တင်းမာ)မှုသည် ပျော့ပျောင်း ပြေပြစ်လာသည့် အခြေအနေကို ပြသခဲ့ပါသည်။ တရုတ်နှင့် အိန္ဒိယတို့သည် ၁၉၆၂ ခုနှစ်တွင် ပြင်းထန်သော နယ်စပ်စစ်ပွဲ ဖြစ်ပွားခဲ့ပြီး အဆိုပါ စစ်မက် ဖြစ်ပွားခဲ့သော နယ်စပ်ဒေသကိစ္စရပ်များအား ယခုအချိန်တွင် ပြန်လည်ဖြေရှင်းရန် အစပျိုးမှုများ ရှိလာပြီ ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် အဆိုပါ နယ်နိမိတ်၏ ၃၈၀၀၀ စတုရန်း ကီလိုမီတာ (၁၄၆၇၀ စတုရန်း မိုင် )ကို ပိုင်ဆိုင်ကြောင်း အိန္ဒိယမှ ပြောကြားပြီး ဘေဂျင်းက ၉၀၀၀၀ စတုရန်းကီလိုမီတာ (သို့မဟုတ်) အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ Arunachal Pradesh ပြည်နယ်တစ်ခုလုံးကို ပိုင်ဆိုင်ကြောင်း အခိုင်အမာ ပြောကြားထားပါသည်။

၂။ တရုတ်နှင့် အိန္ဒိယတပ်မတော်တို့သည် ၎င်းတို့၏ ပထမဆုံးသော အကြမ်းဖက်မှု တိုက် ဖျက် ရေးပူးတွဲစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်း တွင် စတင်ခဲ့ကြပါသည်။ နှစ်နိုင်ငံ တပ်မတော်များသည် "City of Perpetual Spring"အဖြစ် လူသိများ ထင်ရှားသည့် ကူမင်းမြို့ရှိ "လက်တွဲညီညီ ၂၀၀၇" "Hand-in-Hand 2007" ဟု အမည်ဝှက်ပေးထား သည့် လေ့ကျင့်မှုအတွက် ကြည်းတပ်ဖွဲ့ဝင် ၁၀၀ ဦးစီ စေလွှတ်ထားပါသည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ သည် အကြမ်းဖက်ဝါဒအား ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း၊ အကြမ်းဖက်ဝါဒ တိုက်ဖျက်ခြင်းတွင် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ခိုင်မာစေရေးအတွက် တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြောင်း ပူးတွဲ လေ့ကျင့် ရေး၏ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ် Xiong Zuoming က ပြောကြားခဲ့ပါသည်။ မိမိတို့သည် လက်ရှိတည်ရှိနေသော ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်

ရေးကို ထိပါးစေသည့် ကိစ္စရပ်များကို ဂရုပြု ရမည်ဖြစ်ကြောင်းနှင့် အထူး သဖြင့် အကြမ်းဖက်ဝါဒသည် နိုင်ငံတကာအသိုက်အဝန်းတွင် ပြည်သူတို့၏ ရန်သူဖြစ်လာကြောင်း Xiong က အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပါသည်။ လေ့ကျင့်မှုသည် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ဝါဒနှင့် အစွန်းရောက်ဝါဒဟု ခေါ်ဆိုသော "three evil forces" ကို ဟန့်တားပြီး အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး နယ်ပယ်တွင် နှစ်နိုင်ငံအမြင်ချင်း ဖလှယ်မှုနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်တိုးတက် ဖြစ်ထွန်းရေးကို မြှင့်မားရေးတို့ကိုလည်း ရည်ရွယ်ပါကြောင်း၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ထိ ပြုလုပ်မည့် လေ့ကျင့်မှုအတွင်း တရုတ်နှင့် အိန္ဒိယစစ်သည်များ သည် ၎င်းတို့၏ ကိုယ်ပိုင်လက်နက်များနှင့် ကိရိယာတန်ဆာပလာများကို ပြသသွားမည်ဖြစ်ကြောင်းနှင့် စိတ်ဓါတ်စစ်ဆင်ရေးဆိုင်ရာ လေ့ကျင့်မှု၊ နည်းဗျူဟာပိုင်းဆိုင်ရာ လေ့ကျင့်မှုတို့ ပါဝင်သော လေ့ကျင့်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၏ အစီအစဉ်တစ်ရပ်ကို ပူးတွဲလုပ်ဆောင်မည် ဖြစ်ပြီး အကြမ်းဖက်သမားများ လက်မှ ဓါးစာခံများ ကယ်ဆယ်ခြင်းတို့ ပါဝင်သည့် လေ့ကျင့်မှုတစ်ရပ်ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ယခုလေ့ကျင့်မှုသည် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုတို့ နက်ရှိုင်းစေရေးအဆင့်ကို ရောက်ရှိစေမည်ဖြစ်ကြောင်း၊ မိမိယုံကြည်သည်မှာ နှစ်နိုင်ငံတပ်မတော်များသည် များပြားလှသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း လေ့ကျင့်မှုအတွက် စေလွှတ်ထားခြင်းခံရသော အိန္ဒိယတပ်ဖွဲ့များ၏ အကြီးအကဲလည်းဖြစ်သူ အိန္ဒိယတပ်မတော်မှ ဗိုလ်မှူးချုပ် Dadwal ကပြောကြားခဲ့ပါသည်။ မကြာသေးမီနှစ်များအတွင်းက တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့ ၏ ပုံမှန်တိုးတက်လာသော နွေးထွေး သည့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများ၏ နောက်ခံအခြေအနေများ၏ အခြားတစ်ဘက်တွင် စစ်ရေးဆိုင်ရာ နယ်ပယ်များ၌ ၎င်းတို့၏ ဆက်နွယ်ဆောင်ရွက်မှုများနှင့် အမြင်ချင်းဖလှယ်မှုများ ကျယ်ပြန့်လာပါသည်။

၃။ ဘူတန်နိုင်ငံအတွင်းသို့ တရုတ်တပ်ဖွဲ့များမှ ကျူးကျော်ဝင်ရောက်သည်ဆိုသည့်သတင်းများ ထွက်ပေါ်နေသည့် ကာလအတွင်း အိန္ဒိယတပ်မတော်သည် အိန္ဒိယ၊ ဘူတန်နှင့် တရုတ် သုံးနိုင်ငံ ဆုံရာအနီးရှိ တရုတ် -အိန္ဒိယနယ်စပ်သို့ စစ်သည် ၆၀၀၀ ကျော်စေလွှတ်ထားပါသည်။ သို့သော် ဘူတန်နိုင်ငံအတွင်း တရုတ်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်သည်ဆိုသည့် သတင်းသည် နှစ်နိုင်ငံအကြား ကိစ္စရပ်တစ်ခုသာဖြစ်ကြောင်း ကြည်းတပ်ဦးစီးချုပ် Deepak Kapoor က ပြောကြားခဲ့ပါသည်။ Nathu La မြောက်ပိုင်းမှ စစ်ဘက်အဖွဲ့ အစည်းများ ရွှေ့ပြောင်းမှုသည် Siliguiri လမ်းမသို့ တရုတ်တပ်ဖွဲ့များ တဖြည်းဖြည်း နီးကပ်လာသည်ဆိုသည့် သတင်းများ၏ နိုးဆွမှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ တရုတ်ရဲတပ်ဖွဲ့များသည် လွန်ခဲ့သောဆယ်စုနှစ် ၂ခုကျော်ကတည်းက နယ်နိမိတ်သတ်မှတ်ရန်ကျန်ရှိသည့် Dolam ကုန်းမြင့်ဒေသကို ပိုင်ဆိုင်ရေး တဖြည်းဖြည်း ချဉ်းကပ်လာကြကြောင်း ပြောကြားချက်ကို အိန္ဒိယက စစ်ဘက်အာဏာပိုင်များက ပယ်ချခဲ့ပါသည်။ စစ်ဘက်တာဝန်ရှိ ပုဂ္ဂိုလ်များက ဂျမူးနှင့် ကက်ရှ်မီးယားဒေသတို့မှ ရွှေ့ပြောင်းမှုများသည် ၎င်းတို့၏ မူလနေရာများသို့ တပ်ဖွဲ့များ ပုံမှန် ပြန်လည်

ရွှေ့ပြောင်းမှုဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ယခုရွှေ့ပြောင်းနေသော တပ်ဖွဲ့ဝင်များသည် ၂၀၀၁ ခုနှစ် Parakaram စစ်ဆင်ရေးကာလအတွင်းက ဂျမူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းများအတွက် စေလွှတ်ထားသော Kalimpong အခြေစိုက် အမှတ်(၂၇) တောင်ပေါ်ဒေသတပ်မ၏ တပ်များဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့ပါသည်။ အမှတ် (၂၇)တပ်မမှ တပ်မဟာတစ်ခုနှင့် အရန်တပ်ရင်းတစ်ရင်းတို့သည် ဂျမူးနှင့် ကက်ရှ်မီးယားဒေသ တည်ငြိမ်အေးချမ်းရေး အခြေအနေအတွက် ၃၊ ၄ လကြာ တာဝန်ထမ်းဆောင်ပြီးနောက်ပြန်လာကြခြင်းဖြစ်ကြောင်း စစ်ဘက် သတင်းအရင်းအမြစ်များက ဖော်ပြကြပါသည်။ ဘူတန်နိုင်ငံအတွင်းသို့ တရုတ်တပ်ဖွဲ့များ ကျူးကျော် ဝင်ရောက်သည်ဆိုသည့် သတင်းများနှင့် ပတ်သတ်၍ အိန္ဒိယတပ်မတော်မှ အလေးထားမှု ရှိ /မရှိနှင့် ပတ်သက်၍ မေးမြန်းမှုတွင် စစ်ဘက်ဆိုင်ရာ စာတမ်းဖတ်ပွဲတစ်ခု၏ ဘေးပန်းပြောဆိုမှု၌ ဗိုလ်ချု ပ်ကြီး Kapoor က ဘူတန်နှင့် တရုတ်နိုင်ငံတို့အကြား ဖြေရှင်းရမည့် ကိစ္စရပ်တစ်ခုသာ ဖြစ်ကြောင်း၊ သံတမန် ဆိုင်ရာ အဆင့် ကိစ္စရပ်ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် တစ်စုံတစ်ရာ ပြောကြားရန်မရှိပါကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

၄။ အိန္ဒိယနိုင်ငံ၏ ကြီးမားသော မဟာဗျူဟာအစီ အစဉ်တစ်ရပ်အဖြစ် အိန္ဒိယအစိုးရမှ ကီလို မီတာ ၆၀၀၀ အကွာအဝေးထိ ပစ်ခတ်နိုင်စွမ်းရှိသော Agni-IV ဒုံးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အား ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ အဆိုပါ ဒုံးသည် တရုတ်နိုင်ငံအတွင်းပိုင်းရှိ ပစ်မှတ်များ အား ဖျက်ဆီးစေနိုင်စွမ်းရှိကြောင်း၊ အဆို ပါကြေညာချက်သည် ပတ်ဝန်းကျင်နိုင်ငံများသို့ အသိပေး ဖြန့်ဝေသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံအလယ်ပိုင်း (သို့မဟုတ်) တောင်ပိုင်းရှိ တည်ရှိသော ဒုံးစနစ်များမှ မည်သည့်ဒုံးများမဆို ကီလိုမီတာ ၅၀၀၀ ကျော်ထိ ပစ်ခတ်နိုင် စွမ်းရှိပြီး ပါကစ္စတန် နိုင်ငံရှိ လက်နက်စက်ရုံများ ထိရောက်ပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ဘေဂျင်း၊ ရှန်ဟိုင်းမြို့ များရှိ ပစ်မှတ်များကိုလည်း ပစ် ခတ်နိုင်စွမ်းရှိကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယသည် ယခုနှစ် ဧပြီလတွင် ကီလိုမီတာ ၃၅၀၀ အကွာအဝေးရှိ ပစ်ခတ်နိုင် သော Agni-III ဒုံးအား စမ်းသပ်ခဲ့ကြောင်း၊ အဆိုပါဒုံးသည် တရုတ်နိုင်ငံ ဘေဂျင်းမြို့အထိ ပစ်ခတ်နိုင်စွမ်း မရှိကြောင်း၊ အိန္ဒိယ၏ Angi-IV စီမံကိန်းသည် နှစ်အနည်းငယ်အတွင်း ၎င်းတို့၏ ဒုံးထုတ်လုပ်မှုများ၊ စမ်းသပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်နို င်လိမ့်မည်ဟု ရည်မှန်းထားကြောင်း Defence Research and Development Organisation (DRDO)မှ ထိပ်တန်းသိပ္ပံပညာရှင် VK Saraswat မှ ပြောကြားခဲ့ပါသည်။ လွန်ခဲ့သော ဇွန်လတွင် ဒုတိယအကြိမ် ဒုံးရွေးချယ်စမ်းသပ်မှုနှင့် ့အတူ နောက်နှစ် ပိုင်းတွင် Agni III အား (၃) ကြိမ်ထက်ပို၍ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု Saraswat မှ ပြောကြားခဲ့ပါသည်။ အဆိုပါ Agni III သည် နျူကလီးယား လက်နက်ခဲယမ်း (ပေါက်ကွဲ ပစ္စည်း) ၁.၅ တန်အထိသယ်ဆောင်နိုင်စွမ်းရှိပြီး အနည်းဆုံး (၃) ကြိမ်စမ်းသပ်အောင်မြင်ပြီးမှ ၂၀၀၉ ခုနှစ် တွင် ကာကွယ်ရေးတပ်ဖွဲ့များ ၌ စတင်အသုံးပြုစေမှာဖြစ်ကြောင်း၊ အိန္ဒိယသည် ၃ နှစ်အတွင်း ပြည့်စုံ

ကောင်းမွန်သော ပဲ့ထိန်းဒုံးကာကွယ်ရေး (BMD) စနစ်အသုံးပြုရန် အသင့်ရှိနေပြီဖြစ်ကြောင်း အဆိုပါ BMD စနစ်၌ ကြားဖြတ်တိုက်လေယာဥ် ဒုံးများ ထားရှိမည်ဖြစ်ပြီး မြေပြင်ထက် အမြင့် ၅၀ ကီလိုမီတာ အကွာရှိ ပစ်မှတ်များအား ပစ်ခတ်နိုင်သည့်အပြင် မြေပြင်မှ အမြင့် ၁၅ ကီလိုမီတာအကွာရှိ ပစ်မှတ်များ ကိုလည်း အသံထက်မြန်သော ကြားဖြတ်တိုက်လေယာဥ်များမှ ဖယ်ရှားသု တ်သင်နိုင်ကြောင်း DRDO မှ သိပ္ပံပညာရှင်မှ ပြောကြားခဲ့ပါသည်။ (BMD) နည်းစနစ်သည် လွန်ခဲ့သော ၈ နှစ်ခန့်မှစ၍ စတင်အသုံးပြု လျက်ရှိပြီး အမေရိကန်၏ Patriot ဒုံးထက် ပိုမိုကောင်းမွန်လိမ့်မည်ဟု ယုံကြည်ထားကြောင်း အိန္ဒိယမှ လေကြောင်းရန်ကာကွယ်ရေးဒုံး Prithvi အား ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင် စမ်းသပ်ခဲ့ပြီး အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးကြားဖြတ်တိုက်လေယာဥ်အား ယခုလအတွင်း စမ်းသပ်မောင်း နှင်ခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယ၏ကီလိုမီတာ ၁၀၀၀၀ ကျော်ထိ ပစ်ခတ်နိုင်သော Surya ဒုံး Inter- Continental Ballistic Missiles (ICBM) ဒုံးဖွံ့ဖြိုးရေးအား လျစ်လျူရှုခဲ့ပြီးနောက် ကီလိုမီတာ ၆၀၀၀ ကျော်ထိ ပစ်ခတ် နိုင်စွမ်းရှိသော Agni-IV ဒုံးကို ဖွံ့ဖြိုးတိုးတက်ရေးအား ဦးစားပေးဆောင်ရွက်ခဲ့သည်ကို ဖော်ပြထား ကြောင်း၊ မည်သို့ပင်ဖြစ်စေကာကမူ အိန္ဒိယနှင့် အမေရိကန် နျူကလီးယား သဘောတူညီမှုနှင့် ပတ်သက် ၍ စေ့စပ်ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး အမေရိကန်အား ဒုက္ခပေးရန် အိန္ဒိယမှ ဆန္ဒမရှိကြောင်း ဖော်ပြထားပါသည်။

၅။ အိန္ဒိယနှင့် သီရိလင်္ကာအစိုးရသည် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပူးတွဲကော်မတီတစ်ရပ် ထူထောင်ကြမည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတရုံးမှ စက်တင်ဘာလ ၆ ရက်နေ့ တွင် ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ပူးတွဲကော်မတီတွင် သီရိလင်္ကာဘက်မှ သမ္မတ Mahinda Rajapake ၏ အတွင်းရေးမှူး Lalith Weeratunga နှင့် သမ္မတ၏ညီအစ်ကို ၂ ဦး တို့ ပါဝင်ကြပြီး အိန္ဒိယဘက်မှ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အတွင်းရေးမှူးများနှင့် အိန္ဒိယ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိတို့ ပါဝင်ပါသည်။ သီရိလင်္ကာ ကာကွယ်ရေးဝန်ကြီး Weeratunga နှင့် သမ္မတ၏ အထက်တန်း အကြံပေးအရာရှိ Rajapakse တို့သည် သီရိလင်္ကာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ အိန္ဒိယခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး ရန် ယခုရက်သတ္တပတ်အစောပိုင်းက နယူးဒေလီသို့ သွားရောက်ခဲ့ကြပါသည်။ အရှေ့ပိုင်းပြ ည်နယ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံမြောက်ပိုင်းတွင် ဆန့်ကျင်တိုက်ခိုက်သော တမီးလ်ကျားသူပုန်များအား သီရိလင်္ကာ စစ်ဘက်မှ စစ်ဆင်နေမှုများနှင့် ပတ်သက်၍ အစိုးရ၏ အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သီရိလင်္ကာ အရာရှိများကပြောကြားခဲ့ပါသည်။ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ သဘောတူ ညီမှုတစ်ရပ် ရရှိရေး တွေ့ဆုံဆွေးနွေးမှုများကို ၂၀၀၃ ခုနှစ်မှ စတင်ခဲ့ကြပါသည်။ သို့သော် အဆိုပါ သဘောတူညီချက်သည် နှစ်နိုင်ငံအကြားကျဥ်းမြောင်းသည့် ပင်လယ်ရေကြောင်းဖြစ်သော Palkရေလက် ကြားတစ်လျှောက် LTTE သူပုန်များ၏ လှုပ်ရှား ဆောင်ရွက်မှုများအား တားဆီးကာကွယ်ရန် နှစ်နိုင်ငံ ရေတပ်ဖွဲ့များ ပူးတွဲကင်းလှည့်ကြရေး သီရိလင်္ကာနိုင်ငံ၏ တောင်းဆိုမှုကိစ္စအား အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ဦးမည်မဟုတ်ပေ။ LTTE အဖွဲ့သည် နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် အများစု နေထိုင်ကြသော တမီးလ်လူမျိုး များအတွက် သီးခြားခွဲထက်၍ နိုင်ငံထူထောင်ရန် ၁၉၈၀ ခုနှစ်၊ နှစ်လယ် ကတည်းက သီရိလင်္ကာအစိုးရအား ဆန့်ကျင်တိုက်ခိုက်နေခြင်း ဖြစ်ပါသည်။

၆။ စက်တင်ဘာလ ၁ ရက်နေ့ တွင် စတင်မည့် ၅ ရက်ကြာ စစ်ရေးလေ့ကျင့်မှု၌ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ စင်္ကာပူနှင့် အမေရိကန် နိုင်ငံမှ စစ်သင်္ဘော ၂၅ စီးပါဝင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ စစ်သင်္ဘော ၂၅ စီးတွင် အမေရိကန်၏ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ၂ စီး ပါဝင်မည် ဖြစ်ကြောင်း သိရှိရပါသည်။ အိန္ဒိယသည် အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်တို့နှင့် ပါ ဝင်ဆင်နွှဲမည့်စစ်ရေး လေ့ကျင့်မှုသည် မဟာဗျူဟာ လုံ ခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ဦးတည်သည့် အရေးကြီးသောအဆင့် ဖြစ်နိုင်ကြောင်း၊ အဆိုပါ စစ်ရေး လေ့ကျင့်မှုအား အိန္ဒိယကွန်မြူနစ်ပါတီ (Marxist)မှ စက်တင်ဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့ထိ နိုင်ငံအနှံ့ ဆန့်ကျင်ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုအား Visakhapatnam ရေတပ် ဌာနချုပ်၊ အိန္ဒိယ၏ Andaman နှင့် Nicobar ကျွန်းစုများအကြား၌ လေ့ကျင့်မှုပြုလုပ်သွားမည် ဖြစ်ကြောင်း၊ Nicobar ကျွန်းစုသည် ပြည်မနှင့် ကီလိုမီတာ ၁၀၀၀ ကျော်ဝေးပြီး ကျွန်းစုပေါင်း ၅၀၀ ကျော် ရှိကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယကွန်မြူနစ် အဖွဲ့သည် အမေရိကန်နှင့် မဟာဗျူဟာအရ ဆက်ဆံရေးပေါ် နှစ်မြို့မှုမရှိကြောင်း၊ နျူကလီးယား သဘောတူညီမှုသည် အိန္ဒိယနိုင်ငံ၏ အချုပ်အခြာ အာဏာအား ခြိမ်းခြောက်နေကြောင်း အထူးသဖြင့် ၎င်း၏ နျူကလီးယားလက်နက်အစီအစဉ် ဖွံ့ဖြိုး တိုးတက်မှုကို ဆက်လက်လုပ်ဆောင်နေမှုမှာ ထင်ရှားနေကြောင်း သတင်း၌ ဖော်ပြထားပါသည်။

၇။ ပြီးခဲ့သည့်လက အကြမ်းဖက် ဗုံးဖောက်ခွဲခံရသည့်အတွက် အထိတ်တလန့်ဖြစ်နေသော အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ နည်းပညာအဆင့်မြင့်မားသည့် Hyderabad မြို့တွင် ရဲများသည် ၎င်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်အ တွင်းသို့ စစ်ဝတ်စုံများ ဝတ်ဆင်လျက် လူ (၄)ဦးဝင်ရောက်ရန် ကြိုးပမ်းမှု အား စုံစမ်းစစ်ဆေးနေကြောင်း Press Trust of India (PTI)သတင်းဌာနမှ အောက်တိုဘာလ ၁၁ ရက်နေ့ တွင်ပြောကြားခဲ့သည်။ Hyderabad မြို့သည် လွန်ခဲ့သည့် ၆ လ ခန့်က ဗုံးပေါက်ကွဲမှုများ အစဉ်လိုက် ဖြစ်ပွားခဲ့သဖြင့် မြင့်မားသောသတိပေးမှုများ ပြုလုပ်ထားသည့် ပြည်နယ်တစ်ခု ဖြစ်သည်။

၈။ **သုံးသပ်ချက်**။ တင်ပြပါကာလအတွင်း အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည်ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် အစီအစဉ် နှောင့်နှေးကြန့်ကြာမှုရှိနေရာမှ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တရုတ်နိုင်ငံ အနောက် တောင်ပိုင်းရှိ ကူမင်းမြို့၌ ၎င်းတို့၏ "လက်တွဲညီညီ ၂၀၀၇"အမည်ရှိ ပထမဆုံးသော စစ်ရေးလေ့ကျင့်မှု ကို ပြုလုပ်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာ့လူ ဦးရေအများဆုံး ၂ နိုင်ငံဖြစ်ပြီး အာရှဒေသ အင်အားကြီး ဖွံ့ဖြိုးဆဲနိုင်ငံ ၂ ခု ဖြစ်သော အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ယခုကဲ့သို့ ပူးတွဲစစ်ရေး လေ့ကျင့်မှု ပြုလုပ်ခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်းနှင့် အာရှဒေသတွင် တရုတ်၊ အိန္ဒိယနှင့် ရုရှား

သုံးနိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ထူထောင်နိုင်ကြပါက အာရှဒေသလုံခြုံရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ကို ယခုထက်ပို၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ဖွယ်ရှိကြောင်း လေ့လာ သုံးသပ်ရပါသည်။

၉။ ဘူတန်နိုင်ငံအတွင်း တရုတ်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်လာသည် ဆိုသည့် သတင်းများ ထွက်ပေါ်နေသည့် ကာလအတွင်း အိန္ဒိယတပ်မတော်သည် အိန္ဒိယ၊ ဘူတန်နှင့် တရုတ် ၃ နိုင်ငံဆုံရာအနီးရှိ တရုတ် -အိန္ဒိယနယ်စပ်ဒေသသို့ တပ်ဖွဲ့ဝင် ၆၀၀၀ ကျော် စေလွှတ်ထားကြောင်း လေ့လာသိရှိရသော်လည်း အဆိုပါ တပ်ဖွဲ့ဝင်များမှာ ၂၀၀၁ ခုနှစ် Parakaram စစ်ဆင်ရေးကာလအတွင်းက ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးတာဝန်များအတွက် စေလွှတ်ထားသော Kalinpong အခြေစိုက်အမှတ် (၂၇)တောင်ပေါ်တပ်မ၏ တပ်ဖွဲ့များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နယ်နိမိတ်ပိုင်ဆိုင်ရေး နိုင်ငံများအကြား အငြင်းပွားမှုများကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများအပြင် လိုအပ်ပါက အချိန်ယူ၍ စေ့စပ်ညှိနှိုင်း တိုင်ပင်မှုများဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်ရပါသည်။

၁၀။ အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၆၀၀၀ အကွာအဝေးထိ ပစ်ခတ်နိုင်သော Agni IV ဒုံးဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဒုံးသည် ပါကစ္စတန်နိုင်ငံရှိ လက်နက်စက်ရုံများနှင့် တရုတ်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းရှိ ဘေဂျင်းနှင့် ရှန်ဟိုင်းမြို့များရှိပစ်မှတ်များကိုလည်း ထိရောက်စွာ ပစ်ခတ်နိုင်စွမ်းရှိကြောင်း လေ့လာသိရှိရပါသည်။ Agni IV ဒုံးအစီအစဥ်အား အကောင်အထည်မဖော်မီ အိန္ဒိယသည် ကီလိုမီတာ ၁၀၀၀၀ ကျော်ထိပစ်ခတ်နိုင်သော Surya အမည်ရှိ ICBM ဒုံးဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စဥ်းစားခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အိန္ဒိယနိုင်ငံသည် အနောက်နိုင်ငံကြီးများအပြင် တရုတ်နိုင်ငံကဲ့သို့ ၎င်းတို့၏ ဒုံးလက်နက်များကို အဝေးဆုံးအကွာအဝေးထိပစ်ခတ်နိုင်ရေးတစ်စတစ်စ ကြိုးပမ်းလုပ်ဆောင်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

၁၁။ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးတွဲ ကော်မတီတစ်ရပ် ထူထောင်ကြမည်ဖြစ်ကြောင်းနှင့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ရရှိရေး တွေ့ဆုံဆွေးနွေးမှုများကို ၂၀၀၃ ခုနှစ်မှ စ တင်ခဲ့ကြကြောင်း၊ LTTE အဖွဲ့သည် နိုင်ငံ၏ မြောက်ပိုင်း နှင့် အရှေ့ပိုင်းတွင် အဓိကနေထိုင်ကြသည့် တမီးလ်လူမျိုးများအတွက် သီးခြား ခွဲထွက်၍ နိုင်ငံထူထောင်ရန် ၁၉၈၀ ခုနှစ်ကတည်းက သီရိလင်္ကာအစိုးရကို ဆန့်ကျင် တိုက်ခိုက်နေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့ ယခုကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးတွဲကော်မတီတစ်ရပ် ထူထောင်နိုင်ခြင်းသည် တမီးလ်ကျားသူပုန်များ နှိမ်နင်းရေးတွင် သီရိလင်္ကာအစိုးရအတွက် တစ်စုံတစ်ရာသော အထောက်အပံ့များကို ရရှိစေနိုင်ဖွယ်ရှိကြောင်း လေ့လာ သုံးသပ်ရပါသည်။

၁၂။ ဩဂုတ်လအတွင်းက အ ကြမ်းဖက်ဗုံးဖောက်ခွဲခံရသည့် အတွက် အထိတ်တလန့်ဖြစ်နေသော အိန္ဒိယတောင်ပိုင်းရှိ နည်းပညာဖွံ့ဖြိုးသော Hyderabad မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ စစ်ဝတ်စုံဝတ်ဆင်လျက် လူ ၄ ဦး ဝင်ရောက်ရန် ကြိုးပမ်းမှုအား ရဲတပ်ဖွဲ့များက စုံစမ်းစစ်ဆေးနေကြောင်း လေ့လာသိရှိရပါသည်။ အကြမ်းဖက်သမားများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရေး နည်းမျိုးစုံအသုံးချ၍ လုပ်ဆောင်နေမှုကြောင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို တားဆီး ကာကွယ်နှိမ်နင်းရေးတွင် အာဏာပိုင် အဖွဲ့အစည်းများအပြင် တစ်နိုင်ငံနှင့် . တစ်နိုင်ငံ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်မှုနှင့် . ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း လေ့လာသုံးသပ်ရပါသည်။